# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၄) ရက် ၊ သောကြာနေ့ ၊ (1-12-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၁၅)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ပြည့်စွက်ခွင့်ပြုငွေစာရင်းများတင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြား





ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ပြည့်စွက်ခွင့်ပြုငွေစာရင်းများတင်ပြခြင်းဆိုင်ရာညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ပြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ

စာမျက်နှာ ၁၈ ကော်လံ ၁ ➡


ASEAN TOURISM AWARDS(2022)၏ ASEAN MICE Venue Standardတွင် Exhibition Venue Awardရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် ရတနာပုံ ခန်းမ

ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊
ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊
အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊
နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ပဒေသာကပွဲ၊ ဂီတဖျော်ဖြေပွဲများ၊
အလှမာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

(၇၈)လမ်းနှင့် (၃၀)လမ်းထောင့်
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့







ရတနာပုံ
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်
အယ်ဒီတာ့အာဘော်

# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

ဒီဇင်ဘာ ၁ ရက်(ယနေ့)သည် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားများကို နှစ်စဉ် ဒီဇင်ဘာ ၁ ရက်နေ့တွင် ကမ္ဘာတစ်ဝန်းလုံး၌ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရန်၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အိတ်ချ်အိုင်ဗွီရောဂါပိုးရှိသူများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်၍ ခုခံအားကျဆင်းမှုကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ လုံးဝကင်းစင်ပပျောက်သွားသည်ထိ ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်သွားရန်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

၁၉၈၀ ပြည့်လွန်နှစ်များမှစတင်၍ သတိပြုမိလာသော အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါပြဿနာသည် ယနေ့အချိန်ထိ လူထုကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပါသည်။ ကုလသမဂ္ဂ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ပူးပေါင်းအစီအစဉ် **(UNAIDS)** က ၂၀၃၀ ပြည့်နှစ်တွင် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါကို ကပ်ရောဂါအသွင်အဖြစ် တည်ရှိနေခြင်းမှ အဆုံးသတ်ရန် ရည်မှန်းချက်နှင့် နည်းဗျူဟာများ ချမှတ်ထားပြီးဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုခံကျ၊ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်သည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၂၅)ကို ရေးဆွဲ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ၎င်းအမျိုးသားမဟာဗျူဟာစီမံကိန်း အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးရည်မှန်းချက်မှတ်တိုင်သုံးခုထား၍ **UNAIDS** က ချမှတ်ထားသည့် နည်းဗျူဟာနှင့်အညီ ရေးဆွဲထားခြင်းဖြစ်သည်။ ရည်မှန်းချက်မှတ်တိုင်(၁)အနေဖြင့် အိတ်ချ်အိုင်ဗွီရောဂါပိုးနှင့် ရှင်သန်နေထိုင်သူများ၏ ၉၅ ရာခိုင်နှုန်းသည် မိမိတို့ပိုးရှိနေကြောင်း သိရှိနိုင်ရန်ဖြစ်ပြီး မှတ်တိုင် (၂)အနေဖြင့် အိတ်ချ်အိုင်ဗွီရောဂါပိုးရှိကြောင်း စစ်ဆေးသိရှိထားသူများ၏ ၉၅ ရာခိုင်နှုန်း ဆေးဝါးကုသမှု ရရှိနိုင်ရန်ဖြစ်သည်။ မှတ်တိုင် (၃)အနေဖြင့် အေအာတီဆေးသောက်သုံးနေသူများ၏ ၉၅ ရာခိုင်နှုန်းသည် သွေးအတွင်းတွင် အိတ်ချ်အိုင်ဗွီရောဂါပိုးကောင်ရေကို ထိန်းချုပ်ထားနိုင်ရန်တို့ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်၌ ရောဂါအသစ်ကူးစက်ခံရမှုအနေဖြင့် အမြင့်ဆုံးဖြစ်ခဲ့ပြီး အသစ်ရောဂါကူးစက်ခံရသူဦးရေ ၃၀၀၀၀ ခန့်ရှိခဲ့ရာမှ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့မှုကြောင့် ၂၀၂၁ ခုနှစ်တွင် အသစ်ရောဂါကူးစက်ခံရသူဦးရေ ၁၁၀၀၀ ခန့်ထိ ကျဆင်းလာသည်ကို တွေ့ရသည်။ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါသည် မူးယစ်ဆေး အကြောထဲ ထိုးသွင်းသူများ၊ အမျိုးသားချင်း ချစ်ခင်စုံမက်သူများ၊ အမျိုးသမီး လိင်လုပ်သမများနှင့် ၎င်းတို့၏ လိင်ဆက်ဆံဖော်များအကြားတွင် ကူးစက်ခံရမှုမြင့်မားနေကြောင်း တွေ့ရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကင်းဝေးသော အနာဂတ်ကို ဖော်ဆောင်ရန် အမျိုးသားမဟာဗျူဟာစီမံကိန်းအရ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးအသွင်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့်လည်း အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွင် ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်က နွေစပါးစိုက်ပျိုးရန် အသင်းသားတောင်သူများကို ငွေကျပ် သိန်း ၉၂၀ ထုတ်ချေးမည်



ယခင်နှစ်က နွေစပါးစိုက်ခင်းကို တွေ့ရစဉ်။

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်နှစ်မြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရန် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်အနေဖြင့် ငွေကျပ်သိန်း ၉၂၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်အနေဖြင့် နွေစပါးစိုက်ပျိုးရန် မြို့နယ်နှစ်မြို့နယ်ရှိ သမဝါယမအသင်း ရှစ်သင်း၊ အသင်းသားတောင်သူ ၁၀၈ ဦး၊ နွေစပါးစိုက်ဧက ၄၆၀ အတွက် ချေးငွေများကို ဒီဇင်ဘာလကုန်မှစ၍ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က သမဝါယမအသင်းသား တောင်သူတွေကို နွေစပါးစိုက်ပျိုးနိုင်ဖို့အတွက် ချေးငွေတွေထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်။ တောင်သူ ၁၀၈ ယောက်အတွက်ပါ။ တစ်ဧကကို ငွေကျပ် ၂၀၀၀၀၀ နှုန်းနဲ့ညီမျှတဲ့ တောင်သူတွေလိုအပ်တဲ့ မျိုးတွေ၊ သွင်းအားစုတွေကို ထုတ်ပေးသွားမှာပါ။ တောင်သူတွေအနေနဲ့ ပံ့ပိုးပေးတာနဲ့အညီ နွေစပါးစိုက်ဧကတွေမှာ မှန်မှန်ကန်ကန် ထိထိရောက်ရောက်သုံးစွဲဖို့လိုပါတယ်။ စိုက်ပျိုးသွားမဲ့ မျိုးစပါးတွေကတော့ မနောသုခမျိုးတွေ စိုက်ပျိုးသွားမှာပါ။ အတိုးနှုန်းကတော့ ငွေကျပ် ၁၀၀ ကို တစ်ကျပ်နဲ့ ၂၅ ပြားနှုန်းဖြစ်ပါတယ်။ ခြောက်လတစ်ကြိမ် အတိုးကောက်မယ်။ တစ်နှစ်ပြည့်ရင်တော့ အရင်းအတိုးပြန်ကောက်သွားမှာပါ"ဟု ဦးလှိုင်မိုးက ပြောပြသည်။

ထိုသို့ ထုတ်ချေးပေးမည့် မြို့နယ် နှစ်မြို့နယ်မှာ စဉ့်ကူးမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း မတ်ပဲများ စတင်ဝင်ရောက်လာပြီး အရောင်းအဝယ် ကောင်းလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေး ဈေးကွက်အတွင်း မတ်ပဲများ စတင်ဝင်ရောက်လာပြီး အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြ၍ သိရသည်။

အဆိုပါ မတ်ပဲမှာ မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာလနောက်ဆုံးပတ်မှစ၍ ဝင်ရောက်လာပြီး အရည်အသွေးလည်း ကောင်းမွန်လျက်ရှိကြောင်း၊ မတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မတ်ပဲအသစ်တွေက နိုဝင်ဘာလ နောက်ဆုံးပတ်ကစပြီး မန္တလေးဈေးကွက်ကို စတင်ဝင်ရောက်နေတာပါ။ ဒီနှစ်မှာ အရည်အသွေးကောင်းမွန်တဲ့ မတ်ပဲတွေ ဝင်ရောက်လာတာပါ။ ဒီနှစ်က စတင်ထွက်ရှိကတည်းက အရောင်းအဝယ်တွေ ကောင်းနေတာပါ။ မတ်ပဲက ဒီနှစ်မှာ ပိုးမွှားလဲဖျက်ဆီးမှုမရှိလို့ အထွက်နှုန်းကောင်းတယ်။ မတ်ပဲက အထက်ပိုင်းဒေသတွေမှာ သီးထပ်အနေနဲ့စိုက်ပျိုးလို့ရတယ်။ အောက်ပိုင်းဒေသတွေမှာတော့ ဆောင်းသီးနှံအနေနဲ့တစ်နှစ်ကို တစ်ရာသီပဲစိုက်တယ်။ မတ်ပဲကို အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယက အဓိကထားဝယ်ယူပါတယ်။ မတ်ပဲက ပြည်ပပို့ကုန်သီးနှံတွေထဲမှာ ဝင်ငွေအများဆုံးရရှိတဲ့ သီးနှံဖြစ်ပါတယ်" ဟု ဦးစိုးဝင်းမြင့်က ပြောပြသည်။

လက်ရှိ မန္တလေးဈေးကွက်သို့ မတ္တရာ၊ စဉ့်ကူးနယ်တို့မှ မတ်ပဲများ စတင်ဝင်ရောက်လာကြောင်း၊ မုံရွာ၊ ရွှေဘို၊ ပခုက္ကူ၊ မြင်းခြံဒေသတို့မှလည်း မကြာမီလှိုင်လှိုင်ထွက်ရှိလာတော့မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးကားဈေးကွက်တွင် မော်ဒယ်မြင့်ဘယ်မောင်းကားနှင့် တန်ဖိုးမြင့်ကားများ အရောင်းအဝယ်အေးနေသော်လည်း ဈေးနှုန်းအသင့်အတင့်ရှိသော ကားအမျိုးအစားများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ လမ်း ၆၀ ကားဝိုင်းအတွင်းမှ သိရသည်။

ထို့ပြင် လျှပ်စစ်သုံးကား (EV) များကို စိတ်ဝင်စားမှုမြင့်တက်နေသော်လည်း အရောင်းအဝယ်အေးပြီး ငွေကျပ်သိန်း ၁၅၀၀ ခန့်ပေါက်ဈေးရှိကြောင်း၊ ပြည်တွင်းတပ်ဆင်ထုတ်လုပ်သော SKD ကားများတွင်လည်း ငွေကျပ်သိန်း ၁၀၀၀ ခန့်ထိရှိခဲ့ရာမှ ယခုအခါ ဈေးနှုန်းများ ကျဆင်းလာကြောင်း သိရသည်။

ယခုအခါ ငွေကျပ်သိန်း ၅၀၀ အောက် MDY လိုင်စင်ကားဟောင်းများ အရောင်းအဝယ်ပုံမှန်ဖြစ်နေပြီး မန္တလေးအကြိုက် ကားမျိုးများဖြစ်သည့် ဟွန်ဒါဖစ်၊ ဟွန်ဒါအင်ဆိုက်၊ တိုယိုတာဗစ်၊ မာစတာဒီမီယို၊ ဗုစ်ရှိစသည့် ကားများ ပို၍အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဗုစ်ရှိအမျိုးအစားများတွင်လည်း ငွေကျပ်သိန်း ၃၅၀ ခန့်ဈေးတန်းရှိကားများ ပို၍ အရောင်းအဝယ်ဖြစ်နေပြီး နံပါတ်ထွက်ပြီးသား အယ်လ်ဖတ်၊ ကလူဂါ၊ ကရောင်းနှင့် ရွှေငါးမော့ခ်တူးများလည်း အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့်ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ် ပြန်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများအရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထို့ပြင် လျှပ်စစ်သုံးဆိုင်ကယ် (EV) ဘီးများ လူကြိုက်များလာပြီး ဝယ်ယူမှုများနေကာ ကုမ္ပဏီအမျိုးအစားပေါ်မူတည်၍ အနည်းဆုံး ငွေကျပ် ၁၆ သိန်း ၅ သောင်းမှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၇ သိန်းမှ ၁၃ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၉ သောင်းမှ ၁၅ သိန်းခန့်ထိရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံထုတ် Click(ပုံပြောင်း) ဒလက်ဘီး ၂၀၁၉ မော်ဒယ်များမှာ ငွေကျပ် ၂၈ သိန်း ၅သောင်းမှ ၃၅သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ ခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ်၃၈သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄ သိန်းမှ ၁၇ သိန်းခန့်ဈေးရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြိတ်မြို့နယ် ကန်သာယာကျေးရွာ၌ မြေသားလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြိတ် နိုဝင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကန်သာယာကျေးရွာ၌ ကျေးရွာတွင်း မြေသားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကန်သာယာကျေးရွာ၌ ကျေးရွာတွင်း မြေသားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် အင်မော်ကျေးရွာအုပ်စု ကန်သာယာကျေးရွာ၌ အရှည်ပေ ၃၇၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျေးရွာတွင်းမြေသားလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာ ၂၅ ရက်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ၂၀ ရာခိုင်နှုန်းကျော်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပါက ကန်သာယာကျေးရွာရှိ အိမ်ခြေ ၁၉၅ အိမ်မှ လူဦးရေ ၁၀၄၀ တို့ သွားလာရေး လွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

**ကိုညီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၂၈ လမ်း-၂၉ လမ်းကြား၊ လမ်း ၈၀-၈၁ လမ်းကြားနေ ဒေါက်တာခိုင်မိုးပွင့်က မိဘများအားအမှူးထား၍ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၃၇၉၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၃၇၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ပဲတီစိမ်း ၁၈၀၁၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၇၉၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း ပဲတီစိမ်းဧက ၁၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ပဲတီစိမ်းဧက ၁၃၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ ပဲတီစိမ်းကိုလျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ပဲတီစိမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းပဲတီစိမ်းကို မြို့နယ်အလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကနီမြို့နယ်တွင် ၅၀၉၅ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၈၇၀၀ စုစုပေါင်း ၁၃၇၉၅ ဧကတို့ဖြစ်ပြီး ပဲတီစိမ်းစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၁၅၃၀၊ ကနီမြို့နယ်တွင် ၇၄၈၁ ဧက၊ ပုလဲမြို့နယ်တွင် ၉၀၀၃ ဧက စုစုပေါင်း ၁၈၀၁၄ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဆင်ပေါင်ဝဲမြို့နယ် ထူးပေါက်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ထူးပေါက်ကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် တာဝန်ရှိများက လမ်းကော်မတီဝင်များနှင့်အတူ ထူးပေါက်ကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့စေရေး ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထူးပေါက်ကျေးရွာ၌ အရှည်ပေ ၇၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုရန်ပုံငွေကျပ် ၁၅ သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၃ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ပြောပြ၍ သိရသည်။

**ငြိမ်းသူ(စလင်း)**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက ငါးခေါင်းပွ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ပန်းတနော် နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက ငါးခေါင်းပွပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်အေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ငါးခေါင်းပွပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး အောက်တိုဘာလအတွင်းက ငါးခေါင်းပွပိဿာချိန် ၇၅၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးခေါင်းပွများအပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့လ ပထမပတ်လောက်ကနေ ငါးခေါင်းပွတွေ တင်ပို့မှု အားကောင်းလာတာပါ။ ပြည်တွင်းမှာကို ငါးခေါင်းပွကဝယ်ယူအားများနေလို့ ဈေးကောင်းရရှိနေတာပါ။ စက်တင်ဘာလကထက် အောက်တိုဘာလအတွင်း ပိဿာချိန် ၃၀၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ငါးခေါင်းပွတွေ ဝယ်ယူမှုအားကောင်းလာတာကြောင့် ငါးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်အေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်လာကြောင်း ဒေါ်ခင်ခင်အေးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# မိမိကိုယ်ကို အဆုံးစီရင်မှုသတင်းများကပေးတဲ့ သံဝေဂနဲ့ အသိသတိ

မောင်မြင့်မိုးသူ(ကြို့ပင်ကောက်)

ကျွန်တော့်မိတ်ဆွေတစ်ဦး၏သား မောင်းလာသော ကားရှေ့သို့ လူတစ်ဦးပြေးဝင်လာပြီး ကားအတိုက်ခံကာ သေကြောင်းကြံစည်မှုဖြစ်ပွားခဲ့ရာ ကျွန်တော့်မိတ်ဆွေမိသားစု ထိတ်ထိတ်ပျာပျာခံစားခဲ့ကြရသည်။ ဘေးကားများကလည်း သက်သေခံ၊ ကာယကံရှင်ကလည်း "စိတ်ညစ်ပြီးသေချင်လို့ ကားရှေ့ပြေးဝင်တာပါ"ဟု ဝန်ခံခဲ့သောကြောင့် ယာဉ်တိုက်မှုက လွတ်မြောက်ခဲ့သော်လည်း မိတ်ဆွေ၏သားမှာ ကားမောင်းရန် ကြောက်ရွံ့နေပါတော့သည်။

"ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်"သူက အခြားသူများကို ပြစ်မှုထဲဆွဲထည့်နေသည်ကို မည်သူကမျှ လက်မခံကြပေ။

"ကမ္ဘာတစ်ဝန်း၌ နှစ်စဉ် လူပေါင်းခုနစ်သိန်းထက်မနည်း မိမိကိုယ်ကိုအဆုံးစီရင်နေပြီး အဆုံးစီရင်မှုတစ်ခုစီတွင် အဆုံးစီရင်ရန်ကြိုးပမ်းမှုပေါင်း အကြိမ် ၂၀ ကျော်ခန့်ရှိကြောင်း၊ မိမိကိုယ်ကို အဆုံးစီရင်ခြင်းသည် ဘဝတစ်လျှောက် မည်သည့်အသက်အရွယ်မဆိုဖြစ်ပွားနိုင်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် တစ်ကမ္ဘာလုံး၌ အသက် ၁၅ နှစ်မှ ၂၉ နှစ်အရွယ်ကြားသေဆုံးမှုတွင် စတုတ္ထမြောက်အကြောင်းရင်းဖြစ်ကြောင်း၊ ကမ္ဘာ့ဒေသအားလုံးတွင်ဖြစ်ပွားသော်လည်း ကမ္ဘာလုံးဆိုင်ရာသတ်သေမှု၏ ၇၇ ရာခိုင်နှုန်းသည် ဝင်ငွေနည်းပါးသောနိုင်ငံနှင့် အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံများတွင် ဖြစ်ပွားကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိ လူရှစ်သောင်းလျှင် တစ်ဦး သို့မဟုတ် သန်း ၉၇၀ သည် စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုဖြင့် နေထိုင်ကြရကြောင်း၊ ထိုသူများ၏ မိမိကိုယ်ကိုအဆုံးစီရင်မှုသည် သေဆုံးသူဦးရေ ၁၀၀ တွင် တစ်ဦး၊ အသက်(၅၀)အရွယ်မတိုင်မီ ကိုယ့်ကိုယ်ကိုယ်သတ်သေမှု၏ ၅၈ ရာခိုင်နှုန်းရှိသည်ဟုဆိုကြောင်း WHO Myanmar က ကမ္ဘာလုံးဆိုင်ရာသတ်သေမှု (ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်မှု) အခြေအနေထုတ်ပြန်ချက်ကို ဖော်ပြသုံးသပ်ခဲ့သည်။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ထုတ် **"ခံတော်ချိန်နေ့စဉ်ထုတ်သတင်းစာ"**၏ **"လူ့ဘဝကို အရှုံးပေးသူများ"**အယ်ဒီတာ့အာဘော်တွင်လည်း-

"၂၀၂၂ ခုနှစ် ဩဂုတ် ၂၉ ရက်နေ့က အမျိုးသားတစ်ဦး အင်းလျားကန်ထဲသို့ခုန်ချကာ အဆုံးစီရင်သွားခဲ့ကြောင်း၊ ထိုနေ့တစ်နေ့တည်းမှာပင် ရွှေပြည်သာမြို့နယ်တွင်နေထိုင်သူ အသက်(၂၂)နှစ်အရွယ် လူငယ်တစ်ဦး ညပိုင်းတွင် ကြိုးဆွဲချကာသတ်သေခဲ့ကြောင်း၊ ထိုနေ့ညပိုင်းတွင်ပင် မော်လမြိုင်မြို့ သိရိမြိုင်ရပ်ကွက် (၁၉)လမ်းနေ အမျိုးသားတစ်ဦးကြိုးဆွဲချကာ အဆုံးစီရင်သွားကြောင်း၊ ဩဂုတ် ၂၅ ရက်ကလည်း အသက်(၅၀)ကျော်အရွယ်ရှိ အမျိုးသားတစ်ဦး ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ လူကူးခုံးတံတားပေါ်မှ ခုန်ချကာ သတ်သေရန်ကြိုးပမ်းခဲ့ကြောင်း၊ ဩဂုတ်လအတွင်း သထုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့၌လည်း ကြိုးဆွဲချကာ အဆုံးစီရင်မှုဖြစ်စဉ်များရှိခဲ့ကြောင်း၊ ထိုနှစ် ဩဂုတ်လပိုင်းအတွင်း ဒေသအချို့၌ မိမိကိုယ်ကို အဆုံးစီရင်မှုများ၊ သေကြောင်းကြံစည်မှုများ ခပ်စိတ်စိတ်ဖြစ်နေကြောင်းကြားသိနေသည်မှာ စိတ်မချမ်းမြေ့ဖွယ်ကိစ္စဖြစ်ကြောင်း"။

"ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ နောက်ဆုံးထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းတွင် (၄၅)စက္ကန့်တိုင်း လူတစ်ဦးသတ်သေနေပြီး တစ်နှစ်လျှင် လူဦးရေ ၇၀၃၀၀၀ ခန့်ရှိနေကြောင်း၊ ၎င်းပမာဏသည် စစ်ပွဲများကြောင့် သေဆုံးခဲ့ရသောအရေအတွက်ထက်ပိုမိုများပြားနေကြောင်း၊ မြန်မာနိုင်ငံသည်လည်း ၂၀၂၀ ပြည့်နှစ်တွင် ထုတ်ပြန်ခဲ့သော (WHO)၏ အချက်အလက်များအရ အဆိုပါနှစ်အတွင်း ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်သူ စုစုပေါင်း ၁၅၆၅ ဦးရှိခဲ့ပြီး ကမ္ဘာပေါ်တွင် အဆင့်(၁၆၂)ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အဆိုပါအယ်ဒီတာ့အာဘော်ထဲတွင်ပင် ဆက်လက်သုံးသပ်ထားရာ "သေကြောင်းကြံစည်မှုများသည် တိုင်းပြည်၏ဆင်းရဲမှု၊ လူမှုပဋိပက္ခဖြစ်ပေါ်နေမှု၊ ပညာရေးနိမ့်ပါးမှုတို့နှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိကြောင်း၊ အထူးသဖြင့် ကိုဗစ်ရောဂါ၏နောက်ဆက်တွဲ ဖြစ်ပေါ်လာသည့် အလုပ်လက်မဲ့ဖြစ်မှု၊ စားဝတ်နေရေးကျပ်တည်းမှုနှင့် စီးပွားရေးဘဝမလုံခြုံမှုတို့သည် သေကြောင်းကြံစည်မှုတို့အတွက် တွန်းအားတစ်ခုဖြစ်ခဲ့ကြောင်း သုံးသပ်ချက်ကလည်း ဓမ္မဓိဋ္ဌာန်ကျပြီး မှန်ကန်ထိမိလှသည်။

ဟိုး... ရှေးတုန်းက ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်မှုများကို တွေ့ကြုံကြားသိရခဲ ဖြစ်ပွားမှုနည်းပါးလွန်းနေသောကြောင့် ဖြစ်ခေါင့်ဖြစ်ခဲ၊ ဖြစ်ရပ်ဆန်းအဖြစ်၊ အံ့ဩဘနန်း ခံစားခဲ့ကြရသည်။

ထို့ပြင် ယခင်က ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခဲ့ကြသူများထဲတွင် ဆင်ခြင်စဉ်းစားဉာဏ်ကင်းမဲ့ကြသော မိုက်ရူးရဲလူငယ်များ၊ ရောဂါဝေဒနာဖိစီးမှုဒဏ်ကို ခံစားရများပြားလွန်းလာသောကြောင့် ဖြစ်ချင်ရာဖြစ် ထွက်ပေါက်ရှာသည့်ဆန္ဒဇောဖြင့် ဘဝဇာတ်သိမ်းလိုကြသူများ၊ စိတ်ရောဂါဝေဒနာရှင်များ၊ အရက်ကြောင် ကြောင်နေကြသူများ၊ မူးယစ်ဆေးစွဲနေကြသူများ၊ မျက်ကန်းတစ္ဆေမကြောက်၊ အသိဉာဏ်ဦးနှောက်ကင်းမဲ့နေကြသောချစ်လူမိုက်ကလေးများ၊ ဆင်းရဲကျပ်တည်းငတ်ပြတ်လွန်းသဖြင့် ကြံရာမရဖြစ်ပြီး သေမထူးနေမထူးခံယူထားကြသူများသာ ထိုပြစ်မှုများကို ကျူးလွန်ခဲ့ကြသည်။

ယခုအချိန်တွင် ခေတ်ပညာတတ်၊ ချမ်းသာပြည့်စုံသူ၊ အရွယ်ရလူကြီးများ၊ လူဝင်ဆံ့လူကုံထံများ၊ ပြည်ပခြေသည်၊ နိုင်ငံခြားသားများပါ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်လာကြသည်။

မှုခင်းဂျာနယ်များတွင်လည်း ကြိုးဆွဲချသေဆုံးမှုသတင်းများက အများဆုံးပါရှိခဲ့ကြသည်။ ပေါင်းတည်မြို့နယ်၌ ချစ်သူကအဆက်ဖြတ်သောကြောင့် ပုဆိုးဖြင့် ကြိုးဆွဲချသေဆုံးသူ အမျိုးသား။ ထို့ကြောင့် သူ့ချစ်သူမိန်းကလေးကလည်း ရေတွင်းထဲခုန်ချသေဆုံးခဲ့သောဖြစ်ရပ်။ ကြွေးမဆပ်နိုင်သည့်အပြင် ရောဂါသည်နှင့် ထောင်ကျနေသူအတွက် ရတက်မအေး၊ စိတ်ဒုက္ခပေးနေသောကြောင့် ကြိုးဆွဲချသေဆုံးသွားခဲ့သော ဒလမှ အမျိုးသမီး၏ဖြစ်ရပ်။ စာကြိုးစားရန် ဆုံးမခြင်းခံရသည့်အတွက် ကြိုးဆွဲချသေဆုံးသွားခဲ့သော ကျောင်းသူလေး၏ဖြစ်ရပ်။ လပတ်စာမေးပွဲကျသဖြင့် ကြိုးဆွဲချသေဆုံးသွားသော ကျောင်းသားလေး၏ဖြစ်ရပ်။ လိင်တူချင်းကြိုက်ပြီး သဘောထားမတိုက်ဆိုင်သဖြင့် ကြိုးဆွဲချသေဆုံးကြသူများ၏ဖြစ်ရပ်။ အကြောင်းအမျိုးမျိုးပြကြကာ ကြိုးဆွဲချသေကြောင်းကြံစည်မှုများကား နေရာအနှံ့အပြားတွင် အလွန်ပင်များပြားခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကြိုးဆွဲချသေဆုံးမှု၊ ၂၀၁၁ ခုနှစ်က ၁၁၂ မှု၊ ၂၀၁၂ ခုနှစ်က ၁၂၀ မှု ဖြစ်ပွားခဲ့ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှု ၇၆ မှု ရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ စာရင်းအရ သိခဲ့ရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၁ ခုနှစ်အတွင်းက ကြိုးဆွဲချသေဆုံးမှု ၅၂ မှု၊ အဆိပ်သောက်သေဆုံးမှု ၁၉ မှု၊ ကိုယ့်ကိုယ်ကိုယ် ဓားဖြင့်ထိုးသေဆုံးမှု သုံးမှု စုစုပေါင်း ၇၄ မှု ဖြစ်ပွားခဲ့သည်။ ၂၀၁၂ ခုနှစ်အတွင်းတွင် ကြိုးဆွဲချသေဆုံးမှု ၇၂ မှု၊ အဆိပ်သောက်သေဆုံးမှု ၁၉ မှု၊ ကိုယ့်ကိုယ်ကိုယ်ဓားဖြင့်ထိုးသေဆုံးမှု သုံးမှု စုစုပေါင်း ၉၄ မှု ဖြစ်ပွားခဲ့သည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လထိ ကြိုးဆွဲချသေဆုံးမှု ၆၂ မှု၊ အဆိပ်သောက်သေဆုံးမှု ၁၂ မှု၊ ကိုယ့်ကိုယ်ကိုယ် ဓားဖြင့်ထိုးသေဆုံးမှု နှစ်မှု စုစုပေါင်း ၇၆ မှုရှိခဲ့ကြောင်း ရဲမှတ်တမ်းအရ သိခဲ့ရသည်။

❖ ရခဲလှသောလူ့ဘဝကို အနေလှအသေလှကြစေချင်သည်။ ဆင်းရဲကျပ်တည်းလို့၊ ရောဂါဒဏ်မခံနိုင်လို့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ကြစတမ်းဆိုလျှင် ကမ္ဘာပေါ်တွင် လူသားမျိုးနွယ်ရှားပါးသွားနိုင်သည်။ "လူမသေငွေမရှား" "လူမှန်လျှင် ရှင်သန်ခွင့်၏တန်ဖိုး"ကို နားလည်ကျင့်သုံးလာအောင် စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးကြစေချင်သည်။ ထို့ပြင် လောကဓံတရားကို ကြံ့ကြံ့ခံနိုင်စွမ်းရှိအောင် ဆွဲဆောင်ပျိုးထောင်ပေးကြစေချင်သည်။ ❖

ထိုကိန်းဂဏန်းများကိုကြည့်ပါက ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်ကို တွေ့ရသည်။ သေကြောင်းကြံစည်မှုများထဲတွင်လည်း ကြိုးဆွဲချသေဆုံးမှုက နှစ်စဉ်အများဆုံးဖြစ်သည်။ တိုင်းဒေသကြီးနှစ်ခု၏ စာရင်းအရ ဤမျှဖြစ်ပွားနေလျှင် တစ်နိုင်ငံလုံးအတိုင်းအတာအရဆိုပါမူ မည်မျှထိများပြားနေမည်ကို သုံးသပ်ကြည့်နိုင်သည်။

ကမ္ဘာပေါ်တွင် ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်မှုအများဆုံးနိုင်ငံမှာ တောင်ကိုရီးယားနိုင်ငံဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ကျောင်းသား ၁၃၉ ဦး သတ်သေခဲ့ရာ သုံးနှစ်အတွင်း အနည်းဆုံးဖြစ်ကြောင်း၊ ဖိအားအမျိုးမျိုးကြောင့် သေကြောင်းကြံစည်ကြခြင်းဖြစ်ကြောင်း သုံးသပ်ထုတ်ပြန်ခဲ့သည်။

လူကြီးမိဘများက ၎င်းတို့၏စိတ်ဖိစီးမှုဒဏ်ကို မခံနိုင်ကြသောကြောင့် သေကြောင်းကြံစည်သွားကြသည်မှာ မဆန်းပြားကြသော်လည်း လူ့လောကထဲရောက်ခါစဘာကိုမျှသိရှိနားလည်ခြင်းမရှိသေးသော သူတို့၏ရင်သွေးငယ်၊ လူမမည်ကလေးများကိုပါ သေရွာသို့ရက်ရက်စက်စက်ခေါ်သွားခြင်းမျိုးက အလွန်ပင်ဆိုးရွားလွန်းလှသည်။ ရင်နင့်ကြေကွဲဖွယ်ရာ သာဓကတချို့ကို ဖော်ပြပေးလိုပါသည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၁ ရက်နေ့ နံနက်(၁၀)နာရီခန့်က မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဆီမီးကန်ကျေးရွာနေ ကျော်ကျော်ထွန်း (၃၇)နှစ်နှင့် မပု (၃၈)နှစ်တို့ ဇနီးမောင်နှံသည် သားကြီးဇင်ကိုထက်(ရှစ်)နှစ်၊ သားလတ် ဝင်းထက်(လေး)နှစ်နှင့် သမီးငယ် ဝင်းစန္ဒာ(တစ်)နှစ်တို့ကိုခေါ်ဆောင်ခဲ့ကြကာ ဆီမီးကန်ချောင်းတစ်ဖက်ကမ်းသို့ ရောက်သွားခဲ့ကြပြီး ပဲစင်းငုံစိုက်ခင်းသို့ရောက်ကြသောအခါ သားသမီး သုံးဦးကို ကြွက်သတ်ဆေးနှစ်ထုပ်စီ တိုက်ကျွေးခဲ့ကြပြီး အရိုးအသွားတစ်ပေ၊ ဖြက်နှစ်လက်မခန့်ရှိ ဓားဖြင့် ခုတ်ခဲ့ကြောင်း၊ မိဘနှစ်ဦးကလည်း တစ်ဦးနှင့်တစ်ဦး ဓားဖြင့် ခုတ်ခဲ့ကြောင်း၊ သမီးအငယ်ဆုံးလေးမှာ လည်ပင်းပြတ်ရှဒဏ်ရာကြောင့် သေဆုံးသွားခဲ့ပြီး ကျန်လေးဦးမှာ ဒဏ်ရာကိုယ်စီရထားကြသဖြင့် တောင်သာဆေးရုံသို့ တင်ပို့ထားရကြောင်း၊ ၎င်းတို့ဇနီးမောင်နှံကို ပုဒ်မ ၃၀၂/၃၀၇/၃၀၉/၃၂၆ တို့ဖြင့် အမှုဖွင့်စစ်ဆေးခဲ့ကြောင်း၊ ရင်နင့်ကြေကွဲဖွယ်သတင်းပင်ဖြစ်သည်။ မိသားစုအားလုံးအဆုံးစီရင်မှုကို စစ်ဆေးလိုက်သောအခါ **"တီဘီဆေးယဉ်ပါးရောဂါကို ဆေးမကုသနိုင်ခြင်းနှင့် ဆင်းရဲမှုဒဏ်ကို မခံနိုင်ခြင်း"**တို့ကြောင့်ဖြစ်ကြောင်း သိခဲ့ကြသည်။

ထိုသို့သော မိသားစုအားလုံး အဆုံးစီရင်မှုမျိုးစုံရှိခဲ့ဖူးသည်။ ၂၀၁၂ ခုနှစ်အတွင်း မြေလတ်ဒေသရှိ လူစည်ကားသော မြို့နယ်တစ်မြို့၌ လူကုံထံအသိုင်းအဝိုင်းဝင် ဇနီးမောင်နှံနှင့် တစ်ဦးတည်းသော ချစ်စဖွယ်သမီးငယ်လေးတို့မိသားစု၊ မိသားစုအားလုံးသေကြောင်းကြံစည်ခဲ့ကြသည်။ သူတို့မသေဆုံးမီအချိန်တွင် သမီးငယ်လေးက "မသောက်ချင်ဘူး၊ မသောက်ပါရစေနဲ့၊ သမီးကြောက်တယ် ဖေဖေ၊ သမီးကိုကယ်ပါအုံးမေမေ၊ သမီးမသောက်ပါရစေနဲ့မေမေရယ်၊ သမီးကိုသနားကြပါအုံး ဖေဖေနဲ့မေမေရယ်"ဟု အကြောက်အကန်ငြင်းဆန်ရုန်းကန်၊ အော်ဟစ်ငိုကြွေး၊ ပြေးလွှားနေသော စိတ်မချမ်းမြေ့စရာလှုပ်ရှားမှုအသံများကို အိမ်ချင်းကပ်ဘေးအိမ်များက ကြားကြသောအခါ "ဘာတွေဖြစ်နေကြတာလဲ၊ သမီးလေးက ဘာကို မသောက်ချင်တာလဲ"ဟု စပ်စုမေးမြန်းခဲ့ကြသည်။

သည်တော့ ကလေးမလေး(သမီးငယ်လေး)၏မိခင်က "နေမကောင်းလို့ ဆေးတိုက်နေတာကို အလကားဂျီကျနေတာပါ။ ဘာမှမဖြစ်ပါဘူး"ဟု ဝတ်ကျေတမ်းကျေ သာမန်ကာလျှံကာအေးဆေးတည်ငြိမ်စွာဖြေကြားခဲ့သည်။ တစ်အိမ်လုံးတွင် လှုပ်ရှားသံမကြားရတော့ဘဲ အတော်ကြာအောင် တိတ်ဆိတ်ငြိမ်သက်သွားတော့မှ သားချင်းများက လာရောက်ကြည့်ရှုကြလေသောအခါ သုံးလောင်းပြိုင် အဆိပ်သောက်သေဆုံးသွားခဲ့ကြကြောင်း သိလိုက်ကြရသည်။

လူအများယူဆနေကြသော "ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်လျှင် အဖမ်းငါးရာငါးကမ္ဘာခံကြရမှာကို မကြောက်ကြဘူးလား"ဟူသောစကားက လောကုတ္တရာရေးမို့ မဆွေးနွေးလိုသော်လည်း လောကီရေးဖြစ်သော ပြစ်မှုဆိုင်ရာဥပဒေကိုတော့ အသိပေးလိုသည်။

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၉ တွင်- "မည်သူမဆို မိမိကိုယ်ကိုမိမိသတ်သေရန်အားထုတ်၍ ထိုပြစ်မှုကိုကျူးလွန်ရန် ရှေးရှုသောပြုလုပ်မှုတစ်ခုခုကို ပြုလျှင်၊ ထိုသူကို တစ်နှစ်အထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"** (မူလပြဋ္ဌာန်းချက်)ဟု ပြဋ္ဌာန်းထားသည်။

ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်မှုများ မကျူးလွန်၊ မဖြစ်ပွားအောင်တားဆီးထားသည့် ရာဇသတ်ကြီးပုဒ်မဖြစ်သည်။ သို့သော် ကျူးလွန်၍ သေဆုံးထမြောက်သွားလျှင် သေမှုသေခင်းဖွင့်လှစ်ရသည့်အဆင့်သာရှိသော်လည်း မသေဆုံးကြဘဲအထမမြောက်ပါက တောင်သာမြို့ ဆီမီးကန်ကျေးရွာမှ ရောဂါသည်ဆင်းရဲသားဇနီးမောင်နှံ အရေးယူခံခဲ့ကြရသကဲ့သို့ ခံကြရပေလိမ့်မည်။

သို့ဖြစ်ရာတွင် ရခဲလှသောလူ့ဘဝကို အနေလှအသေလှကြစေချင်သည်။ ဆင်းရဲကျပ်တည်းလို့၊ ရောဂါဒဏ်မခံနိုင်လို့ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ကြစတမ်းဆိုလျှင် ကမ္ဘာပေါ်တွင်လူသားမျိုးနွယ်ရှားပါးသွားနိုင်သည်။ **"လူမသေငွေမရှား" "လူမှန်လျှင် ရှင်သန်ခွင့်၏တန်ဖိုး"**ကို နားလည်ကျင့်သုံးလာအောင် စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးကြစေချင်သည်။ ထို့ပြင် လောကဓံတရားကို ကြံ့ကြံ့ခံနိုင်စွမ်းရှိအောင် ဆွဲဆောင်ပျိုးထောင်ပေးကြစေချင်သည်။ အသိသတိ ဆင်ခြင်တုံတရားရှိလာအောင် တရားနာခြင်း၊ အသံတိတ်တရားနာနည်းဖြစ်သော တရားစာအုပ်များကို ဖတ်ရှုစေခြင်း၊ စာနာညှာတာစိတ်ဖြင့် ဖျောင်းဖျနားချ၊ ဖေးမကူညီခြင်း စသည်ဖြင့် လူမှုပတ်ဝန်းကျင်က အဘက်ဘက်မှ ဝိုင်းဝန်းစောင့်ရှောက်နေကြပါက (မိမိကိုယ်ကိုအဆုံးစီရင်မှုများ)ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်မှုများ လျော့နည်းသွားနိုင်လိမ့်မည်ဟု ယုံကြည်နေမိပါသည်။

## လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

## မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ပူးစားပြောင်း ၂၆၂၆ ဧက စိုက်ပျိုးပြီးစီး

**မော်လိုက် နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ၂၆၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။



ယခင်နှစ်က အစေ့ထုတ်ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ၈၈၇၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၆၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မော်လိုက်ခရိုင်မှာ အစေ့ထုတ်ပြောင်းနဲ့ ပူးစားပြောင်း ဧက ၈၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတာ လက်ရှိ ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီ။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ပူးစားပြောင်း ၁၂၃ ဧကနှင့် ဖောင်းပြင်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၄၄၁ ဧက၊ ပူးစားပြောင်း ၂၀၆၂ ဧက စုစုပေါင်း ၂၆၂၆ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်းစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၄၆၅ ဧက၊ ပူးစားပြောင်း ၂၉၉၅ ဧကနှင့် ဖောင်းပြင်မြို့နယ်တွင် အစေ့ထုတ်ပြောင်းဧက ၈၀၀၊ ပူးစားပြောင်း ၄၆၁၁ ဧက စုစုပေါင်း ၈၈၇၁ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မော်လိုက်ခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ခြင်း စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

## ကလောမြို့နယ် ဘောနင်းရွာသစ်ခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုစစ်ဆေး

**ကလော နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘောနင်းရွာသစ်ခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ဘောနင်းရွာသစ်ခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ခေတ်မီစံပြကျေးရွာထူထောင်ရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဘောနင်းရွာသစ်ခေတ်မီစံပြကျေးရွာ၌ အလျား ၁၈ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၆ ဒသမ ၅ ပေရှိ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံရှစ်ပေ၊ အမြင့်ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းနှင့် အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ခြောက်ပေရှိ အမိုက်ကန်တူးဖော်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄၁ သိန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ယခုနှစ် စက်တင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ကလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာထံမှ သိရသည်။

**ရှိုသန်းညွန့်**

## ကျန်စစ်သား၏ တရားသစ္စာ

\- ပေါက္ကံရာဇာ နော်ရထာဟု
ကျော်စွာလင်းထင် မင်းပြည့်ရှင်က
ငြိုငြင်မာန်ဖုံး အမျက်ဆုံးဖြင့်
နှလုံးမသာ ရှိစဉ်ခါဝယ်
တိမ်းခွာရှောင်ပေ ဝေးရပ်မြေတည့်
အနေဆင်းရဲ တောတောင်ထဲ၌
ဖရဲသခွားရှောင်ပေ စိုက်ပျိုးစားလည်း
လေးစားအစဉ် သူ့သခင်ကို
ကြည်လင်ခံ့ညား မပြစ်မှားသည်
တရားသစ္စာ အပြည့်နှင့်။

\- စောလူးဘုရင် စစ်မက်ငင်သော်
မြော်မြင်စေ့ငု အားနည်းမှုကြောင့်
ရန်သူ့လက်အောက် သက်ဆင်းရောက်ခိုက်
မင်းမြောက်တန်ဆာ အပ်နှင်းကာလျှင်
ရာဇာမင်းမြတ် ခံယူအပ်ဟု
မှူးမတ်အများ ကျန်စစ်သားကို
လျှောက်ထားဦးတင် တောင်းပန်လျှင်လည်း
အရှင်ရှိလျက် သစ္စာဖျက်၍
နန်းတက်မင်းမူ ငါမယူဟု
ရန်သူ၏တပ် အထပ်ထပ်နှင့်
စောင့်ကြပ်သည့်ကြား သက်စွန့်သွားသည့်
သနားမေတ္တာ အပြည့်နှင့်။

\- တရားမင်းကြီး ဖြစ်ခဲ့ပြီး၍
မထီးတူမ သမ္ဘူလလျှင်
ရာဇကုမာ သားသည်းချာကို
ခေါ်ကာရွှေ့မှောက် ခစားရောက်သော်
နောက်ကျခဲ့ပြီ သိလိုက်သည်နှင့်
သားသည်အဖျား မြေးကားအရင်း
ဖြစ်ဘိခြင်းဟု ရင်တွင်းမသာ
ဆိုမိပါလည်း မင်းမှာသစ္စာ
လူမှာကတိ ဆိုထုံးရှိ၏
ရှိသည့်အလျောက် မဖောက်မပြန်
အမှန်တရား လက်ကိုင်ထားသည်
စကားသစ္စာ ကတိနှင့်။ ။

**မြင်းမှုမောင်နိုင်မိုး**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါး၊လက်ကိုင်ဖုန်း၊ လှေကား၊လက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ရုရှား-ဖင်လန် နှစ်နိုင်ငံနယ်စပ်တစ်လျှောက်စစ်အင်အားစုစည်းမှုကို ခြိမ်းခြောက်မှုအဖြစ်မှတ်ယူမည်ဟု ရုရှားသတိပေး



**မော်စကို နိုဝင်ဘာ ၃၀**

ရုရှား-ဖင်လန် နယ်စပ်တစ်လျှောက်၌ စစ်သည်အင်အားစုစည်းရန် ဖင်လန်နိုင်ငံအစိုးရကဆုံးဖြတ်ခဲ့ပါက ရုရှားနိုင်ငံအတွက်ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် မှတ်ယူမည်ဖြစ်ကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က နိုဝင်ဘာ ၂၉ ရက်တွင် သတိပေးခဲ့သည်။

ဖင်လန်နှင့် ရုရှားနယ်စပ်သို့ စစ်ရေးအကြံပေးများ ပို့လွှတ်မည်ဖြစ်ကြောင်း ပိုလန်အစိုးရက ပြောကြားထားပြီးနောက် ရုရှားအစိုးရ၏ အဆိုပါသတိပေးချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဖင်လန်နိုင်ငံနယ်စပ်တစ်လျှောက် လူဝင်မှုပြဿနာနှင့်ရင်ဆိုင်နေရစဉ် ဖင်လန်အစိုးရ၏မေတ္တာရပ်ခံချက်အရစစ်ရေးအကြံပေးများကိုဖင်လန်နယ်စပ်သို့ ပို့လွှတ်မည်ဖြစ်ကြောင်း ပိုလန်အမျိုးသားလုံခြုံရေးဗျူရိုအကြီးအကဲဂျာဆက်ဆီဝီရာက နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားထားသည်။

သို့သော် ရုရှား-ဖင်လန်နယ်စပ်တစ်လျှောက်၌မည်သည့်ခြိမ်းခြောက်မှုမျိုးမှမရှိကြောင်း၊သို့သော် နယ်စပ်တစ်လျှောက် စစ်အင်အားစုစည်းထားပါက ရုရှားနိုင်ငံအတွက် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ်မှတ်ယူမည်ဖြစ်ကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသတို့မှတရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများ ဖင်လန်နိုင်ငံသို့ဝင်ရောက်နိုင်ရေးအတွက် ရုရှားနိုင်ငံက ကြိုးကိုင်စီစဉ်နေကြောင်း ဖင်လန်အစိုးရက စွပ်စွဲထားသည်။

ရုရှားနိုင်ငံနှင့် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဖင်လန်နိုင်ငံတို့သည် နယ်စပ်ချင်းမိုင်ပေါင်း ၈၀၀ ကျော်ထိစပ်နေသည့်နိုင်ငံများဖြစ်ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

## အော့စပရေးအမျိုးအစားလေယာဉ်များ ပျံသန်းမှု ဂျပန်စစ်ဘက်ရပ်ဆိုင်းထား

**တိုကျို နိုဝင်ဘာ ၃၀**

ဂျပန်နိုင်ငံ၌အခြေစိုက်ထားသည့် အမေရိကန်လေတပ် အော့စပရေးလေယာဉ်တစ်စင်း လေ့ကျင့်စဉ်အတွင်းပျက်ကျခဲ့ပြီးနောက် ဂျပန်စစ်ဘက်သည် ၎င်းပိုင်အော့စပရေးလေယာဉ်များပျံသန်းမှုကို ရပ်ဆိုင်းထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ထို့ပြင် ပျက်ကျလေယာဉ်ရှာဖွေရေးလုပ်ငန်းများ၌ ပါဝင်နေသော အော့စပရေးလေယာဉ်များမှလွဲ၍ ကျန်အော့စပရေးလေယာဉ်များပျံသန်းမှုကို ရပ်ဆိုင်းရန်လည်း ဂျပန်အစိုးရက အမေရိကန်စစ်ဘက်ကို တိုက်တွန်းထားကြောင်း သိရသည်။

အမေရိကန်စစ်ဘက်၏ အော့စပရေးလေယာဉ်သည် နိုဝင်ဘာ ၂၉ ရက်နံနက်ပိုင်းတွင် ဂျပန်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းကမ်းလွန်၌ ပျက်ကျခဲ့ရာ လိုက်ပါသွားသူရှစ်ဦးအနက် အနည်းဆုံး တစ်ဦးသေဆုံးခဲ့ရသည်။

အဆိုပါလေယာဉ်ပျက်ကျရခြင်းအကြောင်းရင်းနှင့် လိုက်ပါသွားသူအခြား ခုနစ်ဦးတို့၏အခြေအနေကို မသိရသေးကြောင်း သိရသည်။

အဆိုပါလေယာဉ် ပျက်ကျမှုဖြစ်ပွားခဲ့ပြီးနောက် ဂျပန်စစ်ဘက်သည် ၎င်းပိုင်အော့စပရေးလေယာဉ် ၁၄ စင်းကို ပျံသန်းမှုများရပ်ဆိုင်းထားကြောင်း သိရသည်။

ယခုနှစ် ဩဂုတ်လကလည်း အမေရိကန်မရိန်းတပ်အော့စပရေးလေယာဉ်တစ်စင်း ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်စဉ် ဩစတြေးလျနိုင်ငံ ကမ်းလွန်ပင်လယ်၌ ပျက်ကျခဲ့ရာ မရိန်းတပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဂါဇာတိုက်ပွဲများ ယာယီရပ်ထားရေးသဘောတူညီချက်ကို သက်တမ်းတစ်ရက်ထပ်တိုးရန် အစ္စရေးနှင့်ဟားမတ်စ်သဘောတူ

**ဂျေရုဆလင် နိုဝင်ဘာ ၃၀**

အစ္စရေးနှင့် ဂါဇာကမ်းမြောင်အခြေစိုက် ဟားမတ်စ်အုပ်စုတို့သည် ခြောက်ရက်ကြာအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကိုသက်တမ်းတစ်ရက်ထပ်တိုးရန် ယနေ့တွင် သဘောတူခဲ့ကြကြောင်း သိရသည်။

ဟားမတ်စ်အုပ်စု အနေဖြင့် ၎င်းတို့ဖမ်းဆီးထားသည့် ဓားစာခံများကို တစ်ရက်လျှင် ၁၀ ဦးနှုန်း ပြန်လွှတ်ပေးပါက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဆက်လက် သက်တမ်းတိုးပေးမည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံက ပြောကြားထားသည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို သက်တမ်းတစ်ရက်ထပ်တိုးခဲ့ပြီးနောက် ယနေ့တွင် ပြန်လွှတ်လာမည့် ဓားစာခံများစာရင်းကို အစ္စရေးနိုင်ငံက ရရှိထားပြီဖြစ်ကြောင်း သိရသည်။

ဟားမတ်စ်အုပ်စု ဖမ်းဆီးထားသည့် ဓားစာခံများပြန်လွှတ်ရေးအတွက် နိုင်ငံတကာစေ့စပ်ညှိနှိုင်းရေးသမားများ ဆက်လက်ကြိုးပမ်းနေမှုကြောင့် တိုက်ပွဲများကို ဆက်လက် ရပ်ပေးထားမည်ဖြစ်ကြောင်းအစ္စရေးစစ်ဘက်က ယနေ့တွင် ကြေညာထားသည်။

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုသည် အစ္စရေးတောင်ပိုင်းမြို့များကို အောက်တိုဘာ ၇ ရက်က ဝင်ရောက်တိုက်ခိုက်ခဲ့စဉ် လူပေါင်း ၂၄၀ ကျော်ကို ဓားစာခံများအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

သို့သော် နိုဝင်ဘာ ၂၄ ရက်တွင်စတင်ခဲ့သော တိုက်ပွဲများယာယီရပ်ထားရေး သဘောတူညီချက်အရ ဟားမတ်စ်အုပ်စုသည် နိုဝင်ဘာ ၂၉ ရက်ထိ ဓားစာခံ ၉၇ ဦးပြန်လွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်းဂျား ကွယ်လွန်



**နယူးယောက် နိုဝင်ဘာ ၃၀**

အမေရိကန်ဝါရင့်သံတမန်ကြီး ဟင်နရီကစ်ဆင်းဂျားသည် နိုဝင်ဘာ ၂၉ ရက်တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၁၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။

အငြင်းပွားဖွယ် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်တစ်ဦးလည်းဖြစ်သည့် ဟင်နရီကစ်ဆင်းဂျားသည်ကွန်နက်တီကပ်ပြည်နယ်ရှိ ၎င်း၏နေအိမ်မှာပင်ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ဟင်နရီကစ်ဆင်းဂျားသည် အမေရိကန်သမ္မတ ရစ်ချက်နစ်ဆင်နှင့် သမ္မတ ဂျရယ်ဖို့ဒ်တို့လက်ထက်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ်၊ အမျိုးသားလုံခြုံရေး အကြံပေးအဖြစ် တာဝန်ယူခဲ့ပြီး အမေရိကန်နိုင်ငံ၏ စစ်အေးတိုက်ပွဲကာလနိုင်ငံခြားရေးမူဝါဒများကို ပုံဖော်ခဲ့သူဖြစ်သည်။

ထို့ပြင် ဟင်နရီကစ်ဆင်းဂျားသည် သမ္မတ ရစ်ချက်နစ်ဆင်လက်ထက်တွင် တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြားသံတမန်ဆက်ဆံရေးထားရှိနိုင်ရန် ဦးဆောင်ကြိုးပမ်းခဲ့သူဖြစ်သည်။

ဟင်နရီကစ်ဆင်းဂျားသည် ၁၉၇၃ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဗယ်ဆုကို မြောက်ဗီယက်နမ်ခေါင်းဆောင် လီဒပ်သိုနှင့်အတူ ပူးတွဲရရှိခဲ့သော်လည်းကမ္ဘောဒီးယားနိုင်ငံကို အမေရိကန်စစ်ဘက်က လျှို့ဝှက်ဗုံးကြဲတိုက်ခိုက်မှု ပြဿနာကြောင့် အငြင်းပွားရဖွယ်ငြိမ်းချမ်းရေးနိုဗယ်ဆုဖြစ်ခဲ့ရသည်။

ဟင်နရီကစ်ဆင်းဂျားသည် ၎င်းမကွယ်လွန်မီ ယခုနှစ်ဇူလိုင်လတွင် တရုတ်နိုင်ငံသို့ ကြိုတင်ကြေညာခြင်းမရှိဘဲသွားရောက်ခဲ့ပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ယခုနှစ်ကမ္ဘာ့လူနေမှုစရိတ် အကြီးဆုံးမြို့တော်များအဖြစ် စင်ကာပူနှင့် ဇူးရစ်မြို့တော်များ ထိပ်ဆုံး၌ရပ်တည်

**လန်ဒန် နိုဝင်ဘာ ၃၀**

စင်ကာပူနိုင်ငံ စင်ကာပူမြို့တော်နှင့် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တော်တို့သည် ယခုနှစ်၏ ကမ္ဘာ့လူနေမှုစရိတ် အကြီးဆုံးမြို့တော်များအဖြစ်ရပ်တည်နေသည်ဟု ဗြိတိန်အခြေစိုက် အီကော်နောမစ်မဂ္ဂဇင်းက ယနေ့တွင် ထုတ်ပြန်သည့်အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရသည်။

အဆိုပါမြို့တော်ကြီး နှစ်မြို့၏အသုံးများသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ၏ပြည်တွင်းငွေကြေးစနစ်တန်ဖိုးအရ ၂၀၂၂ ခုနှစ်ကထက် ၇ ဒသမ ၄ ရာခိုင်နှုန်း ပို၍မြင့်တက်လာကြောင်း အဆိုပါအစီရင်ခံစာ၏ အဆိုအရ သိရသည်။

စင်ကာပူမြို့တော်သည် ယခုနှစ်တွင်လည်း ကမ္ဘာ့လူနေမှုစရိတ်အကြီးဆုံးမြို့တော်အဖြစ် ကိုးကြိမ်မြောက် ရပ်တည်နေခြင်းဖြစ်ပြီး ကမ္ဘာပေါ်၌ သယ်ယူပို့ဆောင်ရေးစရိတ်အကြီးမားဆုံး မြို့တော်ဖြစ်သလို အဝတ်အစား၊ လူသုံးကုန်ပစ္စည်းများနှင့် အရက်ဈေးနှုန်းအကြီးမားဆုံး မြို့တော်လည်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့တော်သည်လည်း လူသုံးကုန်ပစ္စည်းဈေးနှုန်းများ မြင့်မားမှုကြောင့် စင်ကာပူမြို့တော်နှင့်အတူ ယခုနှစ်၏ ကမ္ဘာ့လူနေမှုစရိတ်အကြီးဆုံးမြို့တော်အဖြစ် ရပ်တည်နေခြင်းဖြစ်သည်။




စင်ကာပူနှင့် ဇူးရစ်မြို့တော်များပြီးလျှင် ဂျီနီဗာမြို့တော်၊ နယူးယောက်မြို့တော်နှင့် ဟောင်ကောင်မြို့တော်တို့က ကမ္ဘာ့လူနေမှုစရိတ် အကြီးမားဆုံး မြို့များအဖြစ် အစဉ်လိုက် ရပ်တည်နေကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ထူးခြားသည့်ကြယ်စနစ်တစ်ခုကို နိုင်ငံတကာသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



**ဝါရှင်တန် နိုဝင်ဘာ ၃၀**

အမေရိကန်နိုင်ငံ ချီကာဂို တက္ကသိုလ်မှ သိပ္ပံပညာရှင်များ ဦးဆောင်သော နိုင်ငံတကာသိပ္ပံ ပညာရှင်များသည် ထူးခြားသည့် ကြယ်စနစ်တစ်ခုကို ရှာဖွေတွေ့ရှိ ထားကြောင်း နိုဝင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

HD 110067 ဟူ၍ အမည်ပေး ထားသည့် အဆိုပါကြယ်စနစ်တွင် ဂြိုဟ်ပေါင်း ခြောက်စင်းတို့ ဗဟိုပြု လှည့်ပတ်နေကြောင်း သိရသည်။

HD 110067 ကြယ်စနစ် အတွင်းရှိ ဂြိုဟ်များသည် အရွယ် အစားအားဖြင့် ကမ္ဘာမြေထက် ပိုကြီးမားပြီး နက်ပကျွန်းဂြိုဟ်နှင့် နှိုင်းယှဉ်ပါက ပိုသေးငယ်သည့် ဂြိုဟ်အုပ်စုဝင် ဂြိုဟ်များဖြစ်သည်။

အဆိုပါကြယ်စနစ်၏ ထူးခြား ချက်မှာ စတင်ဖွဲ့စည်းဖြစ်ပေါ်ချိန် ကာလ ဖွဲ့စည်းတည်ဆောက်ပုံကို ဆက်ထိန်းထားနိုင်ခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါကြယ်စနစ် အတွင်းရှိ ဂြိုဟ်ခြောက်စင်းသည် မိခင်ကြယ်ကို လှည့်ပတ်ရာတွင် သင်္ချာသဘောတရားအရ အံကိုက် မှုရှိမှုဖြင့် လှည့်ပတ်နေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

HD 110067 ကြယ်စနစ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၁၀၀ ခန့် အကွာတွင် တည်ရှိသည့်ကြယ် စနစ်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ပရိုဂရက်စ်အမ်အက်စ်-၂၃ အာကာသကုန်တင်ယာဉ်က ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့

**မော်စကို နိုဝင်ဘာ ၃၀**

ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက်စ်အမ်အက်စ်-၂၃ အာကာ သ ကုန်တင်ယာဉ်သည် နိုဝင်ဘာ ၂၉ ရက်တွင် ကမ္ဘာ့လေထုလွှာ အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ ကြောင်း သိရသည်။

ပရိုဂရက်စ်အမ်အက်စ် - ၂၃ အာကာသ ကုန်တင်ယာဉ်သည် နိုဝင်ဘာ ၂၉ ရက်တွင် နိုင်ငံတကာ အာကာသစခန်းမှ ခွာထွက်ခဲ့ပြီး နောက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်ဝင်လာခဲ့ခြင်းဖြစ်သည်။

လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်စဉ် ပရိုဂရက်စ်အမ် အက်စ်-၂၃ အာကာသကုန်တင် ယာဉ်၏ အစိတ်အပိုင်းအများစုမှာ လောင်ကျွမ်း ပျောက်ကွယ်ခဲ့ပြီး အစိတ်အပိုင်းတချို့သာ ပစိဖိတ် သမုဒ္ဒရာအတွင်းသို့ ကျရောက်ခဲ့ ကြောင်း ရုရှားအာကာသအေဂျင်စီ က သတင်းထုတ်ပြန်ထားသည်။



ပရိုဂရက်စ်အမ်အက်စ် - ၂၃ အာကာသကုန်တင်ယာဉ် ကမ္ဘာ့ လေထုလွှာအတွင်း ပြန်လည်ဝင် ရောက်မှုကို အမေရိကန်အမျိုးရ အမျိုးသားလေကြောင်းနှင့်အာကာ သစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ) မှ အာကာသယာဉ်မှူး ဂျက်စမင်း မော့ဂ်ဟီလီက နိုင်ငံတကာအာကာ သစခန်းယာဉ်ပေါ်မှတစ်ဆင့် ဓာတ် ပုံရိုက်ကူးနိုင်ခဲ့သည်။

ရုရှားအာကာသအေဂျင်စီသည် ဒီဇင်ဘာ ၁ ရက်တွင် ပရိုဂရက်စ် အာကာသကုန်တင်ယာဉ်တစ်စင်း ကို ထပ်မံလွှတ်တင်ရန် စီစဉ်ထား ကြောင်း သိရသည်။


အဆိုပါ အာကာသကုန်တင် ယာဉ်ကို ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ရှန်ကျိုး-၁၆ အာကာသယာဉ်မှူးများက တီယန်ကောင်းအာကာသစခန်းယာဉ်၏ ကိုယ်ထည်တစ်ခုလုံးကို ပထမဆုံးအကြိမ်အပြည့်အဝဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ပေကျင်း နိုဝင်ဘာ ၃၀**

တရုတ်အမျိုးသားအာကာသ အေဂျင်စီ၏ ရှန်ကျိုး-၁၆ အာကာ သယာဉ်မှူးများသည် တီယန် ကောင်းအာကာသစခန်းယာဉ်၏ ကိုယ်ထည်တစ်ခုလုံးကို ပထမဆုံး အကြိမ်အဖြစ် အပြည့်အဝဓာတ်ပုံ ရိုက်ကူးနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။



အဆိုပါဓာတ်ပုံကို ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများက ကမ္ဘာ မြေအပြန်ခရီးအတွက် အောက်တို ဘာ ၃၀ ရက်က တီယန်ကောင်း အာကာသစခန်းမှ ပြန်လည်ထွက် ခွာစဉ် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပုံရိပ်အရည်အသွေးမြင့်ကင်မရာ စနစ်ဖြင့်ရိုက်ကူးထားသည့် အဆိုပါ ဓာတ်ပုံသည် တီယန်ကောင်းအာကာ သစခန်းကိုယ်ထည် တစ်ခုလုံးကို ပြသနိုင်သော ပထမဆုံးဓာတ်ပုံဖြစ် ကြောင်း သိရသည်။

တီယန်ကောင်းအာကာသစခန်း သည် ကမ္ဘာမြေပြင်အထက် အမြင့် ၂၁၇ မိုင်နှင့် မိုင် ၂၈၀ ကြား ပတ် လမ်းပေါ်တွင် နေရာယူကာ ကမ္ဘာ ကို လှည့်ပတ်လျက်ရှိသည်။

တရုတ်နိုင်ငံသည် တီယန်ကောင်း အာကာသစခန်းကို ၂၀၂၁ ခုနှစ် တွင် စတင်တည်ဆောက်ခဲ့ပြီး ယခု နှစ်စပိုင်းတွင် အပြီးသတ်နိုင်ခဲ့ ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## နှလုံးသွေးလွှတ်ကြောအောက်ပိုင်း ရောင်ရမ်းမှုကို ကိုလက်စထရောချေဖျက်ရေးဆေးများက ကုစားပေးနိုင်

**လန်ဒန် နိုဝင်ဘာ ၃၀**

ကိုလက်စထရောချေဖျက်ရေး ဆေးများသည် နှလုံးသွေးလွှတ် ကြောအောက်ပိုင်း ရောင်ရမ်းမှု ပြဿနာ (Abdominal Aortic Aneurysms-AAA)ကို ကုစား ပေးနိုင်ပြီး နှစ်စဉ် လူရာပေါင်း များစွာတို့၏ အသက်ကိုကယ်တင် နိုင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

AAA ပြဿနာသည် နှလုံး သွေးလွှတ်ကြောအောက်ပိုင်း ဘော လုံးတစ်လုံးကဲ့သို့ ရောင်ရမ်းလာမှု ဖြစ်ပြီး ကုသမှုခံယူခြင်းမရှိပါက အရွယ်အစား ပိုမိုကြီးမားလာ၍ ပေါက်ထွက်သွားနိုင်က ကိုယ်တွင်း သွေးယိုမှုပြဿနာ ပေါ်လာနိုင် ကြောင်း သိရသည်။

AAA ပြဿနာသည် အမျိုးသမီး များထက် အမျိုးသားများ၌ ခြောက် ဆပိုအဖြစ်များပြီး အသက် ၆၅ နှစ် အထက် အမျိုးသားများအနက် လေးရာခိုင်နှုန်းမှာ အထက်ပါ ပြဿနာဖြင့် ရင်ဆိုင်နေကြရသည်။

သို့ရာတွင် ဗြိတိန်သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိ ချက်အရ လက်ရှိသုံးစွဲနေသည့် ကိုလက်စထရောချေဖျက်ရေး ဆေး များသည် AAA ပြဿနာရှိနေ သော လူနာများ၏နှလုံးသွေးလွှတ် ကြောအောက်ပိုင်း ရောင်ရမ်းမှု ပိုဆိုးလာမည့်အရေးကို လျှော့ချ ပေးနိုင်ကြောင်း သိရသည်။

ကိုလက်စထရောချေဖျက်ရေး ဆေးများသည် PCSK 9 ခေါ် ပရို တင်းတစ်မျိုးကို လျှော့ချပေးခြင်းဖြင့် AAA ပြဿနာကို ကုစားရာတွင် အထောက်အကူပြု နိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

## MS လူနာများ၏ ဦးနှောက်အတွင်းသို့ ပင်မဆဲလ် ထိုးနှံထည့်သွင်းပါကဦးနှောက်ပျက်စီးမှုကိုကာကွယ်နိုင်

**နယူးယောက် နိုဝင်ဘာ ၃၀**

ဗဟိုအာရုံကြောဆဲလ်စနစ် ပျက် စီးမှုရောဂါ (MS) လူနာများ၏ ဦးနှောက်အတွင်းသို့ ပင်မဆဲလ်များ ထိုးနှံထည့်သွင်းပါက MS ရောဂါ ကြောင့် ဦးနှောက်ဆက်လက်ထိခိုက် ပျက်စီးမှုကို ကာကွယ်နိုင်ဖွယ်ရှိ ကြောင်း နိုဝင်ဘာ ၂၉ ရက် သတင်း များအရ သိရသည်။

MS ရောဂါသည် လူ့ခုခံအား စနစ်က နာ့ဗ်ဆဲလ်မျှင်များ၏ အကာအကွယ်အလွှာ (Myelin) များကို မှားယွင်းတိုက်ခိုက်ချိန် တွင် ဖြစ်ပွားတတ်သည့်ရောဂါဖြစ် ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ ကိန်းဘရစ် တက္ကသိုလ်မှ သုတေသနပညာရှင် များသည် MS ရောဂါလူနာများ၏ ဦးနှောက်အတွင်းသို့ သန္ဓေသား ပင်မဆဲလ်များ ထိုးနှံထည့်သွင်း၍ စောင့်ကြည့်ခဲ့ကြသည်။

စောင့်ကြည့်မှုကာလ တစ်နှစ် အတွင်း စမ်းသပ်မှုတွင်ပါဝင်ခဲ့သည့် MS လူနာများ၏ ရောဂါလက္ခဏာ များ ပိုဆိုးရွားလာမှုမရှိသည်ကို ဗြိတိန် သုတေသနပညာရှင်များ က ဖော်ထုတ်တွေ့ရှိခဲ့ကြကြောင်း သိရသည်။

ရောဂါလက္ခဏာများ ပိုဆိုးလာ တတ်သည့် MS ရောဂါပုံစံများ အတွက် ကုထုံးသစ်များလိုအပ်နေ ချိန်တွင် အထက်ပါတွေ့ရှိချက် ကြောင့် မိမိတို့အနေဖြင့် အားတက် မိကြောင်း ဗြိတိန်သုတေသနပညာ ရှင်များက ပြောကြားသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာ အရ လူပေါင်းနှစ်သန်းကျော်တို့မှာ ရောဂါလက္ခဏာများ ပြင်းထန်သည့် MS ရောဂါဖြင့် ရင်ဆိုင်နေကြရ ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၁၄) ပွဲကြိုသုံးသပ်ချက်များ

ML

**အာဆင်နယ် Vs ဝုဗ်**

**ကစားမည့်ရက်/အချိန် ၂-၁၂-၂၀၂၃ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အာဆင်နယ် ၅ – ၀ ဝုဗ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | – | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |
| ဝုဗ် | – | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |

အခုရာသီမှာ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ အာဆင်နယ်အသင်းဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ တိုက်စစ်ပိုင်းက ၁၁ ဂိုးထိသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဝုဗ်အသင်းကတော့ အဝေးကွင်းစွမ်းဆောင်ရည်ကျဆင်းနေတာကြောင့် အာဆင်နယ်ကို တိုက်စစ်ဖွင့်ကစားမယ်ဆိုရင် ပေးဂိုးများသွားနိုင်ပါတယ်။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုနဲ့ တိုက်စစ်ပိုင်းအသာရနေတဲ့ အာဆင်နယ်ကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အာဆင်နယ် ၂ – ၁ ဝုဗ်**

**နယူးကာဆယ် Vs မန်ယူ**

**ကစားမည့်ရက်/အချိန် ၃-၁၂-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မန်ယူ ၀ – ၃ နယူးကာဆယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | – | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(သရေ) |
| မန်ယူ | – | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(သရေ) |

နယူးကာဆယ်ဟာ အစ်ဆက်ခ်ပြန်လည်ပါဝင်လာချိန်မှာ တိုက်စစ်ပိုင်းကောင်းမွန်လာတာကြောင့် ယခုပွဲစဉ်မှာ မန်ယူအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ မန်ယူအသင်းကတော့ ခံစစ်ပိုင်းနဲ့ ဂိုးသမားအိုနာနာအမှားများနေမှုကြောင့် နယူးကာဆယ်တိုက်စစ်ကို ထိန်းချုပ်ဖို့ခက်ခဲမှာသေချာပါတယ်။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်ကောင်းလာတဲ့ နယူးကာဆယ်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – နယူးကာဆယ် ၂ – ၁ မန်ယူ**

## အီတလီစီးရီးအေ ပွဲစဉ် (၁၄) ပွဲကြိုသုံးသပ်ချက်

ML

**ဖီအိုရင်တီးနား Vs ဆလာနီတာနာ**

**ကစားမည့်ရက်/အချိန် ၂-၁၂-၂၀၂၃ (ည ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆလာနီတာနာ ၃ – ၃ ဖီအိုရင်တီးနား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဆလာနီတာနာ | – | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(နိုင်) |

ဖီအိုရင်တီးနားအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အေစီမီလန်ကို ရှုံးခဲ့တာကြောင့် အခုလိုခြေစွမ်းပိုင်းအားနည်းတဲ့ အသင်းနဲ့တွေ့ချိန်မှာ ရမှတ်အပြည့်ရဖို့ အစွမ်းကုန်ပြင်ဆင်လာမှာပါ။ ဆလာနီတာနာကတော့ ပြီးခဲ့တဲ့ပွဲစဉ်မှာ လာဇီယိုကိုအနိုင်ရထားပေမဲ့ အဝေးကွင်းမှာတော့ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ အသင်းဖြစ်ပါတယ်။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရှာဖွေရမဲ့ ဖီအိုရင်တီးနားအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဖီအိုရင်တီးနား ၂ – ၀ ဆလာနီတာနာ**

## အားကစားသတင်း အတိုအထွာများ

- တိုက်စစ်မှူး အန်ဆူဖာတီအနေဖြင့် ဒဏ်ရာပြဿနာကြောင့် သုံးလခန့်အနားယူရမည်ဖြစ်ကြောင်း ဘရိုက်တန်အသင်းက အတည်ပြုပြောကြားခဲ့သည်။
- နိုဝင်ဘာလအတွက် ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးဂိုးသမားစာရင်းတွင် ဗီကာရီအို၊ အိုနာနာ၊ နစ်ပုပ်၊ အယ်လစ်ဆင်၊ ကာမင်စကီ၊အာရီအိုလာတို့ပါဝင်ခဲ့ပြီး လီဗာပူးဂိုးသမား အယ်လစ်ဆင်က အကောင်းဆုံးဆုရရန် ရေပန်းစားနေကြောင်း သိရသည်။

ML

# ချန်ပီယံလိဂ်ပြိုင်ပွဲပထမပိုင်းတွင် သွင်းဂိုးအများဆုံးသွင်းယူနိုင်သည့် အသင်းအဖြစ် အာဆင်နယ်အသင်းမှတ်တမ်းဝင်



**လန်ဒန် နိုဝင်ဘာ ၃၀**

အာဆင်နယ် အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် လန်းအသင်းနှင့်ကစားခဲ့သည့်ပွဲစဉ် ပထမပိုင်းပွဲကစားချိန်တွင် ငါးဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲ ပထမပိုင်းတွင် ဂိုးအများဆုံးသွင်းယူနိုင်သည့် အင်္ဂလန်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ပထမပိုင်းတွင် အာဆင်နယ် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် ကိုင်ဟာဗတ်၊ ပွဲချိန် ၂၁ မိနစ်တွင် ဂျီးဆပ်၊ ပွဲချိန် ၂၃ မိနစ်တွင် ဆာကာ၊ ပွဲချိန် ၂၇ မိနစ်တွင် မာတင်နယ်လီနှင့် ပွဲချိန် ၄၅ မိနစ်တွင် အိုဒီဂတ်တို့က အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပထမပိုင်း ပွဲကစားချိန်အတွင်း သွင်းဂိုးအများဆုံးသွင်းယူနိုင်သည့် အင်္ဂလန်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အာဆင်နယ်အသင်းသည် လန်းအသင်းနှင့်ပွဲစဉ်တွင် ပွဲကစားချိန် ၁၅ မိနစ်အတွင်း သွင်းဂိုး လေးဂိုးထိသွင်းယူနိုင်ခဲ့သောကြောင့် ၁၉၉၈-၁၉၉၉ ဘောလုံးရာသီက မန်ယူအသင်းက ဘရွန်းဘိုင်အသင်းကို ပွဲကစားချိန် ၂၇ မိနစ်အတွင်း သွင်းဂိုး လေးဂိုးသွင်းယူနိုင်ခဲ့သည့် စံချိန်ကောင်း တစ်ရပ်ကိုလည်း ကျော်ဖြတ်နိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် လန်းအသင်းနှင့် ပွဲစဉ်ပထမပိုင်း၌ သွင်းဂိုး ငါးဂိုး၊ ဒုတိယပိုင်းတွင် သွင်းဂိုး တစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ခြောက်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး အုပ်စု(B) ပွဲစဉ် ငါးပွဲကစားအပြီးတွင် လေးပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၁၂ မှတ်ရရှိခဲ့ကာ အုပ်စုပထမနေရာဖြင့် ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး အုပ်စုနောက်ဆုံးပွဲစဉ်ကို လာမည့် ဒီဇင်ဘာ ၁၂ ရက်တွင် ပီအက်စ်ဗွီအသင်းနှင့် အဝေးကွင်းတွင် သွားရောက် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : ML

# ၁၉၆၂-၁၉၆၃ ဘောလုံးရာသီနောက်ပိုင်း ခံစစ်ပိုင်းပေးဂိုးအများဆုံးဘောလုံးရာသီနှင့် မန်ယူအသင်းကြုံတွေ့

**မန်ချက်စတာ နိုဝင်ဘာ ၃၀**

မန်ယူအသင်းသည် ဂါလာတာစရေးအသင်းနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲအုပ်စုအဆင့်တွင် တစ်ဖက် သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံ ပွဲ ၂၀ ကစားခဲ့ရာတွင် ပေးဂိုး ၃၃ ဂိုးထိရှိခဲ့သောကြောင့် ၁၉၆၂-၁၉၆၃ ဘောလုံးရာသီနောက်ပိုင်း ပေးဂိုးအများဆုံးဖြစ်လာခဲ့ကြောင်း သိရသည်။

မန်ယူအသင်းအနေဖြင့် ၁၉၆၂-၁၉၆၃ ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၀ ကစားခဲ့ရာတွင် ပေးဂိုး ၄၃ ဂိုးရှိခဲ့သည့် မှတ်တမ်းဆိုးတစ်ရပ်ရှိခဲ့ပြီးနောက် နောက်ပိုင်းဘောလုံးရာသီများတွင် ပေးဂိုးလျော့နည်းခဲ့သော်လည်း ဂါလာတာစရေးအသင်းနှင့် ပွဲစဉ်တွင် ပေးဂိုး သုံးဂိုးခွင့်ပြုခဲ့ရသဖြင့် ပြိုင်ပွဲစုံ ၂၀ တွင် ပေးဂိုး ၃၃ ဂိုးထိရှိလာခဲ့ကာ နှစ်ပေါင်း ၆၀ အကြာတွင် မှတ်တမ်းဆိုးတစ်ရပ်ကို ပြန်လည်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်ယူအသင်းသည် ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၁၁ မိနစ်၊ ပွဲချိန် ၁၈ မိနစ်နှင့် ပွဲချိန် ၅၅ မိနစ်တို့တွင် ဦးဆောင်ဂိုးများရခဲ့သော်လည်း ပွဲချိန် ၂၉ မိနစ်၊ ပွဲချိန် ၆၂ မိနစ်နှင့် ပွဲချိန် ၇၁ မိနစ်တို့တွင် ချေပဂိုးများခွင့်ပြုခဲ့ရသဖြင့် တစ်ဖက် သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ငါးပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးဖြင့် ရမှတ်လေးမှတ်ရရှိခဲ့ကာ အမှတ်ပေးဇယားအောက်ဆုံးသို့ရောက်ခဲ့ပြီး ခံစစ်ပိုင်း ပေးဂိုး ၁၄ ဂိုးဖြင့် အုပ်စု(A)တွင် ပေးဂိုးအများဆုံး အသင်းဖြစ်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းအနေဖြင့် လာမည့် ဒီဇင်ဘာ ၁၃ ရက်တွင် ကစားရမည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် အုပ်စုနောက်ဆုံးပွဲစဉ်ကို နိုင်ပွဲရရှိမှသာ ဥရောပပြိုင်ပွဲ ဆက်လက်ကစားခွင့်ရရှိမည်ဖြစ်သကဲ့သို့ အမှတ်ပေးပြိုင်ပွဲတွင်လည်း ပွဲစဉ် ၁၃ အပြီးတွင် အဆင့်(၆)နေရာတွင်ရပ်တည်နေသော်လည်း လာမည့် ဒီဇင်ဘာ ၃ ရက်တွင် အဆင့်(၇)နေရာ၌ ရပ်တည်နေသည့် နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : ML

# ဥရောပဂေါက်သီးရိုက်အဖွဲ့ချုပ်က လုခ်ဒေါ်နယ်ကို အသင်းခေါင်းဆောင်အဖြစ် ထပ်မံခန့်အပ်ကြောင်းကြေညာ

**ရောမ နိုဝင်ဘာ ၃၀**

အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပခဲ့သည့် ယခုနှစ် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဥရောပအသင်းကို ချန်ပီယံဖြစ်အောင် ဦးဆောင်ပေးနိုင်ခဲ့သော အင်္ဂလန်နိုင်ငံသား လုခ်ဒေါ်နယ်အား ဥရောပအသင်း၏ အသင်းခေါင်းဆောင်အဖြစ် ထပ်မံခန့်အပ်လိုက်ကြောင်း ဥရောပဂေါက်သီးရိုက်အဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

လုခ်ဒေါ်နယ်ကို ယခုနှစ် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင် ဥရောပအသင်းသားများကလည်း အသင်းခေါင်းဆောင်အဖြစ် ထပ်မံတာဝန်ယူပေးရန် တောင်းဆိုမှုများပြုလုပ်ခဲ့ပြီးနောက် ဥရောပဂေါက်သီးရိုက်အဖွဲ့ချုပ်က လုခ်ဒေါ်နယ်ကို စာချုပ်သစ်ဖြင့်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

လုခ်ဒေါ်နယ်သည် ဥရောပဂေါက်သီးရိုက်အဖွဲ့ချုပ်၏ စာချုပ်သစ်ကိုလက်ခံခဲ့ပြီးနောက် ၁၉၉၅ ခုနှစ်နောက်ပိုင်း ဥရောပဂေါက်သီးရိုက်အသင်းကို နှစ်ကြိမ်ဆက်တိုက် တာဝန်ယူမည့်အသင်းခေါင်းဆောင်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။



ဥရောပအသင်းသည် ဥရောပမြေတွင် အောင်ပွဲခံနိုင်ခဲ့သော်လည်း အမေရိကန်မြေတွင် အောင်မြင်မှုရရှိရန်ရုန်းကန်နေရပြီး လုခ်ဒေါ်နယ်သည် ဥရောပမြေတွင် ချန်ပီယံဖြစ်အောင်ဦးဆောင်ပေးနိုင်ခဲ့ပြီးနောက် ၁၉၈၇ ခုနှစ်နောက်ပိုင်း ဥရောပတွင်သာမက အမေရိကန်မြေတွင်လည်း ချန်ပီယံဖြစ်အောင် ပထမဦးဆုံးဦးဆောင်ပေးနိုင်သည့် အသင်းခေါင်းဆောင်ဖြစ်ခွင့်ရချင်ကြောင်းလည်း ပြောကြားခဲ့သည်။

Ref : Sputnik

Trs : AZL

# အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ဩစတြေးလျကလပ် မက်အာသာအသင်းကို လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်



**ရန်ကုန် နိုဝင်ဘာ ၃၀**

အာရှ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး ကျင်းပလျက်ရှိသည့် အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စု ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီက ထိုင်းနိုင်ငံတွင် ရှမ်းယူနိုက်တက်အသင်းနှင့် မက်အာသာအသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ကျော်ဇင်ဖြိုး၊ ဇွဲထက်မင်း၊ ဇွဲခန့်မင်း၊ ရဲမင်းသူ၊ ဟိန်းသီဟဇော်၊ ဇင်ဖြိုးအောင်၊ မက်ဆာကီ၊ နန္ဒကျော်၊ ထက်ဖြိုးဝေ၊ ရဲရင့်အောင်နှင့်မိုတို အစရှိသည့် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲချိန်ပထမပိုင်းတွင် အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ကာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မက်အာသာအသင်းက ပိုမိုတိုက်စစ်မြှင့်ဖိအားပေးကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်း ခက်ခက်ခဲခဲထိန်းချုပ်ကစားခဲ့သော်လည်း ပွဲချိန် ၄၆ မိနစ်တွင် ဒီဆေးဗား၊ ပွဲချိန် ၅၇ မိနစ်တွင် ဟော့မန်း၊ ပွဲချိန် ၆၃ မိနစ်တွင် အက်ကော့၊ ပွဲချိန် မိနစ် ၉၀ တွင် ဂျယ်ရီတို့က မက်အာသာအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မက်အာသာအသင်းက ရှမ်းယူနိုက်တက်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်လေးပွဲကစားခဲ့ရာ ဖိလစ်ပိုင်ကလပ် ဆီဘူးအသင်းတစ်သင်းနှင့်သာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ထားပြီး ကျန်လေးပွဲစလုံးရှုံးနိမ့်ထားကာ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဖနွမ်းပင်ခရောင်းအသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။ STA

# 2023 ATP Awards ကဏ္ဍနှစ်မျိုး အကောင်းဆုံးဆုအတွက် ဆန်ခါတင်စာရင်းတွင် အီတလီကစားသမား ဂျန်နစ်ဆင်နာ ပါဝင်လာ



**လန်ဒန် နိုဝင်ဘာ ၃၀**

ယခုနှစ် တင်းနစ်ရာသီ၏ အဓိကပြိုင်ပွဲများ ပြီးဆုံးသွားခဲ့ပြီးနောက် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ အခြေစိုက် ပရော်ဖက်ရှင်နယ် တင်းနစ်အသင်း(ATP)က ကဏ္ဍနှစ်မျိုးတွင် အကောင်းဆုံးဆုအတွက် အီတလီတင်းနစ်ကစားသမားဂျန်နစ်ဆင်နာ ပါဝင်လာကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ဆင်နာသည် ယခုနှစ် တင်းနစ်ရာသီအတွင်း အောင်မြင်မှုများစွာရရှိခဲ့သလို ကမ္ဘာ့အဆင့်(၄) နေရာထိ တက်ရောက်နိုင်ခဲ့သူဖြစ်သည်။

ဂျန်နစ်ဆင်နာသည် ATP က ထုတ်ပြန်ခဲ့သည့် တစ်နှစ်တာ တိုးတက်မှုအရှိဆုံး ဆန်ခါတင် ကစားသမားစာရင်းတွင် အီတလီ တင်းနစ်ကစားသမား မက်တီယို၊ အမေရိကန် တင်းနစ်ကစားသမားများဖြစ်ကြသည့် ခရစ္စတိုဖာအူဘန်း၊ ဘင်ရှယ်တန်တို့နှင့်အတူ ပါဝင်လာခဲ့သည်။

ယခုနှစ် တင်းနစ်ရာသီအတွက် Stefan Edberg Sportsmanship Award ဆုတွင်လည်း စပိန် တင်းနစ်ကစားသမား အယ်ကာရက်ဇ်၊ ဘူလ်ဂေးရီးယားတင်းနစ်ကစားသမားဒီမီထရော့ဗ်၊ ပိုလန် တင်းနစ်ကစားသမား ဟာကက်ဇ်တို့နှင့်အတူ ဆန်ခါတင်စာရင်းတွင် ပါဝင်လာခဲ့သည်။

ဂျန်နစ်ဆင်နာ အနေဖြင့် တစ်နှစ်တာ အတိုးတက်ဆုံးကစားသမားဆုကိုဆွတ်ခူးနိုင်ရန် ထိပ်ဆုံးမှရေပန်းစားနေပြီး Stefan Edberg Sportsmanship Award ဆုအတွက် ကမ္ဘာ့အဆင့်(၂)တင်းနစ်ကစားသမား အယ်ကာရက်ဇ်၏နောက်တွင် ဒုတိယနေရာမှ ရေပန်းစားလျက်ရှိသည်။

တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား ဂျိုကိုဗစ်က ရရှိရန် သေချာသလောက်ရှိနေပြီဖြစ်ပြီး တစ်နှစ်တာအကောင်းဆုံး နည်းပြဆုအတွက် ဆန်ခါတင်စာရင်းတွင် ဂျန်နစ်ဆင်နာ၏နည်းပြများဖြစ်သော ဒါရင်ကာဟေးလ်၊ဆီမွန်နီ၊ ဟာကက်ဇ်၏ နည်းပြဖြစ်သူ ဘွိုင်းတန်၊ အယ်ကာရက်ဇ်၏ နည်းပြဖြစ်သူဖာရဲရို၊ ဂျိုကိုဗစ်၏ နည်းပြဖြစ်သူ အိုင်ဗန်နီစီဗစ်၊ ဘင်ရှယ်တန်၏နည်းပြဖြစ်သူ ဘရိုင်ယန်ရှယ်တန်တို့ ပါဝင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# နိုဝင်ဘာလအတွက် ပရီးမီးယားလိဂ်တစ်လတာအကောင်းဆုံးဆုများအတွက် ဆန်ခါတင်ကစားသမားစာရင်း ထုတ်ပြန်ကြေညာ

**လန်ဒန် နိုဝင်ဘာ ၃၀**

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က လစဉ်ပေးအပ်ချီးမြှင့်သည့် နိုဝင်ဘာလအတွက် ပရီးမီးယားလိဂ် တစ်လတာ အကောင်းဆုံးဆုများအတွက် ဆန်ခါတင်ကစားသမားစာရင်းထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလအတွက် ပရီးမီးယားလိဂ် တစ်လတာအကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် ကစားသမားခြောက်ဦး ပါဝင်လာခဲ့ပြီး မန်စီးတီးအသင်း တောင်ပံကစားသမား ဒိုကူ၊ နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား ဂေါ်ဒွန်၊ လူတန်အသင်းဂိုးသမား ကာမင်စကီး၊ မန်ယူအသင်းခံစစ်ကစားသမား မက်ဂွဲယား၊ ချဲလ်ဆီးအသင်း တောင်ပံကစားသမား စတားလင်းနှင့် ဘုန်းမောက်အသင်း တောင်ပံကစားသမား တာဗာနီးယားတို့ပါဝင်လာခဲ့ကြသည်။

ဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်လျက်ရှိသူများမှ မန်စီးတီးအသင်းနှင့်အတူ နိုဝင်ဘာလအတွင်းကစားခဲ့သည့် ပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြသခဲ့သည့် တောင်ပံကစားသမား ဒိုကူနှင့် နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား ဂေါ်ဒွန်တို့က အပြိုင်ရေပန်းစားလျက်ရှိနေသည်။

အလားတူ တစ်လတာ အကောင်းဆုံး နည်းပြဆုအတွက် ဆန်ခါတင်နည်းပြစာရင်းတွင်လည်း လူတန်အသင်းနည်းပြ အက်ဝပ်၊ နယူးကာဆယ်အသင်းနည်းပြဟိုဝီ၊ ဘုန်းမောက်အသင်းနည်းပြ အီရာအိုလာနှင့် မန်ယူအသင်းနည်းပြ တန်ဟတ်တို့ပါဝင်လာခဲ့ကြကြောင်း သိရသည်။

Ref : RT
Trs : STA

## စပိန်လာလီဂါ ပွဲစဉ် (၁၅) ပွဲကြိုသုံးသပ်ချက်

STA

**ဘီလ်ဘာအို Vs ဗယ်လ်ကာနို**

**ကစားမည့်ရက်/အချိန် ၂-၁၂-၂၀၂၃ (ည ၀၉:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဗယ်လ်ကာနို ၀ - ၀ ဘီလ်ဘာအို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| ဗယ်လ်ကာနို | - | ဝေး(သရေ) | အိမ်(ရှုံး) | အိမ်(သရေ) |

အိမ်ကွင်းကစားပုံကောင်းတဲ့ ဘီလ်ဘာအိုအသင်းဟာ ဗယ်လ်ကာနိုအသင်းကို ခြေစွမ်းပိုင်းအသာစီးနဲ့ကစားနိုင်မှာပါ။ လက်ရှိ ဗယ်လ်ကာနိုအသင်းရဲ့ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိတာကြောင့် အခုပွဲစဉ်မှာလဲ ရှုံးကန်လာရမှာပါ။ ဒါကြောင့် ဒီပွဲမှာ အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ ဘီလ်ဘာအိုအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း - ဘီလ်ဘာအို ၂ - ၀ ဗယ်လ်ကာနို**

## ပြင်သစ်လီဂူး ပွဲစဉ် (၁၄) ပွဲကြိုသုံးသပ်ချက်

STA

**လန်း Vs လိုင်ယွန်**

**ကစားမည့်ရက်/အချိန် ၂-၁၂-၂၀၂၃ (ည ၁၀:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုင်ယွန် ၂ - ၁ လန်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လန်း | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(ရှုံး) |
| လိုင်ယွန် | - | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(ရှုံး) |

တစ်ပွဲသာနိုင်ပွဲရရှိထားတဲ့ လိုင်ယွန်အသင်းရဲ့ ခြေစွမ်းပိုင်းက အတော်လေးဆိုးရွားနေလို့ အခုအဝေးကွင်းပွဲစဉ်မှာလဲ ရှုံးကန်လာရမှာပါ။ လန်းအသင်းကလဲ အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်တာကြောင့် လိုင်ယွန်အသင်းကိုဖိအားပေးနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ လန်းအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လန်း ၂ - ၁ လိုင်ယွန်**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၃) ပွဲကြိုသုံးသပ်ချက်များ

STA

**စတုဂတ် Vs ဝါဒါဘရီမင်**

**ကစားမည့်ရက်/အချိန် ၂-၁၂-၂၀၂၃ (ည ၁၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စတုဂတ် ၀ - ၂ ဝါဒါဘရီမင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| စတုဂတ် | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| ဝါဒါဘရီမင် | - | ဝေး(သရေ) | အိမ်(သရေ) | အိမ်(ရှုံး) |

သုံးပွဲဆက်နိုင်ပွဲရယူထားပြီး ပုံစံကောင်းပြသနေတဲ့ စတုဂတ်အသင်းဟာ အခုပွဲစဉ်မှာလဲ ဝါဒါဘရီမင်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးနိုင်မှာပါ။ ဝါဒါဘရီမင်အသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ စတုဂတ်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း - စတုဂတ် ၂ - ၀ ဝါဒါဘရီမင်**

**ဘိုင်ယန်မြူးနစ် Vs ယူနီယံဘာလင်**

**ကစားမည့်ရက်/အချိန် ၂-၁၂-၂၀၂၃ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုင်ယန်မြူးနစ် ၃ - ၀ ယူနီယံဘာလင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |
| ယူနီယံဘာလင် | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(သရေ) |

ဒီနှစ်ဘောလုံးရာသီ ၁၂ ပွဲကစားပြီးချိန် နိုင်ပွဲတစ်ပွဲသာရရှိထားသေးတဲ့ ယူနီယံဘာလင်အသင်းရဲ့ခြေစွမ်းပိုင်းက အတော်လေးဆိုးရွားနေလို့ အဝေးကွင်းမှာ ဘိုင်ယန်မြူးနစ်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဘိုင်ယန်မြူးနစ်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ အနိုင်ရယူဖို့မခက်ခဲနိုင်လို့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းရဲ့အနိုင်ရလဒ်က သေချာနေပါတယ်။

**အင်တာနက်ခန့်မှန်း - ဘိုင်ယန်မြူးနစ် ၄ - ၀ ယူနီယံဘာလင်**

# မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော ရွေးကောက်ပွဲများနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်

မောင်ရွှေရိုး

**ယမန်နေ့မှအဆက်**

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်**

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေးက တစ်ပါတီစနစ်နှင့် ပါတီစုံစနစ် အနက် မည်သည့်စနစ်ကိုလိုလားကြောင်း ပြည်သူ့ဆန္ဒခံယူပွဲ မကျင်းပတော့ဘဲ ပါတီစုံစနစ်ဖြင့် အထွေထွေ ရွေးကောက်ပွဲကို သုံးလအတွင်း ကျင်းပပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဦးဘဘော၊ အငြိမ်းစားဘဏ္ဍာတော်မင်းကြီးအပါအဝင် အဖွဲ့ဝင် ၄ ဦးဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် စက်တင်ဘာလ ၂၈ ရက်နေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ပြဋ္ဌာန်းခဲ့ပါသည်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ နောက်ဆုံးမှတ်ပုံတင်ခွင့်ပြုထားသော နေ့ရက်အဖြစ် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီပေါင်းမှာ ၂၃၅ ဖွဲ့ဖြစ်ပါသည်။ ကော်မရှင်၏စိစစ်ချက်အရ တောတွင်းကွန်မြူနစ်များမှ ထူထောင်သည့်ပါတီများ NCGUB နှင့် ယှဉ်ပြိုင်အစိုးရအဖွဲ့များ၊ ပြည်ပြေးများ၊ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့အစည်းများနှင့် မိမိသဘောအလျောက် ပယ်ဖျက်ခဲ့ရသည့်ပါတီများ စုစုပေါင်း ၁၄၂ ပါတီ ဖျက်သိမ်းခဲ့ရသဖြင့် ၉၃ ပါတီသာ ကျန်ရှိခဲ့သည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်တွင် ကျင်းပခဲ့ပါသည်။ ရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်း ၉၃ ဖွဲ့မှ ကိုယ်စားလှယ်လောင်း ၂၂၀၉ ဦးနှင့် တစ်သီးပုဂ္ဂလ ၈၇ ဦးတို့ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်လောင်း စုစုပေါင်း ၂၂၉၆ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၂၇ ပါတီမှ ၄၇၉ ဦးနှင့် တစ်သီးပုဂ္ဂလ ၆ ဦး စုစုပေါင်း ၄၈၅ ဦးတို့ ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပါသည်။

နိုင်ငံတော်တွင် ရေရှည်အကျိုးရှိပြီးခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မရှိမဖြစ်လိုအပ်သည့်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၉၃ ခုနှစ်မှစ၍ အမျိုးသားညီလာခံကို ခေါ်ယူကျင်းပပေးခဲ့သည်။ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အနိုင်ရရှိသည့် NLD ပါတီ ကိုယ်စားလှယ်အမတ်များ အမျိုးသားညီလာခံမှထွက်ခွာခဲ့ကြသည့်အတွက် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်သည်လည်း ပျက်ပြယ်သွားခဲ့ရသည်။ အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံမူများနှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲခဲ့ကြသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို အတည်ပြုနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်တွင် ကြေညာချက်အမှတ် ၃/၂၀၀၈ ဖြင့် ဥက္ကဋ္ဌ ဦးအောင်တိုး အပါအဝင်အဖွဲ့ဝင် ၄၅ ဦးပါဝင်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို သက္ကရာဇ် ၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက် (ခရစ်နှစ် ၂၀၀၈ ခုနှစ်၊ မေလ ၂၉ ရက်) နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

**❖ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော မဲစာရင်း ကြီးမားစွာမှားယွင်းမှုနှင့် အခြားသော ရွေးကောက်ပွဲဆိုင်ရာပြဿနာများအား တာဝန်ရှိသူအဆင့်ဆင့်က ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိဘဲ လွှတ်တော်အသီးသီးအား ခေါ်ယူခြင်းနှင့်အစိုးရဖွဲ့ရန် ကြိုးစားခြင်းတို့သာ ဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေက အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအားခေါ်ယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေကြေညာခဲ့ပါသည်။ ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၈၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအာဏာတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးခဲ့ရပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ❖**

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ ရွေးကောက်ပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဥက္ကဋ္ဌ ဦးသိန်းစိုး အပါအဝင် အဖွဲ့ဝင် ၁၇ ဦးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ရွေးကောက်ပွဲကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၅ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၆၆၁ ဦး စုစုပေါင်း ၁၁၅၄ ဦး ရွေးချယ်တင်မြှောက်ခဲ့သည်။ လွှတ်တော်အသီးသီးအနက် နိုင်ငံရေးပါတီ ၃၇ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၂၉၈၇ ဦး၊ တစ်သီးပုဂ္ဂလ ၈၂ ဦး စုစုပေါင်း ၃၀၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံရေးပါတီ ၂၂ ပါတီနှင့် တစ်သီးပုဂ္ဂလ ၆ ဦးတို့ အရွေးခံရပါသည်။ လွှတ်တော်သုံးရပ်ပေါင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ၈၈၂ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ၆၄ ဦး၊ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီမှ ၅၇ ဦး၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ၁၆ ဦး၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ၃၅ ဦးနှင့် ကျန် ၁၇ ပါတီမှ ၉၄ ဦး ရွေးချယ်ခံရပါသည်။ ပထမအကြိမ်လွှတ်တော်သက်တမ်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်ကာ အစိုးရအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ ကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ခဲ့ရာ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (င) တွင် ပါတီဝင်အဖြစ်စည်းရုံးရာ၌ **"ထောင်ဒဏ်ကျခံနေသူမဟုတ်ခြင်း"**ဆိုသည့် စကားရပ်ကိုပယ်ဖျက်ခဲ့၍ ထောင်ဒဏ်ကျခံနေသူများကိုလည်း ပါတီဝင်အဖြစ် စည်းရုံးနိုင်သဖြင့် ၂၀၁၀ ပြည့်နှစ် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပျက်ပြယ်ခဲ့ပြီးဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ မှတ်ပုံတင်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ **၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့ကြားဖြတ်ရွေးကောက်ပွဲ** ကျင်းပခဲ့ရာ ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ စုစုပေါင်း ၃ ပါတီတို့ အရွေးခံရပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီ အမတ်များလွှတ်တော်အတွင်းသို့ ရောက်ရှိခဲ့ကြသည်။

**၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို** ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ (၉၁) ပါတီ ကိုယ်စားပြု ၅၇၈၂ ဦးနှင့် တစ်သီးပုဂ္ဂလ ၃၁၀ ဦးအနက် နိုင်ငံရေးပါတီ ၂၂ ပါတီ ကိုယ်စားပြု ၁၁၄၅ ဦးနှင့် တစ်သီးပုဂ္ဂလ ၅ ဦး အရွေးခံရသည်။ လွှတ်တော် ၃ ရပ်ပေါင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ၁၁၇ ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၈၈၆ ဦး၊ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ၄၀ ဦး၊ ရခိုင်အမျိုးသားပါတီသည် ၄၅ ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသည် ၁ ဦးနှင့် ကျန် ၁၇ ပါတီသည် ၅၆ ဦး ရွေးချယ်ခံရပါသည်။ NLD ပါတီဦးဆောင်၍ အစိုးရဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတမဖြစ်နိုင်သဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေပြဋ္ဌာန်းပြီး အစိုးရအဖွဲ့ကို သူမမှ ဦးဆောင်ခဲ့ပါသည်။

နိုင်ငံတော်သမ္မတသည် ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း အပါအဝင် အဖွဲ့ဝင် ၁၃ ဦးကို ခန့်အပ် တာဝန်ပေးခဲ့ပါသည်။ **၂၀၁၇ ခုနှစ် ဧပြီလ ၁ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို** နိုဝင်ဘာလ ၈ ရက်နေ့တွင် မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၌ ကျင်းပဆောင်ရွက်ခဲ့သည်။

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုများ**

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို** နိုဝင်ဘာလ ၈ ရက်နေ့တွင် မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၌ ကျင်းပခဲ့ပါသည်။ နိုင်ငံရေးပါတီ ၉၁ ပါတီ လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၅၃၇၉ ဦးနှင့်တစ်သီးပုဂ္ဂလ ၂၆၀ ဦး စုစုပေါင်း ၅၆၃၉ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပါသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုများဖြစ်ပွားခဲ့ရသည့်အတွက် ရွေးကောက်ပွဲရလဒ်များ ပျက်ပြယ်ခဲ့ရသည်။ မဲမသမာမှုဖြစ်စဉ်များကို လေ့လာကြည့်ရာ အဓိက အချက် ၃ ချက်ကို တွေ့ရှိရသည်။ ပထမအချက်မှာ မဲစာရင်းများ ဖောင်းပွခြင်း၊ ဥပဒေနှင့်မညီသူများ မဲစာရင်းတွင်ပါဝင်နေခြင်း၊ ဒုတိယအချက်မှာ မဲလက်မှတ်များ ပိုမိုရိုက်နှိပ်ဖြန့်ဝေခြင်း၊ တတိယအချက်မှာ မဲစာရင်းအပိုများ၊ မဲလက်မှတ်အပိုများဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုများကိုပြုလုပ်ခြင်း၊ ရပ်ကွက်ကျေးရွာများတွင် ဥပဒေနှင့်မညီညွတ်သော ကြိုတင်မဲများကောက်ခံခြင်းတို့ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ်အားလုံးတွင် မဲမသမာမှုများ တစ်ပုံတစ်ပင်ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရသည်။ သာမန်မဲစာရင်းများယွင်းမှုမျိုးမဟုတ်ဘဲ နိုင်ငံတကာ အဖွဲ့အစည်းအချို့၏ ပါဝင်ဆောင်ရွက်မှုဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ မဲစာရင်းများတွင် ဥပဒေနှင့်မညီညွတ်သောသူများ ၁၁ ဒသမ ၃ သန်းအထိ ပါဝင်ခဲ့သည်။ ယင်းတွင် နိုင်ငံသားစိစစ်ရေးလက်မှတ် (မှတ်ပုံတင်) မရှိသူ ၄ ဒသမ ၈၆ သန်း ပါဝင်ခဲ့ခြင်းသည် မဲဆန္ဒရှင်များအတွက် များစွာနစ်နာဆုံးရှုံးမှုဖြစ်သည်။ မဲစာရင်းတွင် ၂ ကြိမ်၊ ၃ ကြိမ်၊ ၅ ကြိမ်အထိ ပါဝင်နေသူများ၊ ၁၈ နှစ် မပြည့်သူများနှင့် သေဆုံးသူများ ၆ ဒသမ ၄၄ သန်းဖြစ်သည်။ မဲပေးရန်အတွက် မဲလက်မှတ်များ ရိုက်နှိပ်ဖြန့်ဝေမှုမှာ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၄၃ သန်းဖြစ်သည်။ မဲလက်မှတ်ရိုက်နှိပ်မှုများကို ထုတ်ပြန်ကြေညာပေးရန် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖွဲ့၊ သတင်းမီဒီယာများနှင့် နိုင်ငံရေးပါတီများက တောင်းဆိုခဲ့ကြသော်လည်း ငြင်းပယ်ခဲ့သည်။ ဆန္ဒမဲပေးခဲ့သည့်မဲလက်မှတ်များမှာ ၂၆ ဒသမ ၆၅ သန်းဖြစ်သဖြင့် ၁၆ ဒသမ ၃၅ သန်းခန့် အပိုတွေ့ရှိရသည်။ မဲလက်မှတ် မြောက်မြားစွာအပိုရိုက်နှိပ်ပြီး မဲစာရင်းတွင် ပို၍ပါဝင်နေသူများနှင့် ဥပဒေမဲ့ မဲပေးမှုများကို ရပ်ကွက်၊ ကျေးရွာများအတွင်း ကြိုတင်မဲများဖြင့် မဲပေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မဲစာရင်းများကို စစ်ဆေးသည့်အခါတွင် မဲရုံများ၌ မဲလက်မှတ်များ ပိုနေသည်ကို တွေ့ရှိခဲ့ရသည်။ **စာမျက်နှာ ၁၁ သို့ ➤**

➤ စာမျက်နှာ ၁၀ မှအဆက်

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲလက်မှတ်အပို ၄ ဒသမ ၃ သိန်းထိရှိခဲ့သည်။ မဲပေးရာတွင် နိုင်ငံသား စိစစ်ရေးကတ်အစား စလစ်စာရွက်(Voter Slip) ဖြင့် မဲပေးခွင့်ပြုရန် ဥပဒေနှင့်မညီညွတ်သော ညွှန်ကြားဆောင်ရွက်မှုများဖြင့် မဲမသမာမှုများဖြစ်ပွားခဲ့ရသည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်ဖွဲ့စည်းရာတွင် အာဏာရပါတီ၏ ဝန်ကြီးချုပ်များက အဆိုပြုသောသူများနှင့်ဖွဲ့စည်းခဲ့ပြီး ရွေးကောက်ပွဲကို ကျင်းပဆောင်ရွက်ခဲ့သည်။ ယင်းအဖွဲ့များနှင့် NLD ပါတီအောင်နိုင်ရေးအဖွဲ့များသည် ရပ်ကွက်ကျေးရွာများတွင် ကြိုတင်မဲများကို လိုက်လံကောက်ခံခဲ့ကြသည်။ ရွေးကောက်ပွဲအကြိုကာလ မဲဆွယ်စည်းရုံးရာတွင်လည်း ကိုဗစ်ကာလစည်းကမ်းသတ်မှတ်ချက်များ ချိုးဖောက်၍ လူအုပ်စုဖြင့် ကမ်ပိန်း (Campaign) များပြုလုပ်ကာ ဆောင်ရွက်ခဲ့ကြသည်။ ဆိုရှယ်မီဒီယာဖြစ်သည့် Facebook တွင် အခြားပါတီများ၏ ဆောင်ရွက်မှုများကို ကန့်သတ်ရန်အတွက် နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေမှ ကျပ် ၆၄၂၆ သန်း သုံးစွဲခဲ့သည်။ မော်တော်ကားအစီးရေ ၂၂၀ စီး၊ ဆိုင်ကယ် ၃၂ စီး၊ လူဦးရေ ၇၆၀ ဦးခန့်ဖြင့် ကိုဗစ်ကာလအတွင်း ကားကမ်ပိန်း(Car Campaign) များ ပြုလုပ်ဆောင်ရွက်ခြင်းကို နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်တို့မှ ကိုယ်တိုင်သွားရောက် အားပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ NLD ပါတီကို မထောက်ခံသဖြင့် ယင်းတို့ မဲမရရှိနိုင်သည့် တိုင်းရင်းသားဒေသများ၏ မဲဆန္ဒနယ်များကို ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့ခြင်းမပြုဘဲ ဖျက်သိမ်းခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် IDEA နှင့် IFES တို့သည် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများဖြစ်စေရန်အတွက် ကူညီဆောင်ရွက်ရန်ဖြစ်သော်လည်း ကြီးမားသောမဲစာရင်းများယွင်းမှုများနှင့် မဲလက်မှတ်များမြောက်မြားစွာ အပိုရိုက်နှိပ်မှုများကို ထောက်ပြပြောဆိုခြင်း၊ တားမြစ်ခြင်းမပြုသည့်အပြင် ယင်းတို့ကိုယ်တိုင်နည်းပေးလမ်းပြပြု၍ ရပ်ကွက်၊ ကျေးရွာများအထိ မဲမသမာမှုများဖြစ်ပေါ်စေရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲ မဲမသမာမှုဖြစ်ရခြင်း၏အဓိကအချက်ဖြစ်သော ရွှေ့ပြောင်းလုပ်သားများ မဲစာရင်းတွင် ပါဝင်မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲဥပဒေပြင်ဆင်ရန် အကြံပြုခဲ့သည်။ IDEA နှင့် IFES တို့မှ အကြံပြုချက် ၃၅၃ ချက်ကို ယခင်ရွေးကောက်ပွဲကော်မရှင်ရယူပြီး မဲမသမာမှုများကို ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတကာအဖွဲ့အစည်း ၂၄ ခုနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ပြီး ယင်းအဖွဲ့အစည်းများက နိုင်ငံရေးပါတီအချို့အား ထောက်ပံ့နေခြင်းကို ဥပဒေနှင့်မညီညွတ်သဖြင့်တားမြစ်ရန် တာဝန်ရှိသော်လည်း ဆောင်ရွက်ခြင်းမပြုခဲ့သည့်အပြင် မဲမသမာမှုများအတွက် ပူးပေါင်းစီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း မဲမသမာမှု၊ တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်စာအုပ်တွင် လေ့လာတွေ့ရှိရပါသည်။

ထိုကဲ့သို့ အမှားအယွင်းကြီးမားစွာဖြင့် ဥပဒေမဲ့ဆောင်ရွက်မှုများကို လျစ်လျူရှုခဲ့လျှင် ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် များစွာသော အခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုရွေးကောက်ပွဲရလဒ်များနှင့်ဖွဲ့စည်းဆောင်ရွက်မည့် NLD ပါတီ အစိုးရအဖွဲ့သည် ယခင် ငါးနှစ်တာကာလ နိုင်ငံတော်ကို တာဝန်ယူခဲ့စဉ်က ဝန်ကြီးဌာနများတွင် နိုင်ငံတကာအကြံပေးများဖြစ်သည့် ဂျိုးဖစ်ရှာ၊ ကိုဖီအာနန်၊ ရှောင်တနယ်တို့ အပါအဝင် နိုင်ငံခြားသား ၉၀ ကျော်ကို ခန့်အပ်ခဲ့ပြီး ငွေကျပ်ခုံ ၂၅ ဘီလီယံခန့်ထိ သုံးစွဲဆောင်ရွက်ခဲ့သည့် သာဓကများလည်း ရှိခဲ့သည်။ ရွေးကောက်ပွဲမဲမသမာမှုများကိုလည်း နိုင်ငံခြားအကြံပေးများ၏ အကြံပြုချက်အတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ယခင်ထက်ဆိုးရွားသည့် တစ်ပါတီအာဏာရှင် နိုင်ငံပေါင်းစုံဒီမိုကရေစီအစိုးရမျိုးဖြင့် ကြုံတွေ့ကြရမည်ဖြစ်သည်။

သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော မဲစာရင်းကြီးမားစွာမှားယွင်းမှုနှင့် အခြားသောရွေးကောက်ပွဲဆိုင်ရာပြဿနာများအား တာဝန်ရှိသူအဆင့်ဆင့်ကဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိဘဲ လွှတ်တော်အသီးသီးအားခေါ်ယူခြင်းနှင့် အစိုးရဖွဲ့ရန် ကြိုးစားခြင်းတို့သာ ဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအားခေါ်ယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေကြေညာခဲ့ပါသည်။ ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၈၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးခဲ့ရပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်**ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

**နိဂုံး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များအရ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်မည်ဆိုပါက ရွေးကောက်ပွဲစနစ်များကိုလည်း ပြန်လည်သုံးသပ်ဆောင်ရွက်ရန် လိုအပ်လာပါသည်။ တစ်မဲသာ အနိုင်ရသည့် FPTP စနစ်ကြောင့် ဒီမိုကရေစီအစိုးရသက်တမ်း နှစ်ခုအတွင်း အနိုင်ရပါတီများက လွှတ်တော်များအတွင်း မဲခွဲဆောင်ရွက်ရာတွင် အနိုင်ပြုကျင့်မှု ဖြစ်စဉ်များလည်းရှိခဲ့သည်။ တိုင်းရင်းသားဒေသများဖြစ်သည့် မွန်ပြည်နယ် ချောင်းဆုံမြစ်ကူးတံတားကိစ္စ၊ ကယားပြည်နယ် ဗိုလ်ချုပ်ကြေးရုပ်ကိစ္စတို့ကို မျက်ကွယ်ပြုခဲ့ခြင်းမျိုးလည်းရှိခဲ့သည်။ ထိုရွေးကောက်ပွဲစနစ်ကြောင့် တိုင်းရင်းသားပါတီငယ်များ နစ်နာမှုများရှိခဲ့သည်ကိုလည်း ဂရုပြုရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၃၅ ခုနှစ် စီရင်အုပ်ချုပ်မှု အက်ဥပဒေအရ အောက်လွှတ်တော်ရွေးချယ်တင်မြှောက်ရာတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကို အသုံးပြုဆောင်ရွက်ခဲ့သည့်အတွက် မြန်မာအမတ်များ လွှတ်တော်တွင် ပါဝင်ခွင့်ရရှိခဲ့သည့် သာဓကများ ရှိခဲ့ပါသည်။ သို့ဖြစ်၍ အချိုးကျကိုယ်စားပြုစနစ်(PR) ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပါတီများမှာ ယင်းတို့ကို ထောက်ခံသော လူထု၏ဆန္ဒမဲများဖြင့် လွှတ်တော်အတွင်း ဥပဒေပြုရေး၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် ထိုက်သင့်သလောက် ပါဝင်ခွင့်ရရှိလာမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နိုင်ငံတော်အခြေခံမူများတွင် "နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးသည်။" ဟု မူချမှတ်ထားပြီးလည်းဖြစ်ပါသည်။ နိုင်ငံရေးပါတီများသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၅ (က) အရ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်" ဖြစ်ပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများကို ဥပဒေနှင့်အညီ ကျင်းပဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျင်းပပြုလုပ်နိုင်ရန်အတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲများနှင့် မဲမသမာမှုဖြစ်စဉ်များအပေါ် သင်ခန်းစာရယူ၍ အနာဂတ်နိုင်ငံတော်အတွက် လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲများကို ပွင့်လင်းမြင်သာစွာဖြင့် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းချက်**

**၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)**
**၂။ မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများ၏ သမိုင်းအကျဉ်း**
**၃။ နိုင်ငံရေးနှင့်နိုင်ငံရေးပါတီများ**
**၄။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမဲမသမာမှု တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်**
**၅။ ၁၉၅၀–၁၉၆၂ မြန်မာ့နိုင်ငံရေး ဒုတိယတွဲ**
**၆။ မြန်မာနိုင်ငံရေးဖြစ်စဉ်အကျဉ်း**

# ရင်ထဲကြွေတဲ့ကြယ် ဇာတ်လမ်းတွဲကို CANAL+ ZAT LENNနှင့် CANAL+ တို့မှ ဒီဇင်ဘာ ၁၁ ရက်တွင် ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် နိုဝင်ဘာ ၃၀**

CANAL+ ZAT LENN ရုပ်သံလိုင်းနှင့် CANAL+ အက်ပလီကေးရှင်းတို့မှ ရင်ထဲကြွေတဲ့ကြယ် ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၁၁ ရက်တွင် ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရင်ထဲကြွေတဲ့ကြယ် ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ပိုးမမီှသာက ပြောပြ၍ သိရသည်။

ရင်ထဲကြွေတဲ့ကြယ် ရုပ်မြင်သံကြားဇာတ်လမ်းတွဲသည် CANAL+ ၏ ကိုယ်ပိုင်ဖန်တီးမှု ဇာတ်လမ်းတွဲဖြစ်ပြီး Bonanza ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ခြင်းဖြစ်ကာ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ချစ်စုခိုင်နှင့် Sky Ward Art teams က ရေးသားရေးညွှန်းထားခြင်းဖြစ်ပြီး ဒါရိုက်တာ ဝေယံဖေက ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ သရုပ်ဆောင်တွေ အများကြီးပါသလို ရိုက်ကူးကာလကလဲ ကြာမြင့်ပါတယ်။ သေသေချာချာလေး လုပ်ထားတဲ့ ဒရာမာဇာတ်လမ်းတွဲလေးမို့ အားပေးကြပါအုံး"ဟု သရုပ်ဆောင် ပိုးမမီှသာက ပြောပြသည်။

အဆိုပါ ရင်ထဲကြွေတဲ့ကြယ် ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၁၁ ရက်မှစပြီး အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ည ၇ နာရီ မိနစ် ၃၀ တွင် CANAL+ ZAT LENN ရုပ်သံလိုင်းနှင့် CANAL+ အက်ပလီကေးရှင်းတို့မှ ထုတ်လွှင့်ပြသ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရင်ထဲကြွေတဲ့ကြယ် ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အကယ်ဒမီ မို့မို့မြင့်အောင်၊ အကယ်ဒမီ မင်းဦး၊ အကယ်ဒမီ မြတ်ကေသီအောင်၊ မင်းသူ၊ နေမျိုးအောင်၊ အောင်ရဲလင်း၊ အလင်းရောင်၊ ပန်းရောင်ခြယ်၊ ပိုးမမီှသာ၊ လီလီကျော်ခိုင်၊ တင်ဇာဝင်းပြည့်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။

ASH

# The Long Walk ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ဖရန့်စစ်လောရင့်က ရိုက်ကူးမည်

**နယူးယောက် နိုဝင်ဘာ ၃၀**

New Line Cinema ရုပ်ရှင်ကုမ္ပဏီ၏ The Long Walk ရုပ်ရှင်ဇာတ်ကားကို The Hunger Game ဒါရိုက်တာ ဖရန့်စစ်လောရင့်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

The Long Walk ဇာတ်ကားသည် ကမ္ဘာကျော် အမေရိကန် စာရေးဆရာ စတီဖင်ကင်း၏ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

စတီဖင်ကင်း၏ဝတ္ထုဖြစ်သည့် The Long Walk ကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရေးအတွက် New Line Cinema က ကမ်းလှမ်းထားကြောင်း ဒါရိုက်တာ ဖရန့်စစ်လောရင့်က မီဒီယာများသို့ အတည်ပြု ပြောကြားထားသည်။

The Long Walk ရိုက်ကူးရေး အစီအစဉ်မှ ယခုနှစ်ဩဂုတ်လအတွင်း ဒါရိုက်တာ အန်ဒရီအော့ဗရီဒဲလ်က နုတ်ထွက်ခဲ့ပြီးနောက် ဒါရိုက်တာ ဖရန့်စစ်လောရင့်ကို New Line Cinema က ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဒါရိုက်တာ ဖရန့်စစ်လောရင့်သည် The Hunger Game ဇာတ်ကားများအပြင် I am Legend နှင့်Constantine ကဲ့သို့ ထိတ်လန့်သည်းဖို ဇာတ်ကားများကိုလည်း ရိုက်ကူးခဲ့သူဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် The Long Walk ဇာတ်ကား စတင်ရိုက်ကူးမည့်အချိန်နှင့်ရုံတင်ပြသမည့် အချိန်ကို မသိရသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses coordination meeting on submission of supplemental budget accounts of Union for financial year 2023-2024



Vice-Senior General Soe Win delivers speech at the meeting.

**Nay Pyi Taw November 30**

A coordination meeting to submit supplemental budget accounts of the Union for financial year 2023-2024 was held at the State Administration Council Chairman's Office here this afternoon, addressed by Vice Chairman of Financial Commission SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win.

Also present were SAC member Lt-Gen Nyo Saw, Union Minister U Win Shein, Union Auditor-General Dr Khin Naing Oo, Deputy Minister U Maung Maung Win and officials. Union level officials, union ministers, deputy ministers and officials attended the meeting through video conferencing.

The Vice-Senior General said the government is implementing the Union Budget Law for FY 2023-2024 which was approved and enacted on 31 March 2023. While implementing the law, union level departments and organizations identified income targets and additional funds for the financial year. There may also be expenditures included in the law and mandatory additional expenditures. The approval for FY 2023-2024 supplemental budget must be passed through different steps of verification and the requested departments and organizations shall use the funds only after the SAC has promulgated the additional budget allotment law.

The Ministry of Planning and Finance checked their requests through different stages and the advanced verification committee set up in accord with the directive of the Head of State also checked them as per the State policy.

The State is systematically verifying and using sector-wise-prioritized funds for national economic development and socioeconomic progress of the people. The government is properly approving the expenditures for disaster damages including rehabilitation funds for the losses caused by Mocha cyclone that hit the country on 14 May 2023 in time. It also permitted the dutiful civil servants to enjoy additional allowance starting from October 2023 to help ease their basic needs.

According to the report presented by MoPF, supplemental funds were requested mainly for the taxes payable to the State, financial contributions to the State, additional allowance for civil servants, security budget, and development undertakings that can be completed within the financial year. During the different stages of the verification process, the minimum amount for category-wise expenditures has been ascertained.

In the state of the Union budget for the fiscal year of 2023-2024 and the original estimated budget, the GDP value of the whole country is Ks 138,195.703 billion. As for the surplus and deficit comparison on the ordinary capital liabilities, the comparison of the deficit with the GDP was found to be 5.65 percent in terms of amount. When this was checked by the relevant scrutiny teams at different levels, finally, it was found that there was no change in GDP, but the ratio of deficit to GDP was reduced from 5.65 to 5.31 percent.

Therefore, if it is impossible for departments and organizations to spend the allocated funds for the tasks according to the regional situation, they are to present it at the meeting.

If there are cases that can increase the revenue and if expenses need to be further reduced from the approved funds, they need to report on them at this meeting openly. After they have been approved at today's meeting, they will be further discussed and negotiated with chief ministers of regions and states concerned and submitted to the Financial Commission led by the Prime Minister. Therefore, if there are any further reports to be presented regarding the information verified step by step by the ministry-wise committees, it is to present them at today's meeting and if there is any amount of expenditure that can be reduced, it is to continue to present it.

After that, Chairman of the Pre-Scrutiny Committee of Union and Region or State Budgets and Member of SAC Lt-Gen Nyo Saw briefed on the pre-scrutiny of supplementary budgets of the Union and Regions/States, difficulties of ministries and organizations to implement tasks according to the current situations in regions concerned, low percentage in capacity of carrying out the tasks until additional funds are requested, the situation in which the funds can be transferred for spending, and coordination measures taken based on the state of important tasks for the fund that can be transferred from the general surplus fund.

Afterwards, Secretary of the Commission Union Minister U Win Shein briefed on completion of scrutinizing the statistics on the Union additional funds for the fiscal year of 2023-2024, Deputy Minister U Maung Maung Win on the statistics on the Union additional funds for the fiscal year of 2023-2024 and Union Auditor-General Dr. Khin Naing Oo on the budgets and related auditing measures.

Then, Union-level organizations and union ministries had sector-wise discussions and the Secretary of the Financial Commission joined the discussions.

Later, the Vice Senior General made coordination on the discussions and gave concluding remarks.

100

# Plan underway to disburse loans to farmers of owning some 50 acres of farmlands in Ayeyawady, Bago, Yangon regions and Nay Pyi Taw

**Yangon November 30**

The Myanmar Rice Federation stated that some K40 billion will be disbursed to local farmers from Ayeyawady, Bago and Yangon regions and Nay Pyi Taw Council Area for cultivation of summer paddy, according to the Myanmar Rice Federation.

In this regard, loans will be directly disbursed to farmers who operate some 50 acres of farmlands. Such a plan is not concerned with the farmers who operate with their farmlands in cooperation with agricultural companied through contract farming.

"The loan will be directly issued to 50 acres owned farmers. A plan is set to disburse loans to some 100,000 acres of summer paddy in Ayeyawady, Yangon and Bago regions and Nay Pyi Taw Council Area. So, it is necessary to loan some K40 billion," said the president.

Now, number of farmers who own some 50 acres of farmlands in these areas is enlisted to disburse loans for 100,000 aces of summer paddy.

The MRF stated that Myanmar cultivated some 17 million acres of monsoon and summer paddy to produce 14 million tons of rice yearly. Of them, 11 million tons is purposed for local consumption and 2.5 million tons for the export.

ASH



Farm work being carried out with the help of machinery.

# Authorities plan to repair Auk Set Taw Ya of Mann Shwe Set Taw Pagoda



Mann Shwe Set Taw Pagoda.

**Minbu November 30**

The 7 tiers of the Auk Set Taw Ya of the Mann Shwe Set Taw Pagoda will be repaired, according to the reports released by the Board of Trustees of the Mann Shwe Set Taw Pagoda on November 23.

There were a lot of damages to Mann Shwe Set Taw Pagoda in Minbu (Sku) Township, Minbu District, Magway Region due to heavy rain which caused Mann creek overflow during this year's rainy season.

As a result, repairs and maintenance were carried out to preserve the original works.

According to these measures, the place, where landslide occurred due to the Mocha storm between the Upper Kokhanggyi Pagoda and the Na Kyate Shisu Pagoda, was repaired.

This year the erosion prevention works will be carried out by the Development of Water Resources and Rivers Department for Magway Region due to the erosion of Mann creek at the uphill slope at the foot of Ahtet Set Taw Ya during the rainy season.

336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Fire Sergeant Tun Nay Win secures third prize in Singapore-Global Firefighters & Paramedics Challenge 2023

**Yangon November 30**

The Myanmar Fire Brigade Headquarters stated that Fire Sergeant Tun Nay Win stood third in the Singapore-Global Firefighters & Paramedics Challenge (SGFPC-2023) held in Singapore.

Myanmar competed in the challenge together with those from the UK, Australia, Macau, Luxembourg, Thailand, Brunei, Indonesia, Malaysia, Viet Nam and Hong Kong.

"At the invitation of the Singapore Civil Defence Force, Fire Sergeant Tun Nay Lin competed in the challenge and secured the third prize in the Braveheart (Individual) event," said Assistant Director U Thet Htwe Aung of the General Staff Branch of the Brigade.

In the Braveheart (Individual) event, Singapore stood first, Malaysia second, Myanmar third and Australia fourth.



Fire Sergeant Tun Nay Win receives award.

Members of Myanmar Fire Brigade Headquarters took part in the individuals and teamwise events of the Singapore-Global Firefighters & Paramedics Challenge (SGFPC 2023). ASH

# Mingin Township completes cultivation of 1,778 acres of winter sesame

**Mingin November 30**

Mingin Township Agriculture Department stated that a total of 1,778 acres of winter sesame has been cultivated in Mingin Township of Kalay District in Sagaing Region this cold season cultivation season.

Local farmers started cultivaton of 1m778 acres of cold season sesame starting from October against the target of 4,899 acres in the township. They are trying to meet the target cultivation. The department provides agricultural techniques to farmers for having GAP," said Daw Hayman Kyaw Win, Head of the Township Agriculture Department.

In 2022-23 cultivation season, farmers cultivated 4,899 acres of sesame. In 2023-24 season, the township set 18,982 acres of monsoon sesame but local farmers cultivated 19,017 acres exceeding the target cultivation.

The Township Agriculture Department provides agricultural techniques and quality seeds to local farmers for increasing per-acre yield.

206



A winter sesame plantation.

# Cold season black bean marketable in Mandalay market in 2024 bean season

**Mandalay November 30**

Now, cold season black bean are harvested and they enter the market in 2024 bean season, and the black bean is marketable in Mandalay market, according to Mandalay bean merchants.

This year, cold season black bean started entering the market in the last week of November with high quality and high yield. So, trading of black bean is booming in the market. Last year, black bean was sold at K170,000 per bag in the market open season, compared with K250,000 per bag this year, said U Soe Win Myint, owner of Soe Win Myint commodity depot in Mandalay.

"In the last week of November this year, cold season black bean entered the Mandalay market. Its quality is high with attracting buyers. Starting from the market, its prices are high. Newly-harvested bean does not have any destruction of pests and it could enjoy favourable weather. Black bean can be cultivated as double cropping in the upper Myanmar regions. But, farmers from lower Myanmar cultivate it as a single crop. This year, black bean was harvested two weeks earlier than last year. Black bean is favorite of India and such a country imports Myanmar's black bean. So, black bean is one of the products earning the large incomes for the nation," he added.

Currently, black bean from Madaya and Singu regions flows into Mandalay bean market. Moreover, same beans from Monywa, Shwebo, Pakokku and Myingyan regions are expected to enter Mandalay market soon. Black bean is cultivated in central parts of Myanmar in August and harvested in January. In Lower Myanmar, black bean is grown in Ayeyawady, Yangon and Bago regions where the bean is harvested in February and March.

185

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက ဒရုန်းဖမ်းပိုက်ကွန်များနှင့် တန်ပြန်ဒရုန်းစနစ်များကိုကျော်လွှားနိုင်မည့် Lancet ဒရုန်းသစ် ယူကရိန်းတွင်ဖြန့်ကြက်



စစ်ရေးနည်းပညာတွင် သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုတစ်ခုအနေဖြင့် ရုရှားစစ်ဘက်သည် ဒရုန်းဖမ်းပိုက်ကွန်များနှင့် တန်ပြန်ဒရုန်းစနစ်များကို ကျော်လွှားနိုင်မည့် Kamikaze ဒရုန်းဟုလည်း လူသိများသော Lancet Loitering Munition၏ အဆင့်မြှင့်တင်ထားသည့် ဗားရှင်းတစ်မျိုးကို မကြာသေးမီက ယူကရိန်းတွင် ဖြန့်ကြက် အသုံးပြုလာခဲ့ကြောင်း www.armyrecognition.com သတင်းဌာနက နိုဝင်ဘာ ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Lancet Loitering Munition မော်ဒယ်အသစ်သည် သံချပ်ကာယာဉ်များကို တိုက်ခိုက်ဖျက်ဆီးသည့် စွမ်းရည်များတွင် ထူးထူးခြားခြား တိုးတက်မှုများကို Telegram လူမှုကွန်ရက်တွင် လွှင့်တင်ထားသည့် ဗီဒီယိုဖိုင်တစ်ခု၌ ပြသထားနိုင်ခဲ့သည်။

အဆင့်မြှင့် Lancet ဒရုန်းဗားရှင်းသစ်သည် ပိုက်ကွန်များနှင့် အီလက်ထရွန်နစ်တန်ပြန်ဆောင်ရွက်မှုများအပါအဝင်သမားရိုးကျ ဒရုန်းကာကွယ်ရေးစနစ်များကို ကျော်လွှားနိုင်စေမည်ဖြစ်သည်။

၎င်းဒရုန်းစွမ်းရည်သည် ထောက်လှမ်းခံရခြင်းမရှိဘဲ ပစ်မှတ်သို့ချဉ်းကပ်တိုက်ပွဲဝင်နိုင်စွမ်းကို သိသာထင်ရှားစွာ တိုးမြှင့်စေပြီး စစ်မြေပြင်တွင် နည်းဗျူဟာမြောက်စွာ တိုက်ပွဲဝင်နိုင်စေမည်ဖြစ်သည်။ ဒရုန်းသည် အဆင့်နှစ်ဆင့်ဖြင့် တိုက်ခိုက်မှုကို ဗီဒီယိုဖိုင်တွင် တွေ့မြင်ရမည်ဖြစ်ပြီး ပစ်မှတ်အနီး ကနဦးပေါက်ကွဲမှုနောက်တွင် သံချပ်ကာကို ထိုးဖောက်ဖျက်ဆီးရန် တိုက်ခိုက်နိုင်သည်။

မကြာသေးမီက တိုက်ခိုက်မှုတစ်ခုတွင် အဆင့်မြှင့်ထားသော Lancet Loitering Munition ကို ယူကရိန်းစစ်ဘက်က အမေရိကန်ထုတ် Bradley သံချပ်ကာချိန်းတပ် ခြေလျင်တိုက်ခိုက်ရေးယာဉ် (IFV)ကို တိုက်ခိုက်ရာ၌ အသုံးပြုနိုင်ခဲ့သည်။ Lancet ၏ အင်္ဂါရပ်အသစ်များတွင် ခေတ်မီ Lidar နည်းပညာ၊ လေဆာအကွာအဝေးရှာကိရိယာနှင့် Dual Optical ကင်မရာများ ပါဝင်ဖွဲ့စည်းပေးထားသည်။ ၎င်းဆန်းသစ်တီထွင်မှုသည် ပစ်မှတ်ကို တိကျစွာ တိုက်ခိုက်နိုင်မှုနှင့် အကောင်းမွန်ဆုံး ဖောက်ခွဲဖျက်ဆီးနိုင်သော အကွာအဝေးအတွင်း ဒရုန်း၏တိုက်ပွဲဝင်စွမ်းရည်ကို ထိရောက်စွာပြသနိုင်ခဲ့သည်။

ဒရုန်း၏ဒီဇိုင်းတွင် အဓိကကျသော အချက်မှာ Explosive Formed Penetrators (EFPs) ဖောက်ကျည်၊ ခဲယမ်းများကို အသုံးပြုခြင်းဖြစ်သည်။ ပုံပျက်ခြင်းမရှိဘဲ မီတာများစွာ ထိုးဖောက်တိုက်ခိုက်နိုင်သော ၎င်း EFP ခဲယမ်းများသည် တင့်၊ သံချပ်ကာယာဉ်များပေါ်ရှိ ထပ်ပိုးအကာအကွယ်များကို ကျော်လွှားတိုက်ခိုက်နိုင်စွမ်းရှိသည်။ EFP ခဲယမ်းများကို Self-Forging Warheads ထိပ်ဖူးများဟုလည်း လူသိများပြီး စံပြုပုံသွင်း ခဲယမ်းများ (Standard-Shaped Charges)နှင့် နှိုင်းယှဉ်ပါက အကွာအဝေးပိုမို၍ သံချပ်ကာ ဖောက်ထွင်းတိုက်ခိုက်နိုင်စွမ်းအတွက် အထူးပြုထုတ်လုပ်ထားခြင်းဖြစ်သည်။

၎င်းအဆင့်မြှင့် Lancet တိုက်ခိုက်ရေးဒရုန်းကို စစ်ဆင်ရေးများတွင် တပ်ဖြန့်အသုံးပြုလာခြင်းသည် ဒရုန်းစစ်ဆင်ရေးတွင် အရေးကြီးသော အပြောင်းအလဲတစ်ခုဖြစ်သည်။ ၎င်း၏ကိုယ်ပျောက်စွမ်းရည်၊ ပစ်မှတ်များကို တိကျစွာတိုက်ပွဲဝင်နိုင်မှုနှင့် သံချပ်ကာဖောက် အဆင့်မြှင့်ခဲယမ်းများ ပေါင်းစပ်အသုံးပြုထားသောကြောင့် တင့်၊ သံချပ်ကာများကို တိုက်ခိုက်ဖျက်ဆီးရာတွင် အရေးပါသောစွမ်းအားစုတစ်ရပ် ဖြစ်လာခဲ့သည်။

ဒရုန်းနည်းပညာတိုးတက်ဖွံ့ဖြိုးလာမှုသည် စစ်ဘက်နည်းပညာ၏ စဉ်ဆက်မပြတ် ဆင့်ကဲပြောင်းလဲမှုတွင် အလေးပေးလုပ်ဆောင်လာရုံမျှမက အနာဂတ်တိုက်ပွဲဗျူဟာများနှင့် ခေတ်သစ်စစ်ပွဲများ၏ အခင်းအကျင်းများအတွက် သိသာထင်ရှားသော သက်ရောက်မှုများ ရှိနေပြီဖြစ်ကြောင်း သိရသည်။

**Russia Deploys in Ukraine New Lancet Drone Able to Counter Drone Nets and Countermeasures ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြင်သစ်နိုင်ငံက ဒရုန်းများဖြင့် ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်များကိုလှည့်စားရန် နည်းလမ်းရှာဖွေနေ

ပြင်သစ်နိုင်ငံ ကာကွယ်ရေးစီမံကိန်းတစ်ခုတွင် ဒရုန်းများဖြင့် ရန်သူ့တိုက်ခိုက်ရေးလေယာဉ်များ သို့မဟုတ် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို လှည့်စားရန် နည်းလမ်းရှာဖွေနေကြောင်း နိုဝင်ဘာ ၂၇ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

ထိုသို့ နည်းလမ်းရှာဖွေရာတွင် ဒရုန်းအုပ်များဖြင့် ရေဒါများမှ ထောက်လှမ်းမိသည့်အခါ တိုက်လေယာဉ်၏ရေဒါဖြတ်ပိုင်းဧရိယာ(RCS)အတိုင်း ပုံမှားရိုက်ရန်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ Thales ကုမ္ပဏီနှင့် Bordeaux တက္ကသိုလ်တို့သည် ကာကွယ်ရေး တီထွင်ဆန်းသစ်မှုအေဂျင်စီ၏ ပံ့ပိုးကူညီမှုအောက်တွင် ဒရုန်းအများအပြားပါဝင်သည့် ဒရုန်းအုပ် (Swarm) ကို အသုံးပြု၍ လှည့်စားခြင်းအတွက် အလိုအလျောက် လုပ်ဆောင်သည့်စနစ် (AS-SYDUS) စိတ်ကူးကိုပုံဖော်ရန် စီမံကိန်းချမှတ်၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းသည် သေးငယ်သော ဒရုန်းအများအပြား၏ စုစုပေါင်း ရေဒါဖြတ်ပိုင်းဧရိယာ (RCS)ကို ဂျက်တိုက်လေယာဉ်တစ်စင်း ပုံစံတူမျိုးဖြင့် ပုံမှားရိုက်လှည့်စားခြင်းမျိုးဖြစ်သည်။

ချမှတ်ထားသောမူအရ ဒရုန်းများကို မြေပြင်မှ ဝေဟင်ပစ်စနစ်၏ ရေဒါဖြင့် ထောက်လှမ်းတွက်ချက်လျှင် တိုက်ခိုက်ရေးလေယာဉ်နှင့်ညီမျှသော RCS ကိုရရှိရန်အတွက် ဒရုန်းများကို အလိုအလျောက်နေရာချထားရန်နှင့် ပစ်မှတ်၏Doppler သဘောတရားအရ ပြန်ထွက်လာမည့်လှိုင်းများကို တိုင်းတာမည့်ရေဒါကို ဆွဲဆောင်နိုင်စေမည့် ဒရုန်းအုပ်အစုအဝေးကို စီမံခန့်ခွဲလုပ်ဆောင်ရန်ဟု စီမံကိန်းတွင် ဖော်ပြထားသည်။

ဒရုန်းအုပ် (Swarm) ၏ အလိုအလျောက်လုပ်ဆောင်နိုင်မှု စွမ်းရည်သည် လှည့်စားမှုကို အကောင်အထည်ဖော်ရာတွင် အရေးကြီးသောကြောင့် ၎င်းတို့၏ RCS ကို တိုးမြှင့်စေမည့်နည်းလမ်းဖြင့် ၎င်းတို့ကိုယ်တိုင် နေရာချပျံသန်းနိုင်မည့် ဒရုန်းများ လိုအပ်မည်ဖြစ်သည်။

ပူးပေါင်းပါဝင် ပျံသန်းလုပ်ဆောင်နေသောဒရုန်းများ သို့မဟုတ် အခြားလုပ်ငန်းဆောင်တာများ(ဥပမာ- လေယာဉ်မှူး)တွင် အာရုံစူးစိုက်ထားသော အော်ပရေတာမှ ကြီးကြပ်ကွပ်ကဲပျံသန်းနေသည့် ဒရုန်းများပါဝင်သော Applications အသုံးပြုမှုများတွင် ဒရုန်းအုပ်၏အလိုအလျောက်လုပ်ဆောင်နိုင်မှုသည် အရေးကြီးလိမ့်မည်ဟု ကာကွယ်ရေးတီထွင်ဆန်းသစ်မှုအေဂျင်စီမှ ပြောကြားခဲ့သည်။



ဒလက်(တောင်ပံ) အများအပြား တပ်ဆင်ထားသော အလိုအလျောက်လုပ်ဆောင်နိုင်သည့် ဒရုန်း(Multi-Rotor Autonomous Drones)အများအပြား၏ ပျံသန်းစမ်းသပ်မှုနှင့် ရလဒ်များကို အချိန်နှင့်တစ်ပြေးညီ အတည်ပြုနိုင်ခဲ့ပြီးနောက် အဆိုပါစီမံကိန်းကို အောင်မြင်စွာ ဆက်လက် လုပ်ဆောင်ရန် ခွင့်ပြုပေးနိုင်ခဲ့ကြောင်း အေဂျင်စီက ပြောကြားခဲ့သည်။

**France Seeks Drone Swarm Air Defense Spoofing ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီတော် ၁၀ ဆူတွင် မိုးကြိုးလွှဲများတပ်ဆင်ခြင်းကို ဒီဇင်ဘာလမှစတင်ဆောင်ရွက်မည်



**ညောင်ဦး နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မိုးကြိုးလွှဲတပ်ဆင်ထားမှုမရှိသည့် စေတီတော် ၁၀ ဆူတွင် မိုးကြိုးလွှဲများ တပ်ဆင်ခြင်းကို ယခုနှစ် ဒီဇင်ဘာလမှ စတင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပုဂံရှေးဟောင်းသုတေသနဌာန သတင်းများအရ သိရသည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် တန်ဖိုးကြီးမားသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းစေတီများ မိုးကြိုးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုမဖြစ်စေရေးအတွက် မိုးကြိုးလွှဲများ တပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးမှုများအရ လက်ရှိတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီ ၁၃ ဆူကို မိုးကြိုးလွှဲများ တပ်ဆင်ပေးပြီးဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် စေတီတော် ၁၀ ဆူတွင် မိုးကြိုးလွှဲများ ထပ်မံတပ်ဆင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မိုးကြိုးလွှဲများ ထပ်မံတပ်ဆင်ပေးသွားမည့်စေတီများမှာ ထီးလိုမင်းလို၊ မဟာဗောဓိ၊ မြစေတီ၊ မနူဟာ၊ ဓမ္မရာဇက၊ ပြဿဒ်ကြီး၊ ရွှေဆံတော်၊ ဓမ္မရံကြီး၊ ပံသကူနှင့် မဟာထေရ်စေတီတို့ ဖြစ်ကြောင်း သိရသည်။

အဆိုပါစေတီများတွင် သတ္တုဓာတ်များရှိနေသဖြင့် လျှပ်စစ်စီးဝင်မှုများရှိနေသောကြောင့် မိုးကြိုးစက်ကွင်း ထိမိနိုင်သည့်အခြေအနေများရှိနေကြောင်း၊ ထို့ကြောင့် အဆိုပါစေတီများကို မိုးကြိုးလွှဲများ တပ်ဆင်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့မိုးကြိုးလွှဲစက်ကိရိယာများ တပ်ဆင်ရာတွင်လည်း အင်္ဂတေနှင့် နံရံဆေးပန်းချီများ မထိခိုက်စေရန်နှင့် စေတီပုထိုးများကို ဖူးမြော်ရာတွင် မြင်ကွင်းဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပုဂံရှေးဟောင်းသုတေသနဌာနသတင်းများအရ သိရသည်။

**ချမ်းချမ်း**

# တန့်ယန်းခရိုင်အတွင်းရှိ မြို့နယ်များတွင် ဖူးစားပြောင်း ၁၁၈၆ ဧက ရိတ်သိမ်းပြီးစီး

**တန့်ယန်း နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင်အတွင်းရှိ မြို့နယ်များတွင် ဖူးစားပြောင်း ၁၁၈၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင်အတွင်းရှိ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်တို့တွင် ဖူးစားပြောင်းများကို ယခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင် ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၂၉ ရက်တွင် စိုက်ပျိုးထားသည့် ၁၁၈၆ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"လားရှိုးခရိုင်ထဲက မြို့နယ်တွေမှာ ဖူးစားပြောင်းကို လျာထား ၉၀၉ ဧကမှာ ၁၁၈၆ဧက စိုက်ပျိုးနိုင်ခဲ့ပြီးတော့ ဒီနေ့မှာ စိုက်ပျိုးဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ လာမဲ့နှစ်မှာလဲ လျာထားချက်ထက်ကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့ အတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတွေက စီမံဆောင်ရွက်နေပါတယ်။ အထွက်နှုန်းကောင်းစေဖို့ စိုက်နည်းစနစ်ဆိုင်ရာတောင်သူပညာပေးသင်တန်းတွေကိုလဲ ဖွင့်လှစ်ပို့ချပေးသွားမှာပါ"ဟု ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။



တန့်ယန်းခရိုင်အတွင်းရှိ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်တို့တွင် ဖူးစားပြောင်းရိတ်သိမ်းပြီးစီးမှုမှာ တန့်ယန်းမြို့နယ်တွင် ၈၆၆ ဧက၊ မိုင်းရယ်မြို့နယ်တွင် ဧက ၃၂၀ ဖြစ်ကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် တန့်ယန်းမြို့နယ်တွင် ၁၆၄၅၆ ပိဿာ၊ မိုင်းရယ်မြို့နယ်တွင် ၁၅၅၂၃ ပိဿာဖြစ်ကြောင်း ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# တောင်ငူမြို့နယ် ခပေါင်းတိန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**တောင်ငူ နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခပေါင်းတိန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ခပေါင်းတိန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ကျေးရွာကော်မတီဝင်တို့က ကျေးရွာနေပြည်သူများလုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ မြို့နယ် အင်ဂျင်နီယာ ဝန်ထမ်းများက နည်းပညာကူညီပံ့ပိုးပေးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

တောင်ငူမြို့နယ် ခပေါင်းတိန်ကျေးရွာ၌ လမ်းအရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာ ၁၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ခပေါင်းတိန်ကျေးရွာရှိ အိမ်ခြေ ၂၀၁ အိမ်ရှိ လူဦးရေ ၈၀၀ တို့၏ သွားလာရေး လွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

**ကိုညို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၀-၁၁-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၅၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော ရှင်းလင်းပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။

၂၁ **ရှေ့ဖုံးမှအဆက်**

ဥပဒေကို ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း ဥပဒေတွင်ပါရှိသည့် ရငွေလျာထားချက်များအပြင် ဘဏ္ဍာနှစ်အတွင်း ထပ်မံရရှိနိုင်သည့် ရငွေများရှိသည်ကိုတွေ့ရကြောင်း၊ အလားတူ ဥပဒေတွင်ပါရှိသည့် သုံးငွေများအပြင် မဖြစ်မနေထပ်မံသုံးစွဲရန်လိုအပ်သည့် အသုံးစရိတ်များလည်းရှိနိုင်ကြောင်း၊ ထို့ကြောင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေကို ခွင့်ပြုနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အဆင့်ဆင့်စိစစ်ရခြင်းဖြစ်ပြီး တောင်းခံထားသည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အတည်ပြုပြဋ္ဌာန်းပြီးမှသာ သုံးစွဲသွားရမည်ဖြစ်ကြောင်း။

ဌာန၊ အဖွဲ့အစည်းများက တင်ပြလာသည့် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများအပေါ် ဦးစွာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အဆင့်ဆင့်စိစစ်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းထားသည့် "ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီ"ကလည်း နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ စနစ်တကျစိစစ်ထားပြီးဖြစ်ကြောင်း။

**နိုင်ငံတော်တွင် နိုင်ငံ့စီးပွားမြင့်တင်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ရမည့် အသုံးစရိတ်များကို စနစ်တကျစိစစ်သုံးစွဲလျက်ရှိ**ကြောင်း၊ **၂၀၂၃ ခုနှစ် မေ ၁၄ ရက်တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ရေးအသုံးစရိတ်များ အပါအဝင် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် အသုံးစရိတ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ သင့်လျော်မည့်အသုံးစရိတ်များကို ခွင့်ပြုပေးလျက်ရှိ**ကြောင်း၊ **နိုင်ငံတော်၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေးကို အထောက်အကူပြုစေနိုင်ရန် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ အပိုထောက်ပံ့ကြေးခံစားနိုင်ရန် ခွင့်ပြုပေးခဲ့**ကြောင်း။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ တင်ပြချက်အရ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများတွင် နိုင်ငံတော်သို့ပေးဆောင်ရမည့်အခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ၊ ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး၊ လုံခြုံရေးဆိုင်ရာအသုံးစရိတ်များ၊ ဘဏ္ဍာနှစ်အတွင်း ပြီးစီးနိုင်မည့် တည်ဆောက်ရေးလုပ်ငန်းများစသည်တို့အတွက် အဓိကတောင်းခံထားသည်ကိုတွေ့ရှိရကြောင်း၊ အဆင့်ဆင့်စိစစ်သည့်အချိန်တွင်လည်း အသုံးစရိတ်အမျိုးအစားအလိုက် အနည်းဆုံးလိုအပ်ချက်ဖြစ်စေရန် စိစစ်ထားပြီးဖြစ်ကြောင်း။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်း၊ မူလခန့်မှန်းခြေငွေစာရင်း အခြေအနေကို ကြည့်ပါက တစ်နိုင်ငံလုံး၏ ဂျီဒီပီတန်ဖိုးသည် ငွေကျပ်ဘီလီယံပေါင်း ၁၃၈၁၉၅ ဒသမ ၇၀၃ ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ သာမန်ငွေလုံးငွေရင်း ကြွေးမြီများနှင့် ပတ်သက်သည့် ပိုငွေ၊ လိုငွေ နှိုင်းယှဉ်ချက်အနေဖြင့် ဂျီဒီပီနှင့် လိုငွေနှိုင်းယှဉ်ချက်သည် ပမာဏအားဖြင့် ၅ ဒသမ ၆၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ယင်းကို သက်ဆိုင်ရာစိစစ်ရေးအဖွဲ့ အဆင့်ဆင့်က စစ်ဆေးပြီးသည့်အခါ နောက်ဆုံးအနေဖြင့် ကျန်ရှိသည်မှာ ဂျီဒီပီပြောင်းလဲမှုမရှိသော်လည်း လိုငွေနှင့် ဂျီဒီပီအချိုးသည် ၅ ဒသမ ၆၅ မှ ၅ ဒသမ ၃၁ ရာခိုင်နှုန်းအထိလျှော့ချနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ခွဲဝေချထားပေးသည့် ဘဏ္ဍာရန်ပုံငွေများကို နယ်မြေဒေသအခြေအနေအရ ဆောင်ရွက်ရန် မဖြစ်နိုင်ပါက ယခုအစည်းအဝေးတွင် ထပ်မံတင်ပြပေးရန်နှင့် ရငွေထပ်မံတိုးလာနိုင်သည့်ကိစ္စများ၊ စိစစ်ပြီးခွင့်ပြုငွေများထဲမှ ထပ်မံလျှော့ချလိုသည့် အသုံးစရိတ်များရှိပါက ပွင့်လင်းစွာတင်ပြကြရန်လိုကြောင်း၊ ယနေ့အစည်းအဝေးတွင် အတည်ပြုပြီးသည့်အခါ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ထပ်မံဆွေးနွေးညှိနှိုင်းပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ဘဏ္ဍာရေးကော်မရှင်သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနအလိုက် ကော်မတီများက အဆင့်ဆင့်စိစစ်ပြီးသည့် အချက်အလက်များအပေါ် ထပ်မံတင်ပြလိုသည်များရှိပါက ယနေ့အစည်းအဝေးတွင် တင်ပြပေးရန်နှင့် လျှော့ချနိုင်သည့်ငွေပမာဏ အသုံးစရိတ်များရှိပါကလည်း ဆက်လက်တင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။




၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဖြည့်စွက်ခွင့်ပြုငွေစာရင်းများတင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်စဉ်။

ထို့နောက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ပြည်ထောင်စုနှင့်တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ ကြိုတင်စိစစ်ဆောင်ရွက်ခဲ့မှု၊ ထိုသို့စိစစ်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် လတ်တလောနယ်မြေဒေသအခြေအနေအရ အကောင်အထည်ဖော်ဆောင်ရွက်ရန် အခက်အခဲရှိခြင်း၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့်အချိန်အထိ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုရာခိုင်နှုန်းနည်းပါးခြင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲနိုင်မည့် အခြေအနေတို့နှင့်အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲပြောင်းသုံးစွဲနိုင်မည့် အရေးကြီးလုပ်ငန်းများအခြေအနေတို့အပေါ် မူတည်ပြီး အဓိကထားညှိနှိုင်းဆောင်ရွက်ခဲ့မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုဖြည့်စွက်ခွင့်ပြုငွေစာရင်းများကို စိစစ်ပြီးစီးမှုအခြေအနေကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဖြည့်စွက်ခွင့်ပြုငွေစာရင်းများကို လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ရငွေ၊ သုံးငွေစာရင်းများနှင့်စပ်လျဉ်းသည့် စာရင်းစစ်ဆေးခြင်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြပြီး ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

> နိုင်ငံတော်တွင် နိုင်ငံ့စီးပွားမြင့်တင်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ရမည့် အသုံးစရိတ်များကို စနစ်တကျစိစစ်သုံးစွဲလျက်ရှိ. . .
>
> နိုင်ငံတော်၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေးကို အထောက်အကူပြုစေနိုင်ရန် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ အပိုထောက်ပံ့ကြေးခံစားနိုင်ရန် ခွင့်ပြုပေးခဲ့. . .

**ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များ မပါ)ကို ဒီဇင်ဘာ ၃၁ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်**

**၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်**

**(၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်)**

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် နိုဝင်ဘာ ၃၀ ရက်ထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များ မပါ)ကို ဒီဇင်ဘာ ၃၁ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

# အစိုးရစက်မှုလက်မှုသိပ္ပံ(မိတ္ထီလာ) ကျောင်းသစ်ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်



**မန္တလေး နိုဝင်ဘာ ၃၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(မိတ္ထီလာ) ကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မိတ္ထီလာမြို့နယ်ရှိ အဆိုပါကျောင်းသစ် ပင်မဆောင်ရှေ့တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ၊ နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဂျီတီအိုင်ကျောင်းသားဟောင်းများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊သင်တန်းသူများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပြီး နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အစိုးရစက်မှုလက်မှုသိပ္ပံ(မိတ္ထီလာ) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြို့ပြအင်ဂျင်နီယာနှင့် စက်မှုအင်ဂျင်နီယာအလုပ်ရုံများ၊ လက်တွေ့ခန်း၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန လက်တွေ့ခန်း၊ သိပ္ပံလက်တွေ့ခန်း၊ စာသင်ခန်း၊ ပုံဆွဲခန်းနှင့် ကွန်ပျူတာခန်းများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် အခမ်းအနားကို အဆိုပါကျောင်းသစ်ရှိ စုဝေးခန်းမတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုတေးသီချင်းများဖြင့် တင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(မိတ္ထီလာ)အတွက် ထောက်ပံ့ချီးမြှင့်ငွေကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအဖွဲ့၊ ဘင်ခရာအဖွဲ့တို့ကို ဂုဏ်ပြုငွေများကိုလည်းကောင်း ချီးမြှင့်၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မိုးကျော်**

## မြန်မာ-တရုတ် ရေကြောင်းလုံခြုံရေးလေ့ကျင့်ခန်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် စစ်ရေယာဉ်များကို အပြန်အလှန်လေ့လာခြင်း၊ နယ်စပ်ဒေသများတွင် တရားမဝင် ဝင်ရောက်နေထိုင်သည့် နိုင်ငံခြားသားများကို တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးတို့အတွက် တရုတ်-မြန်မာ နှစ်နိုင်ငံအစိုးရနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်နေမှုများ၊ ပြည်ဖျက်မီဒီယာများ၊ အနောက်နိုင်ငံအားကိုးမီဒီယာများက နိုင်ငံအတွင်းဖြစ်ပေါ်နေသောအခြေအနေများကို ကောလာဟလသတင်းမျိုးစုံထုတ်လွှင့်နေမှုများ၊ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်၊ ကယားပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုများအတွင်း ရန်သူများအနေဖြင့် ပြည်သူပိုင်အဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးအဆောက်အအုံများကိုအကာအကွယ်ယူ၍ တိုက်ခိုက်နေပြီး တပ်မတော်အပေါ် မဟုတ်မမှန် ကောလာဟလထုတ်လွှင့်နေမှု အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

မြန်မာနိုင်ငံကို ချစ်ကြည်ရေးအလည်အပတ်ခရီးစဉ်အနေနဲ့ မြန်မာ-တရုတ် ရေကြောင်းလုံခြုံရေးလေ့ကျင့်ခန်းဆောင်ရွက်ဖို့ ရောက်ရှိနေတဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)က အရာရှိ၊ စစ်သည်များအနေနဲ့ ဒီနေ့ မြန်မာနိုင်ငံက စစ်ရေယာဉ်များကို အပြန်အလှန်လေ့လာခဲ့ပါတယ်။ မနက်ဖြန်မှာတော့ မြန်မာ-တရုတ် ရေကြောင်းလေ့ကျင့်ရေးလုပ်ငန်း လေ့ကျင့်ခန်း စတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီနေ့မှာတော့ နယ်စပ်ဒေသတွေမှာတရားမဝင် ဝင်ရောက်နေထိုင်နေတဲ့ နိုင်ငံခြားသားအမျိုးသား ၁၈၂ ဦး၊ အမျိုးသမီးဦးရေ ၃၀ စုစုပေါင်း ၂၁၂ ဦးကို တရုတ်နိုင်ငံဘက်က တာဝန်ရှိသူများထံကို လွှဲပြောင်းပေးခဲ့ပါတယ်။ စုစုပေါင်းဒီနေ့အထိ ၁၀၃၈၂ ဦးရှိပြီးဖြစ်ပါတယ်။ နယ်စပ်ဒေသတွေမှာ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက် တရုတ်-မြန်မာ နှစ်နိုင်ငံအစိုးရနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းပြောချင်တယ်။

နောက်တစ်ခုက ကောလာဟလသတင်းတွေဖြစ်ပါတယ်။အခုအချိန်မှာ ပြည်ဖျက်မီဒီယာများ၊ အနောက်နိုင်ငံအားကိုးမီဒီယာများအနေနဲ့ နိုင်ငံအတွင်းမှာဖြစ်ပေါ်နေတဲ့ အခြေအနေပေါ်တွေမှာ ကောလာဟလတွေ မျိုးစုံထုတ်လွှင့်နေတာရှိပါတယ်။ အင်းစိန်မှာရှိတဲ့ ဦးပိုင် ပိုင်ဆိုင်တဲ့ကားဝင်းကို Drop Bomb ချခဲ့တယ်။ ပြီးရင် လက်နက်ကြီးနဲ့ ပစ်ခတ်ခဲ့တယ်ဆိုတဲ့ မဟုတ်မမှန် သတင်းထုတ်လွှင့်နေတာဖြစ်ပါတယ်။ ဒီသတင်းသည် သတင်းမှားပဲဖြစ်ပါတယ်။ နောက်တစ်ခုက စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မှာမြို့သိမ်းတိုက်ပွဲ ဆင်နွှဲနေတယ်။ တပ်ဘက်ကနေဘယ်လောက်ကျဆုံးတယ်ဆိုတာမျိုးတွေ ထုတ်လွှင့်နေတာရှိပါတယ်။ အဲဒီသတင်းထုတ်လွှင့်နေတဲ့သူတွေက အသိဆုံးပဲဖြစ်ပါတယ်။ မနေ့ကဖြစ်ခဲ့တဲ့ ဖြစ်စဉ်မှာဘယ်လောက်အထိ KIA၊ PDF အဖွဲ့များ သေဆုံးဒဏ်ရာရခဲ့တယ်ဆိုတာ သူတို့အသိဆုံးပဲဖြစ်ပါတယ်။ နောက်တစ်ခုက ကျောက်မဲမှာ နိုဝင်ဘာ ၂၇ ရက် အဝေးပြေးလမ်းမမှာရှိတဲ့ Toll Gate အနီးတစ်ဝိုက်မှာ ထိတွေ့တိုက်ပွဲဖြစ်စဉ်ဖြစ်ပွားခဲ့တာရှိပါတယ်။အဲဒီမှာတော့TNLA၊




MNDAA ပူးပေါင်းအဖွဲ့က ကျဆုံးမှုများစွာရှိခဲ့ပါတယ်။ ကျောက်မဲမှာနေတဲ့ ဒေသခံတွေအနေနဲ့ အဲဒီဖြစ်စဉ်ကြောင့် ခေတ္တရှောင်တိမ်းနေရာမှ မြို့ထဲကို ပြန်လာတဲ့အခါမှာ အပုပ်နံ့တွေရလို့ လိုက်လံရှာဖွေတဲ့အခါမှာ တရုတ်သင်္ချိုင်းအနီးမှာ သေဆုံးနေတဲ့TNLA၊ KIA၊ MNDAA၊ PDF တံဆိပ်ပါတဲ့ အလောင်းပေါင်းမြောက်မြားစွာ တွေ့ရှိခဲ့ရပါတယ်။ မြို့နေလူထုနဲ့ လုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းရှင်းလင်းခဲ့ရပါတယ်။ ဒါ့ပြင် မောင်ဖုန်းတောင်အဆင်းလမ်းမှာလည်း ဒီအတိုင်းပစ်ချခဲ့တဲ့ အခုနအဖွဲ့တွေရဲ့ ယူနီဖောင်းပါတဲ့အလောင်းတွေ တွေ့ခဲ့ရပါတယ်။ ဒါတွေကို ကျွန်တော်တို့ ရှင်းလင်းရေးဆောင်ရွက်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြောချင်တာကတော့ ပြည်ပမှာနေထိုင်နေတဲ့ တိုင်းဖျက်ပြည်ဖျက် ဆန့်ကျင်ရေးသမားတွေ၊ ပြည်ပကနေပြီး အသံကောင်းဟစ်နေတဲ့ တိုင်းဖျက်ပြည်ဖျက် အနောက်အားကိုးမီဒီယာများရဲ့ မြှောက်ပင့်မှု၊ ကောလာဟလတွေကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာသေဆုံးရတဲ့သူမနည်းပါဘူး။ ကျွန်တော်ပြောခဲ့သလိုပါပဲ။ ဒီသေဆုံးရတဲ့သူတွေဟာ မြန်မာနိုင်ငံသားတွေပဲဖြစ်ပါတယ်။ တပ်မတော်ဘက်ကပဲ ကျဆုံးသည်ဖြစ်စေ၊ ရန်သူဘက်ကသေဆုံးသည်ဖြစ်စေ၊ မြန်မာနိုင်ငံသားတွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းကတိုင်ပြည်တွင်းသောင်းကျန်းမှုနဲ့ ကြုံတွေ့ခဲ့ရပြီး တိုင်းပြည်ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့ရပါဘူး။ ခုအချိန်မှာလည်း ဒီဝဲဂယက်ထဲမှာပဲရှိနေတာကို တွေ့နိုင်မှာဖြစ်ပါတယ်။ ဒါတွေကို ယခင်ကတည်းက ကျွန်တော်တို့ကို ကိုလိုနီနယ်ချဲ့ခဲ့တဲ့ အနောက်နိုင်ငံတွေက ဦးစီးပြီးလုပ်ဆောင်နေတာဖြစ်ပါတယ်။ အခုချိန်မှာလည်းသူတို့ပဲ ဦးစီးပြီးလုပ်ဆောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပြည်သူလူထုတစ်ရပ်လုံးက သတိရှိရမှာဖြစ်ပါတယ်။ ဒီနေ့ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအနေနဲ့ကတော့ နမ့်ခမ်း၊ ၁၀၅ မိုင် မူဆယ်၊ တာမိုးညဲဘက်မှာတော့ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ တာမိုးညဲနဲ့ နမ့်ခမ်းမှာတော့ ရန်သူထိခိုက်ကျဆုံးမှုများပြားတယ်ဆိုတာသိရပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ လွိုင်ကော်က အထကကျောင်းအနီးမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ပေါက်တောအထက်တန်းကျောင်းနားမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ဒီရန်သူအနေနဲ့ ပြည်သူပိုင်အဆောက်အအုံတွေ၊ ပညာရေး၊ ကျန်းမာရေးအဆောက်အအုံတွေကို အကာအကွယ်ယူပြီးတော့ တပ်မတော်ကို တိုက်ခိုက်တာတွေ၊ ပစ်ခတ်တာတွေ လုပ်ဆောင်နေတာဖြစ်ပါတယ်။ တပ်မတော်က တိုက်ခိုက်ပစ်ခတ်လို့ရှိရင် ကျောင်းကိုပစ်ခတ်တယ်၊ ဆေးရုံကိုပစ်ခတ်တယ်ဆိုတဲ့ ကောလာဟလသတင်းတွေ၊ မဟုတ်မမှန်သတင်းတွေ၊ လုပ်ကြံသတင်းတွေ ဖန်တီးပြီးဆောင်ရွက်နေတာဖြစ်ပါတယ်။ စစ်ရေးဆိုင်ရာအခြေအနေနဲ့ ဥပဒေတွေအရ ကျွန်တော်တို့အနေနဲ့ အရပ်ဘက်အဆောက်အအုံတစ်ခုလို့ သတ်မှတ်ထားတဲ့ နေရာ၊ ဒီသတ်မှတ်ထားတဲ့နေရာသည် ရန်သူကကိုယ့်ကို မပစ်မခတ်မချင်း အရပ်ဘက်အဆောက်အအုံပါပဲ။ ရန်သူက ကိုယ့်ကိုဒီဟာပေါ်မှာမူတည်ပြီး ပစ်ခတ်လာရင်တော့ ဒါစစ်ဘက်ဆိုင်ရာ အဆောက်အအုံအဖြစ်ပြောင်းလဲသွားမှာဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၌တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း




လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက လှူဒါန်းထားသော ဒံပေါက်ထမင်းဘူးများကို တပ်မတော်မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။


**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "ရှေ့တန်းရောက် တပ်မတော်သားအားလုံး ဘုရား၊ တရား၊ သံဃာ၊မိဘ၊ဆရာသမားများ၏ ဂုဏ်ကျေးဇူးကြောင့် ကျန်းမာပါစေ၊ ဘေးအန္တရာယ် ကင်းရှင်းပါစေ၊ တရားသောစစ် အောင်မြင်ပါစေ"စသည့်ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။





စေတနာရှင်အလှူရှင်ပြည်သူများက လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့်ပြည်သူများက ရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာများကို တွေ့ရစဉ်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ နယ်မြေခံတပ်နယ်အတွင်းမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး နယ်မြေခံတပ်နယ်အတွင်းမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ကျောဖုံးမှအဆက်

ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မွန်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် နေပြည်တော်ကောင်စီအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့၏ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဦးကိုကိုလှိုင်တို့က အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့်ပိုးရယ်အောင်သိန်းတို့က အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် မွန်ပြည်နယ်အသင်းနှင့်အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှလာရောက်ယှဉ်ပြိုင်ကြသည့်ပိုက်ကျော်ခြင်းအားကစားသမားများ အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရေး၊တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရေးနှင့် နိုင်ငံကိုယ်စားပြု မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်၍ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၂ သင်း အားကစားသမားစုစုပေါင်း ၂၆၂ ဦးဖြင့် နိုဝင်ဘာ ၂၂ မှ ယနေ့ထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြစ်ကြီးနားမြို့နှင့် ကော့သောင်းမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



သံဃာတော်များအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ခေမာသီဝံပရိယတ္တိစာသင်တိုက်၌ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအားလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးကုသရေးအဖွဲ့က သံဃာတော် ၆၃ ပါးတို့ကို ခွဲစိတ်ကုသမှုရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနေမှုများကိုမြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ရှိ ရွှေပြည်သာကျောင်းတိုက်မှသံဃာတော်များအား အရိုးအကြောရောဂါ၊မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ဩဂံဒေသတိုင်းစစ်ဌာနချုပ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ငွေများပေးအပ်




ဩဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ငွေများပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ဩဂံဒေသတိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့်ပညာသင်ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၃- ၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်းသိရှိရသည်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့်စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိပါသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၁၈၂ ဦး၊ အမျိုးသမီးဦးရေ ၃၀ စုစုပေါင်း ၂၁၂ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ တရုတ်နိုင်ငံသားအမျိုးသား ၉၂၁၆ ဦး၊ အမျိုးသမီး ၁၁၆၆ ဦး စုစုပေါင်း ၁၀၃၈၂ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများကို စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၁-၁၂-၂၀၂၃ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ဝ၈း၀၀ | နှလုံးသားဝယ်ဘုရားတည် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၅း၀၀ | တော်ဝင်ပန်းလေးသဇင် |
| ၄။ | ၁၇း၀၀ | ထူးခြားထင်ရှား ကမ္ဘာတစ်လွှား |
| ၅။ | ၂၁း၂၀ | မြန်မာသံစဉ် (ကာလပေါ်) |

# ညောင်လေးပင် ပုဇွန်မြောင်းရွာမှ လျှပ်စစ်မီးကြိုးများကို တပ်မတော်ကဖြတ်ယူရောင်းစားနေဟု သတင်းတု၊ သတင်းအမှားများ လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပုဇွန်မြောင်းရွာ၌ တပ်မတော်မှကျွဲ၊ နွားများ၊ အိမ်ထောင်ပရိဘောဂများ အပါအဝင် ကျေးရွာအတွင်းသွယ်တန်းထားသည့်လျှပ်စစ်မီးကြိုးများကို ဖြတ်ယူရောင်းစားနေကြောင်း၊ လျှပ်စစ်မီးကြိုးများ မရှိသလောက်ဖြစ်နေပြီး ကျေးရွာအတွင်း မီးလင်းခြင်းမတွေ့ရတော့ကြောင်း စသည်ဖြင့် ဒေသခံများထံမှသိရှိရကြောင်းသတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက် စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက် ရှိသည်ကိုတွေ့ရှိရသည်။

ပဲခူးတိုင်းဒေသကြီး အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၏ ပြောကြားချက်အရ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပုဇွန်မြောင်းကျေးရွာတွင် ကျေးရွာသူ၊ ကျေးရွာသားများ ပုံမှန်နေထိုင်လုပ်ကိုင်စားသောက်လျက်ရှိကြောင်းနှင့် အထက်ပါသတင်းသည် သတင်းအမှားသာဖြစ်ကြောင်း သိရှိရသည်။ ၎င်းပြင် ပုဇွန်မြောင်းကျေးရွာဝန်းကျင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး၏ပြောကြားချက်အရ လွန်ခဲ့သော သုံးလခန့်က အကြမ်းဖက်သောင်းကျန်းသူများက ရွာအနီးလာရောက်၍ ရမ်းသန်းပစ်ခတ်ခဲ့သောကြောင့် သွယ်တန်းထားသောလျှပ်စစ်ဓာတ်အားပေးဝေသည့် လျှပ်စစ်မီးကြိုးနေရာအချို့ ပြတ်တောက်ခဲ့ပြီး မီးမရရှိသည်မှာ သုံးလခန့်ရှိပြီဖြစ်ကြောင်းသိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လျှပ်စစ်ကဏ္ဍအား ထိခိုက်ပျက်စီးစေရန် မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့်ပစ္စည်းများကို လုယက်ယူဆောင်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိပြီး မြို့ရွာများတည်ငြိမ် အေးချမ်းမှု၊ လုံခြုံမှုနှင့်တရားဥပဒေစိုးမိုးမှုရှိစေရန် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့်ရဲတပ်ဖွဲ့ဝင်များ အပါအဝင်လုံခြုံရေးပူးပေါင်းအဖွဲ့များအပေါ် အထင်အမြင်လွဲမှားစေရန် တရားမဝင် ပြည်ဖျက်မီဒီယာများက အဓိကထားဦးတည် တိုက်ခိုက်ရေးသားဖြန့်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# တောင်သာမြို့၌ အဓမ္မလူသစ်စုဆောင်းခံရသည့် လူငယ်တစ်ဦးကို ငွေကြေးဖြင့်ပြန်ရွေးခဲ့ရကြောင်း မဟုတ်မမှန်လုပ်ကြံသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ အမှတ်(၆)ရပ်ကွက်တွင် နေထိုင်သူ အသက် ၁၈ နှစ် အရွယ်လူငယ်တစ်ဦးသည် နိုဝင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီခန့်တွင် တောင်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့မှ ခြေကျင်ဖြတ်သွားချိန်၌လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီးတပ်မတော်သို့ဝင်ရန် အတင်းအဓမ္မ ခြိမ်းခြောက်ခဲ့သောကြောင့် ငွေကြေးဖြင့်ပြန်ရွေးခဲ့ရကြောင်း မဟုတ်မမှန်လုပ်ကြံသတင်းများ ရေးသားနေသည့် မြေလတ်အသံသတင်းမီဒီယာက လူမှုကွန်ရက် သတင်းစာမျက်နှာများတွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးမှ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ နိုဝင်ဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် တောင်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့၌ မသင်္ကာဖွယ် အမျိုးသားတစ်ဦးက ခေါက်တုံ့ခေါက်ပြန် သုံးကြိမ်ခန့်လမ်းလျှောက်နေသဖြင့်လုံခြုံရေး တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များက လုံခြုံရေးအရခေါ်ယူစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း၊ စစ်ဆေးတွေ့ရှိချက်များအရ ၎င်းသည် အရက်အလွန်အကျွံသောက်စားထားကာ မေးမြန်းမှုများကို ပြန်လည်ဖြေကြားနိုင်ခြင်း မရှိခဲ့ကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်မပါရှိကြောင်း၊ ၎င်းနှင့်အတူ အဝတ်ထုပ် တစ်ထုပ်၊ ငွေကျပ် ၁၀၀၀ ကျပ်ကိုတွေ့ရှိရပြီး အချိန်အနည်းငယ်ကြာမှသာ အဆိုပါလူငယ်၏ မိခင်ဖြစ်သူရောက်ရှိလာပြီး ပြန်လည်ခေါ်ဆောင်သွားခဲ့ကြောင်း ပိုက်ဆံဖြင့်ရွေးယူသွားသည်မှာမဟုတ်ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ တရားမဝင်မီဒီယာများသည် အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်ဖျက်ဆီးမှုလုပ်ရပ်များ လုပ်ဆောင်ချိန်တွင် သတင်းအမှားများဖြင့် သွေးထိုးလှုံ့ဆော်မှုများ ဆက်တိုက်ထုတ်လွှင့်ရေးသားလျက်ရှိပြီး နိုင်ငံတော်နှင့်ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူကို သတင်းအဆိပ်ခတ်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Lu Ker" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် ငါးအိုးကျေးရွာနေ အောင်မင်းခန့်(ခ) အောင်ကြီးအား မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မိုင်းခတ်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။



## အီလက်ထရောနစ် နည်းပညာကိုအသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတွင် E-Book ထုတ်ဝေစာများဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အသိပေးကြေညာ

၁။ ၂၀၁၄ ခုနှစ်ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေတွင် ထုတ်ဝေစာဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရောနစ်နှင့် အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖန်တီး၍ ထုတ်ဝေလိုက်သည့်စာတို့အပြင် ယင်းတို့နှင့်အမျိုးအစားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သဏ္ဌာန်အားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကို ဆိုသည်ဟုလည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၅ တွင် မည်သူမျှသက်ဆိုင်ရာ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

၂။ ယခုအခါ အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များ တည်ထောင်၍ E-Book ထုတ်ဝေစာများအား ထုတ်ဝေဖြန့်ချိလျက်ရှိသည်ကိုတွေ့ရှိရပြီး ၎င်း E-Book ထုတ်ဝေစာများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေပါ ထုတ်ဝေစာအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်ပါသဖြင့် သက်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်၍ Digital Platform အသုံးပြုကာ Application နှင့် Website များတည်ထောင်၍ E-Bookများ ထုတ်ဝေဖြန့်ချိဆောင်ရွက်နေသူများအနေဖြင့် ဥပဒေ ပုဒ်မ ၁၅နှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူဆောင်ရွက်ရန်၊ မိမိတို့၏ထုတ်ဝေစာများသည် ပုဒ်မ ၈ ပါ စည်းကမ်းချက်များနှင့်အညီ ရေးသားထုတ်ဝေဆောင်ရွက်ရန်နှင့် နည်းဥပဒေ ၁၅ (ခ)နှင့်အညီ E-Book Soft Copy ငါးအုပ်၊ ငါးစောင်ကို မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးအပ်ရန် လိုအပ်ပါကြောင်းနှင့် လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



# ကူညီပေးခဲ့သော်လည်း

## ချင်းတောင်လတ်ငြိမ်း

(၁)

တစ်နေ့တစ်နေ့ ဆိုက်ကားနင်းရတာ သိပ်အဆင်မပြေချင်ဘူး။ အခုအဆင်မပြေဘူးဆိုတော့ အရင်ကကော အဆင်ပြေရဲ့လားလို့ မမေးပါနဲ့။ အခုလဲ အရင်လိုပါပဲ။

"ဖျို့ ဆိုက်ကားဆရာ။ လမ်းထိပ်လက်ဖက်ရည်ဆိုင်ပို့ပေးပါအုံး"

"လာပြီဖျို့"

"ဆရာကြီး ဘာတွေတွေးနေတာလဲဗျ"

"ဒီလိုပဲပေါ့ဗျာ။ တောင်တွေးမြောက်တွေးပေါ့"

ကိုထွန်းမောင် စကားတပြောပြောနဲ့ ဆိုက်ကားနင်းလာလိုက်တာ လမ်းထိပ်လက်ဖက်ရည်ဆိုင်ကို ဘယ်လိုရောက်မှန်းမသိဘူး။

"ရောက်ပြီဗျာ။ ဘယ်လောက်ကျလဲ ဆရာသမား"

"ငါးရာသာပေးပါ"

ရုတ်တရက် နှာခေါင်းထဲကို အီကြာကွေးကြော်တဲ့အနံ့တွေ၊ စမူဆာကြော်တဲ့ အနံ့တွေက တိုးဝင်လာတယ်။ မနက်ကတည်းက ထမင်းကြမ်းနဲ့ပဲပြုတ်သာ စားထားတဲ့ ဗိုက်က အချက်ပေးသံမြည်နေပြီ။ ဆိုင်ထဲက ကလေးကလဲ အလိုက်ကန်းဆိုးမသိ ပေါက်စီအိုးကို ဖွင့်ပြန်တယ်။ အိုးထဲမှာတော့ အငွေ့တထောင်းထောင်း ထွက်နေတဲ့ ပေါက်စီတွေ စားချင်စရာကောင်းအောင် ဟန်ရေးပြနေကြပါတယ်။ ဒါနဲ့ ပေါက်စီတစ်လုံး ဝယ်လာလိုက်တယ်။

(၂)

"မိန်းမ ဘာဖြစ်နေတာလဲ။ မျက်နှာလဲ မကောင်းပါလား"

"ဘာမှမဖြစ်ပါဘူး၊ ဈေးရောင်းမကောင်းလို့"

"ဒါများ မိန်းမရယ်။ ဒီနေ့ ရောင်းမကောင်းလဲ နောက်ရောင်းကောင်းမှာပေါ့"

"အဲဒီဈေးရောင်းအလုပ်ကို ကျုပ်တော်တော် စိတ်ကုန်နေပြီ သိလား။ ရှေ့ဆက်ပြီး ဘာလုပ်စားရမှန်းကို မသိတော့ဘူး"လို့ ပွစိပွစိနဲ့ ပေါက်ပေါက်ဖောက်သလို ပြောနေတဲ့ မမြင့်ကို ကိုထွန်းမောင်က ဘာပြန်ပြောရမှန်း မသိတော့ပေ။

"သားရေ ဖေဖေ ပေါက်စီဝယ်လာတယ်"

သားကို ပေါက်စီတစ်ခြမ်း ပေးလိုက်တယ်။ ကျန်တဲ့တစ်ခြမ်းကိုတော့ မိန်းမကိုပေးလိုက်တယ်"

"တော်က မစားဘူးလား"

"ငါ မစားချင်ပါဘူး"

မိန်းမနဲ့ စကားထိုင်ပြောနေတာနဲ့ ရေချိုးဖို့ မေ့နေတယ်။ ဒီလိုနဲ့ ရေချိုးလိုက်တယ်။ ကိုထွန်းမောင် ရေချိုး၊ အဝတ်အစားလဲပြီးတော့ ထမင်းစားဖို့ပြင်တော့တယ်။

"ဒီနေ့ ဘာဟင်းချက်လဲ မိန်းမ"

"ထုံးစံအတိုင်းပဲ။ တော်ကလဲ သိလျက်သားနဲ့၊ ဘာဟင်းလဲဆိုတာကို နေ့တိုင်းမေးတယ်"

"သိပါတယ်ကွာ။ အကျင့်ပါနေလို့ပါ"

တစ်နေကုန်လို့ မိုးချုပ်ခါနီးအချိန်ရောက်တဲ့အခါမှာတော့ ပျော်ရွှင်ဖွယ် မိသားစုထမင်းဝိုင်းလေး စပါတော့တယ်။ ဟင်းကတော့ ထုံးစံအတိုင်းပါပဲ။ ငါးပိရည်ကျို အရည်ကျဲကျဲ။ တို့စရာအရွက်က အနီးနားက စားလို့ရတဲ့ အရွက်မှန်သမျှ အကုန်ရေနဲ့ပြုတ်လိုက်တာပဲ။ ဒါကလဲ ဟင်းတစ်ပွဲပါပဲ။

(၃)

ဒီနေ့တော့ ကိုထွန်းမောင် ခရီးသည်တစ်ယောက်ကို လိုက်ပို့ရင်း အချိန်လင့်သွားတယ်။ လမ်းမီးတွေက လင်းနေတာကြောင့် မှောင်တယ်လို့မထင်ရဘူး။ ဒီလိုနဲ့ လူသွားလူလာနည်းတဲ့ အိမ်အပြန်လမ်းကြားထဲ ချိုးဝင်လိုက်တယ်။ လမ်းမီးတိုင်တွေက မှိန်တဲ့မီးသီးက မှိန်၊ လင်းတဲ့မီးသီးကလင်းနဲ့ လမ်းမကိုမြင်နေတာပဲ တော်လှပြီလို့ ပြောရမလိုဖြစ်နေတယ်။ တချို့မီးသီးတွေဆို မလင်းတော့ဘူး။ ကိုထွန်းမောင် ဆိုက်ကားနင်းလာရင်း အော်သံသဲ့သဲ့ကို ကြားလိုက်ရတယ်။ အော်သံက တဖြည်းဖြည်းနီးလာတယ်။ ပြီးတော့ ပီပြင်လာတယ်။

"ကယ်ကြပါအုံးဗျာ။ ကျုပ်ပိုက်ဆံအိတ်လုပြေးလို့"

လူနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ပြေးလာတာကို ကိုထွန်းမောင် ဆိုက်ကားပေါ်က လှမ်းမြင်နေရတယ်။ ပြေးနေတဲ့ လူနှစ်ယောက်က ရှေ့ကိုမည်းပြီးပြေးနေတော့ ကိုထွန်းမောင်ကို မြင်ဟန်မတူဘူး။

"ကဲ ကွာ။ သူများပစ္စည်း လုပြေးချင်အုံး၊ ပြောပြောဆိုဆိုနဲ့ ကိုထွန်းမောင်က ဆိုက်ကားမှာ အသင့်ပါလာတဲ့တုတ်နဲ့ ရှေ့ကနေပြေးလာတဲ့ကောင်ကို အားကုန်ရိုက်လိုက်တယ်။ ပြေးလာတဲ့သူက လမ်းမပေါ်ဗိုင်းခနဲလဲသွားတယ်။ ကိုထွန်းမောင်ကြောင့် ပိုက်ဆံအိတ် လုပြေးတဲ့ကောင်လဲ လမ်းပေါ်မှာ မှောက်သွားတယ်။ နောက်ကပြေးလိုက်လာတဲ့ လူကြီးလဲ ကိုထွန်းမောင်နား ရောက်လာတယ်။ ပိုက်ဆံအိတ်ကို ကပျာကယာ လှမ်းကောက်လိုက်တယ်။

"ကျေးဇူးပါ ငါ့ညီရာ။ မင်းမကယ်ရင် ငါတော့ ဒုက္ခရောက်တော့မှာ"

"ရပါတယ် အစ်ကိုကြီးရဲ့။ ကျွန်တော်လဲ လမ်းကြုံလို့ ကူညီတာပါ"

"ကျေးဇူးပဲကွာ။ ဒီထဲမှာ သိန်း ၁၀၀၀ တန် ချက်လက်မှတ်ပါတယ်ကွ။ သိန်း ၁၀၀၀ ဆိုတဲ့အသံကြားတဲ့အခါမှာတော့ မှောက်လဲနေတဲ့လူက ကိုထွန်းမောင်ကို ကြည့်နေတယ်။ ကိုထွန်းမောင်ရိုက်လိုက်တဲ့အရှိန်ကြောင့် ပိုက်ဆံအိတ်လုပြေးတဲ့ကောင်က အခုထိ မထနိုင်သေးဘူး။

"သွားပြီ ငါ့ညီရေ။ နောက်မှဆုံမယ်နော်။ ကိုထွန်းမောင် ပြုံးပြနှုတ်ဆက်ရင်း ဆိုက်ကားကို ပုံမှန်ထက်ပိုမြန်မြန်လေး နင်းခဲ့လိုက်တယ်။ ကိုထွန်းမောင်တို့ ကွယ်ပျောက်သွားပေမဲ့ ပိုက်ဆံအိတ်လုပြေးတဲ့ကောင်က ထဖို့ တော်တော်ကြိုးစားယူရမဲ့ပုံပေါ်တယ်။

(၄)

အိမ်ရှေ့မှာထိုင်နေတဲ့ မမြင့်ကို ကိုထွန်းမောင် အဝေးကနေ လှမ်းမြင်နေရတယ်။ ကိုထွန်းမောင် အိမ်ပြန်နောက်ကျလို့ ထင်တယ်။ ကိုထွန်းမောင် မိန်းမက ဟိုကြည့်ဒီကြည့်နဲ့ လုပ်နေတယ်။

"တော်ကလဲ မိုးချုပ်နေပြီ။ ဘယ်တွေထိများ ခရီးသည်ကို လိုက်ပို့နေရလို့လဲ"

"ငါ ပြန်လာတာ စောတယ်။ လမ်းမှာ ကိစ္စလေးတစ်ခုနဲ့ကြုံနေလို့ပါ"

"ဘာကိစ္စနဲ့ကြုံတာလဲ"

ကိုထွန်းမောင်က ဆိုက်ကားပေါ်က ဆင်းပြီး အိမ်ပေါ်တက်သွားတယ်။ မမြင့်ကလဲ နောက်ကနေလိုက်သွားတယ်။ အိမ်ပေါ်ရောက်မှ ကိုထွန်းမောင်က ဖြစ်ကြောင်းကုန်စင်ကို ပြောပြတယ်။

"ဟင်. . . ဒါကို ဟိုလူက ရှင့်ကို ပိုက်ဆံမပေးလိုက်ဘူးလား"

"ဩော်. . . ဒါကတော့ မိန်းမရယ်။ စေတနာကိုငွေနဲ့ တန်ဖိုးဖြတ်သလိုဖြစ်နေမှာပေါ့။ ပြီးတော့ ငါ ကူညီတယ်ဆိုတာ ဘာမျှော်လင့်ချက်မှမပါဘူးလေ"

"ဒါတော့ ဒါပေါ့ရှင်။ ကူညီတဲ့သူကိုတော့ တစ်ခုခုတုံ့ပြန်ဖို့ကောင်းတာပေါ့"

"ဒါကတော့ မင်း အမြင်လေ။ ဟိုလူ့ဘက်ကလဲ ပြန်စာနာအုံးမှာပေါ့။ သူလဲ အန္တရာယ်နဲ့ကြုံရတာဆိုတော့ စိတ်တွေပူပြီး ပေးဖို့မေ့ခဲ့တယ်ထင်တယ်"

ကိုထွန်းမောင် မိန်းမက သိန်း ၁၀၀၀ တန် ချက်လက်မှတ်ပိုင်ရှင်က သူ့ကို ဘာမှပြန်မပေးတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူဖြစ်ချင်ရာတွေ ပြောနေလေရဲ့။ ကိုထွန်းမောင်က အေးအေးလူလူပါပဲ။

"ဒီနေ့ ဘာဟင်းချက်လဲမိန်းမ။ ထုံးစံအတိုင်းပဲလား"

"သိရင်လဲ မေးမနေပါနဲ့တော်"

မမြင့်က ဒေါနဲ့မောနဲ့ ပြောနေပေမဲ့ ကိုထွန်းမောင်က အေးအေးဆေးဆေး ပြုံးလို့ပါပဲ။

(၅)

"ခင်ဗျားက လွန်ခဲ့တဲ့ ငါးရက်လောက်က ပိုက်ဆံအိတ်လုပြေးတဲ့ကောင်ကို ရိုက်ပေးတဲ့သူလား"

ကိုထွန်းမောင်က သူစိမ်းနှစ်ယောက်ရဲ့အမေးကို လန့်သွားတယ်။ လူပုံစံတွေက သန့်သန့်ပြန့်ပြန့်တွေပါပဲ။ ရဲတွေလား။ ဘာလား။ ကိုထွန်းမောင် တွေးချင်တွေးနေမိတယ်။

"ဟုတ် ဟုတ်ကဲ့။ ကျွန်တော်ရိုက်ခဲ့ပါတယ်။ ကိုထွန်းမောင် အထစ်ထစ်အငေါ့ငေါ့နဲ့ပြန်ဖြေပါတယ်"

"ဟားဟားဟား ဟားဟား လူကြီးနှစ်ယောက်က ကိုထွန်းမောင်ကို သဘောကျစွာ ရယ်လိုက်ကြတယ်။ ကိုထွန်းမောင်က လူကြီးနှစ်ယောက် ဘာကို ရယ်သလဲဆိုတာ နားမလည်နိုင်စွာ ကြည့်နေတယ်။

"သူပဲ သူဌေးရဲ့။ ကျွန်တော့်ကို ကူညီပေးခဲ့တာ"

လူကြီးနှစ်ယောက်က သူတို့ချင်း အပြန်အလှန်စကားပြောနေကြတယ်။ သူဌေးဆိုတဲ့ လူကြီးက ကိုထွန်းမောင်ကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်နဲ့ပါပဲ။ ကိုထွန်းမောင်ကို သဘောကျနေပုံရတယ်။

"ခင်ဗျားကို ကျုပ်သူဌေးက ကျေးဇူးဆပ်ချင်လို့ပါတဲ့ဗျာ"

"ဗျာ"

ကိုထွန်းမောင်ရဲ့ အာမေဋိတ်သံက အစကထက်ပိုကျယ်သွားတယ်။ အံ့သြမှုတွေ၊ ဝမ်းသာမှုတွေနဲ့ ပြည့်လို့ပါပဲ။

(၆)

ဒီနေ့ ကိုထွန်းမောင်ရဲ့ အိမ်ပြန်လမ်းဟာ သာသာယာယာပါပဲ။ လေတချွန်ချွန်နဲ့ သီချင်းလေးငြီးလို့ပါပဲ"

"ဘီးကလေးကိုစီး အချစ်ကလေးကိုတင်ပြီး ခြေဦးတည့်ရာသွားနိုင်တယ်လေ။ ကိုတို့နှစ်ဦးရဲ့ချစ်နိဗ္ဗာန်. . ."

စိုင်းထီးဆိုင်သီချင်းကို အော်ဆိုရင်း ဆိုက်ကားကိုဖြည်းဖြည်းပဲ နင်းလာပါတယ်။ ဒီလိုနဲ့ လမ်းကြားတစ်ခုထဲ ချိုးဝင်ခဲ့တယ်။ ဒါကလဲ သူသွားနေကျလမ်းပါပဲ။ မီးတိုင်တွေကလဲ အရင်အတိုင်းပါပဲ။ လင်းတဲ့မီးသီးက လင်း၊ မှိန်တဲ့မီးသီးကမှိန် အရာအားလုံးဟာ အရင်အတိုင်းပါပဲ။ အရင်အတိုင်းမဖြစ်တာကတော့ ကိုထွန်းမောင်ပါပဲ။ ဆိုက်ကားပေါ်တင်ယူလာတဲ့မုန့်တွေက အများကြီးပါပဲ။ ပါဆယ်တွေက ၁၀ ထုပ်လောက်ရှိတာ။ အင်္ကျီအိတ်ကပ်ထဲမှာလဲ စာအိတ်စက္ကူက ဖောင်းကားလို့ပါပဲ။ စားစရာတွေကိုတော့ အိမ်ရောက်မှအားရပါးရစားလိုက်ရအုံးမယ်လို့အားခဲပြီး အိမ်အမြန်ရောက်အောင် ဆိုက်ကားကို မြန်မြန်နင်းခဲ့လိုက်တယ်။ ဒီလိုနဲ့ မီးမလင်းတဲ့ မီးတိုင်နားအရောက်မှာတော့-

"ကဲ ကွာ။ သူများကိစ္စဝင်ရှုပ်ချင်အုံး"

ရှေ့တည့်တည့်ကနေ ရိုက်လိုက်တာကြောင့် ကိုထွန်းမောင် ပြင်ဆင်ချိန်မရလိုက်ပါဘူး။ ကိုထွန်းမောင် ခေါင်းထဲလင်းခနဲ ဖြစ်သွားတယ်။ ရုတ်တရက် အရိုက်ခံရတာကြောင့် ဆိုက်ကားပေါ်မှာပဲ လူကမှူးဝေပြီး ယိုင်နေတယ်။

"မင်းကြောင့် သိန်း ၁၀၀၀ နဲ့လွဲခဲ့တာကွ၊ အဲဒီလူကပဲ နောက်တစ်ချက် ထပ်ရိုက်ပါတယ်။ ဒီတစ်ခါတော့ ကိုထွန်းမောင် ခေါင်းကို နောက်ကနေ ရိုက်လိုက်တာပါ။ ကိုထွန်းမောင်လဲ ဆိုက်ကားပေါ်ကနေ လမ်းမပေါ်လဲကျသွားတယ်။ လမ်းမပေါ်သွေးတွေအိုင်နေပါတယ်။ အခုချိန်မှာ ကိုထွန်းမောင် လမ်းမပေါ်လဲကျနေပြီး သတိမလွတ်ရုံသာရှိတော့တယ်။

"ဘယ်မှာလဲကွ ပိုက်ဆံ။ မင်းကိုပေးလိုက်တာ ငါအစအဆုံးမြင်ပြီးသား"

ကိုထွန်းမောင်ဟာ သူ့ရဲ့ အေးစက်စက်သွေးအိုင်ထဲမှာလဲနေရင်း သူ့အိတ်ကပ်ထဲကစာအိတ်ကို သူစိမ်းယူသွားတာကို သိလိုက်ပါတယ်။ ပြီးတော့ ဆိုက်ကားပေါ်က သူ့အတွက်ပေးထားတဲ့ စားစရာအထုပ်တွေကို ယူသွားတယ်ဆိုတာလဲ သိလိုက်ပါတယ်။ ကိုထွန်းမောင် မသိလိုက်တဲ့ နောက်ဆုံးအချက်ကတော့ သူ့မျက်လုံးတွေ ဘယ်အချိန် အမှောင်ဖုံးသွားတာလဲဆိုတာကိုပါပဲ။ ကူညီပေးခဲ့တယ်ဆိုပေမဲ့ ကိုထွန်းမောင်အတွက်တော့ အကောင်းတွေ ဖြစ်မလာပါဘူး။ အခုအချိန် မမြင့်က အိမ်ရှေ့ထွက်ပြီး ကိုထွန်းမောင်ကို မျှော်နေရောပေါ့။ ညက တိတ်ဆိတ်လို့နေတယ်။ လောကကြီးကတော့ မှောင်သည်ထက်မှောင်ဖို့အစပြုနေပြီ။ ကိုထွန်းမောင်ကတော့ လမ်းမီးရောင်မှိန်မှိန်အောက် သွေးအိုင်ထဲ မှောက်လျက်။

# ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၂၃၇၈ ဧက ရိတ်သိမ်းပြီးစီး



**ခန္တီး နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၂၃၇၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၈၃၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ စပါး ၈၂၇၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထိုသို့စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၃၇၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ပျမ်းမျှ ၅၉ ဒသမ ၅၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ခန္တီးမြို့နယ်မှာ ဒီနှစ် မိုးကာလစပါးဧက ၈၃၀၀ လျာထားစိုက်ပျိုးခဲ့ရာ ဧက ၈၂၀၀ ကျော်ထိပဲ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာလဲ မိုးစပါးစိုက်ခင်းတွေ စတင်ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော်ရိတ်သိမ်းပြီးပါပြီ။ အထွက်နှုန်းလဲ ကောင်းမွန်ပါတယ်။ ကျန်တဲ့ဧကတွေကိုလဲ ဆက်လက်ရိတ်သိမ်းနေပါတယ်"ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် ဓာတ်မြေဩဇာဈေးကြီးနေ၍ သဘာဝမြေဩဇာများ သုံးစွဲတတ်လာရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ဘားအံမြို့နယ် တောကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ နိုဝင်ဘာ ၃၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တောကြီးကုန်းကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ရွာလယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစု ဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။



ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက တောကြီးကုန်းကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# မင်းလှမြို့နယ် ဆင်မတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းလှ နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆင်မတောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေနှင့် ပြည်သူလူထုထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတွင်း လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဆင်မတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

မင်းလှမြို့နယ် ဆင်မတောင်ကျေးရွာ၌ အရှည် ပေ ၈၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ် ၁၆၅ သိန်းဖြင့် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာ ၂၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၆ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဆင်မတောင်ကျေးရွာရှိ အိမ်ခြေ ၁၉၂ အိမ်ရှိ လူဦးရေ ၇၂၀ တို့၏ သွားလာရေး လွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

**ချိုလေး**

## မြန်မာ့အလှ မြန်မာ့ရှုခင်း

\- ကောင်းကင်မှာ ပြာလွင်လဲ့
ညင်းလေသွဲ့ သုတ်ကာချီ၊
လ ရာသီ တန်ဆောင်မုန်း
လှမဆုံး ထုံကြည်၊
မိုးနှောင်းတော့ ဆောင်းရောက်ပြီ
နှင်းဇာခြည် ပဝါပါး၊
ငွေကမ္ဘာ အခြေပြု
မြတ်ဆုရည် ထား။

\- ငွေရောင်ပမာ ဖွေးဥလျှမ်း
သဇင်ပန်း ပွင့်ကာလေ၊
ပြည်တစ်ခွင် အေးချမ်းစေဖို့
ပို့ မေတ္တာဝေ၊
ဆောင်းနှင်းတို့ လွှမ်းကာဝေ
ပန်းတိုင်းလေ မွှေးထုံ သင်း၊
ရင်တွင်းမှာ မေတ္တာထားလို့
ဘေးဘယာတွေ ရှင်း။

\- ပန်းသဇင် ဖူးဝေတင့်လို့
နန်းမြင့်မှာ နေရာယူ၊
တော်ဝင်သူ ဟေမန်ဆောင်းမှာ
သင်းရနံ့ ကြူ၊
မွန်မြတ်သော ပန်းမဥ္ဇူ
အပူတွေကင်းစင်ဝေး၊
တေးတံတျာ ဆောင်းလေအေးမှာ
ငြိမ်းချမ်းမှုပေး။

\- မိုးမြေကို သစ္စာပြုပါလို့
တောင်းဆု ခြွေမည်၊
ပြည်မြန်မာ ရန်ဘယာဝေးလို့
အေးမြ သာကြည်၊
ဆောင်းလရယ် အခါမီ
ပြည်သူတွေ စိတ်ရွှင်လန်း၊
သစ္စာမြေသည် ဒီအရပ်ဆီက
အေးမေတ္တာ ကမ်း။ ။

**မိုးမြေသစ္စာ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# အေ့ဒ်စ်ရောဂါအကြောင်း သိမှတ်ဖွယ်ရာအဖြာဖြာ

ပေါက်ပေါက်

နှစ်စဉ် ဒီဇင်ဘာ ၁ ရက်နေ့ကို ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါနေ့ (World AIDS Day) အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပခဲ့သည်မှာယခုဆိုလျှင် ၃၅ နှစ်ရှိပြီဖြစ်ပါသည်။

Human Immunodeficiency Virus (HIV) ဟုသည် လူ့ခန္ဓာကိုယ်မှ ခုခံစွမ်းအားကိုကျဆင်းစေသော ဗိုင်းရပ်ရောဂါပိုးတစ်မျိုးဖြစ်သည်။ တစ်နည်းဆိုသော် ကိုယ်ခံအားစနစ်ကို တိုက်ဖျက်ပစ်သောရောဂါပိုးဟုခေါ်သည်။ ၎င်းရောဂါသည် ခန္ဓာကိုယ်အတွင်းရှိ သွေးဖြူဥဆဲလ်များကို ဖျက်ဆီးပစ်လိုက်သည်။ HIV ပိုးကူးစက်ခံထားရသော်လည်း သာမန်လူတစ်ယောက်ကဲ့သို့ သွားလာလှုပ်ရှားနိုင်သဖြင့် မိမိကိုယ်ကိုကူးစက်ခံနေရသည်ကိုပင် မသိရှိနိုင်ကြပေ။ ခန္ဓာကိုယ်ရှိ သွေးဖြူဥဆဲလ်များ ပျက်စီးသွားပါက ပြင်ပမှဝင်လာသောရောဂါပိုးများကို ခုခံနိုင်စွမ်းအားမရှိတော့ပေ။ ထိုသို့ ခုခံစွမ်းအားဖျက်ဆီးခံရခြင်းကို ခုခံအားကျဆင်းရောဂါ AIDS (Acquired Immune Deficiency Syndrome) ဟုခေါ်သည်။ တစ်နည်းဆိုသော် AIDS ဆိုသည်မှာ ခန္ဓာကိုယ်တွင်းရှိ ခုခံအားစနစ်ပျက်စီးသွားခြင်းကြောင့် ကိုယ်တွင်းခုခံအားစနစ် ကျဆင်းလာသည့်ရောဂါဖြစ်ပါသည်။ ၎င်းရောဂါကြောင့်လွန်စွာအားနည်းနေသည့်အတွက် ပြင်ပမှကူးစက်နိုင်သည့် ရောဂါမှန်သမျှကို ပြန်လှန်တွန်းကန်နိုင်စွမ်း သို့မဟုတ် တားဆီးနိုင်စွမ်းမရှိတော့ဘဲ ရောဂါများ အစုလိုက်အပြုံလိုက်ဖြစ်ပွားလာစေပါတော့သည်။

AIDS ရောဂါသည် ယခုအခါ နိုင်ငံအသီးသီး၏ စွမ်းစွမ်းတမံတိုက်ဖျက်မှုများကြောင့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် သေဆုံးသူအရေအတွက်ကို ၃၃ ရာခိုင်နှုန်းခန့်ထိ ကျဆင်းစေခဲ့သည်။ သို့ရာတွင် HIV ပိုးကာကွယ်ဆေးအတွက် ဆယ်စုနှစ်များစွာသုတေသနပြုလုပ်ခဲ့ကြသော်လည်း ကာကွယ်ဆေး သို့မဟုတ် ပျောက်ကင်းအောင် ကုသနိုင်သည့်နည်းလမ်းကိုရှာဖွေနိုင်ခြင်း၊ ရောဂါပိုးကူးစက်ခံနေရသူများ၊ AIDS ရောဂါဝေဒနာရှင်များ လူ့အသိုင်းအဝိုင်းကြားခွဲခြားဆက်ဆံခံရမှုရှိနေခြင်းနှင့် ရောဂါတိုက်ဖျက်ရေးအတွက် ရန်ပုံငွေရရှိမှုနည်းပါးနေခြင်းတို့က ကြီးမားသည့် စိန်ခေါ်မှုအဖြစ်ရှိနေဆဲဖြစ်သည်။

### AIDS ရောဂါလက္ခဏာများ

AIDS ရောဂါသည် HIV ဗိုင်းရပ်ပိုး ကူးစက်ခံရပြီး ငါးနှစ်မှ ၁၀ နှစ်အတွင်း စတင်ခံစားရသည့်ရောဂါမျိုးဖြစ်သည်။ ကြာရှည်ဖျားခြင်း၊ ကိုယ်အလေးချိန် သိသိသာသာလျော့ခြင်း၊မကြာခဏ ဝမ်းပျက်ခြင်း၊ အကျိတ်ရောင်ခြင်း၊ ရေယုန်ပေါက်ခြင်း၊ ပါးစပ်အတွင်းမှက္ခရုပေါက်ခြင်း စသည်တို့သည် AIDS ရောဂါလက္ခဏာများဖြစ်ကြသည်။

### ကူးစက်နိုင်ခြေမြင့်မားသောမျိုးဗီဇပြောင်း HIV မျိုးကွဲသစ်တစ်မျိုးတွေ့ရှိထား

ယခုအခါ ကူးစက်နိုင်စွမ်းမြင့်မားသည့် မျိုးဗီဇပြောင်းခုခံအားကျဆင်းမှုရောဂါဗိုင်းရပ် (HIV) မျိုးကွဲသစ်တစ်မျိုးကို နယ်သာလန်နိုင်ငံ၌ သုတေသီများက ရှာဖွေတွေ့ရှိထားသည်။ VB HIV ပိုးမျိုးကွဲဟု၍ အမည်ပေးထားသည့် အဆိုပါမျိုးဗီဇပြောင်း HIV ပိုးကို နယ်သာလန်နိုင်ငံသားအနည်းဆုံး ၁၀၉ ဦး၌ တွေ့ရှိထားကြောင်း ဗြိတိန်နိုင်ငံအောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသီများက ပြောကြားသည်။ VB HIV ပိုးကြောင့် ခုခံအားကျဆင်းမှုရောဂါ ကူးစက်မှုသည် လက်ရှိ HIV ပိုးအမျိုးအစားထက် နှစ်ဆပိုမြန်ကြောင်း၊ ၎င်းပိုးမျိုးကွဲသည် လူ၏ ခုခံအားစနစ်ကို ဖျက်ဆီးတတ်ပြီး ကူးစက်မှုကို နေ့စဉ်ရင်ဆိုင်နိုင်စွမ်းအားနည်းစေတတ်သည်ဖြစ်ရာ ကူးစက်ခံရပါက AIDS ရောဂါပေါ်ထွက်မှု ပို၍မြန်လာနိုင်ကြောင်း၊ ထို့ပြင် လူ့ကိုယ်တွင်း၌ VB HIV ပိုးစုစည်းဝင်ရောက်နိုင်မှု ပမာဏမှာ အခြား HIV ပိုးများထက် ၃ ဒသမ ၅ ဆနှင့် ၅ ဒသမ ၅ ဆကြားပို၍ မြင့်မားလာရာ အခြားသူများထံ ကူးစက်နိုင်စွမ်းမှာလည်း ပိုမြင့်မားကြောင်း သုတေသီများက သတိပေးထားသည်။ သို့ဖြစ်ပါ၍ VB HIV ပိုးကူးစက်ခံရပါက ကျန်းမာရေးအခြေအနေလျင်မြန်စွာ ကျဆင်းလာတတ်ရာ ရောဂါကို စောစောစီးစီးဖော်ထုတ်ကုသရန် အရေးကြီးပါသည်။

### HIV နှင့် မြန်မာနိုင်ငံ

ကျန်းမာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် HIV ပိုးကူးစက်ခံနေရသူဦးရေ ၂၄၀၀၀၀ ကျော်ရှိပြီး ရောဂါဖြစ်ပွားမှုနှုန်းမှာ သုည ဒသမ ၅၇ ရာခိုင်နှုန်းရှိသည်။ HIV ၊ AIDS ကာကွယ်ရေးနှင့် ကုသရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် စက်တင်ဘာလထိလူနာပေါင်းဦးရေ ၁၉၀၀၀၀ ကျော်တစ်နည်းအားဖြင့် HIV ပိုးကူးစက်ခံရသူအားလုံး၏ ၇၈ ရာခိုင်နှုန်းထိ ကုသမှုပေးနိုင်ခဲ့ကြောင်း သိရသည်။ သို့ရာတွင် ပိုးရှိလူနာများကို စဉ်ဆက်မပြတ် ပြုစုကုသစောင့်ရှောက်ရေးနှင့် HIV ပိုးရှိသူများအပေါ် ခွဲခြားဆက်ဆံမှုများ ပပျောက်အောင် ဆောင်ရွက်ရေးအတွက် စိန်ခေါ်မှုများစွာရှိနေဆဲဖြစ်သည်။

### HIV လူနာများအတွက် ဆေးကုဌာန


ကျန်းမာရေးဝန်ကြီးဌာနက HIV လူနာများကို ဆေးကုဌာန ၄၀၀ ကျော်ဖွင့်လှစ်ကာ ကုသပေးလျက်ရှိသည်။ ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းစဉ်များအရ ၂၀၃၀ ပြည့်နှစ်တွင် HIV ပိုးကူးစက်မှု ကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး HIV လူနာများကို ART ဆေးကုဌာန ၄၀၀ ကျော်ဖွင့်လှစ်ကာ ကုသပေးနေခြင်းဖြစ်သည်။

### HIV ပိုးရှိ၊ မရှိ စစ်ဆေးနည်း

ရောဂါပိုးရှိသူသည် စဦးကာလများတွင် သာမန်လူများကဲ့သို့ပင် ကျန်းမာသန်စွမ်းနေနိုင်၍ အပြင်ပန်းအားဖြင့် မသိနိုင်ပေ။ ရောဂါပိုး ရှိ၊ မရှိကို သွေးစစ်ကြည့်မှသာ သိနိုင်ပါသည်။ ထိုရောဂါပိုးကူးစက်ခံရပါက ကိုယ်ခန္ဓာမှ တန်ပြန်တိုက်ဖျက်ရန် သွေးထဲက CD4 ခေါ် ပဋိဇီဝပစ္စည်းများ ထွက်ပေါ်လာသည်။ ထို့ကြောင့် HIV ပိုး ရှိ၊ မရှိ သို့မဟုတ်ရောဂါအနုအရင့်အခြေအနေကိုသိရှိနိုင်ရန် ၎င်းပဋိဇီဝပစ္စည်းကို စစ်ဆေးရခြင်းဖြစ်သည်။ သွေးစစ်ကြည့်ခြင်းဖြင့် သွေးထဲတွင် CD4 များတွေ့ရှိပါက HIV ပိုး ကူးစက်ခံနေရပြီဖြစ်သည်။ HIV ပိုးဝင်ပြီး အင်တီဘော်တီ လုံလုံလောက်လောက်တက်ရန် အချိန်သုံးလကြာသည့်အတွက် ပထမအကြိမ်သွေးစစ်ပြီး HIV ပိုးမရှိသော်လည်းနောက်သုံးလအကြာ၌ ထပ်မံသွေးစစ်ရန်လိုပါသည်။

### HIV ပိုး ကူးစက်နိုင်မည့်နည်းလမ်းများ

ဥရောပသမဂ္ဂနိုင်ငံများအတွင်း HIV ပိုးကူးစက်မှု၏ အဓိကအကြောင်းသည် အမျိုးသားအချင်းချင်းလိင် တူဆက်ဆံခြင်းကြောင့်ဖြစ်ပြီး HIV ကူးစက်မှုအားလုံး၏ ၄၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ အမျိုးသမီးနှင့် အမျိုးသားလိင်ဆက်ဆံခြင်းမှ HIV ပိုးကူးစက်မှုသည် ကူးစက်မှုအားလုံး၏ သုံးပုံတစ်ပုံအောက်သာရှိပြီး မူးယစ်ဆေးထိုးခြင်းကြောင့် HIV ပိုးကူးစက်မှုမှာ လေးရာခိုင်နှုန်းသာရှိကြောင်း ECDC ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ လေ့လာမှုစစ်တမ်းများအရ အမေရိကန်နိုင်ငံ၌ လစဉ်လူငယ် ဦးရေ ၁၀၀၀ HIV ရောဂါပိုးကူးစက်ခံနေရကြောင်း အမေရိကန်နိုင်ငံ AIDS ရောဂါတားဆီးကာကွယ်ရေးမှ ထုတ်ပြန်ထားသည်။




HIV ပိုးကို သွေး၊ သုက်၊ နို့ရည်ကဲ့သို့သော ကိုယ်ခန္ဓာမှထွက်ရှိသည့် အရည်များတွင်တွေ့ရှိနိုင်ပါသည်။ (က) HIV ရောဂါပိုးရှိသူ တစ်ဦးနှင့် အကာအကွယ်မဲ့ လိင်ဆက်ဆံခြင်း၊ လိင်တူလိင်ကွဲဆက်ဆံခြင်း၊ မိန်းမကိုယ် သို့မဟုတ်စအို သို့မဟုတ် ပါးစပ်ဖြင့် အကာအကွယ်မဲ့လိင်ဆက်ဆံခြင်း။ (ခ) ရောဂါပိုးရှိသူ၏သွေးကို သွင်းမိခြင်း။ (ဂ) ဘရိတ်ဓား၊ ဆေးထိုးအပ်၊ နားဖောက်ခြင်း၊ ဆေးမှင်ကြောင်ထိုးခြင်း၊ မုတ်ဆိတ်မွေးရိတ်ခြင်း စသည့် အသုံးအဆောင်ပစ္စည်းများကို ရောဂါပိုးရှိသူနှင့် အတူတကွ မျှဝေသုံးစွဲခြင်း။ (ဃ) ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ကူးစက်ခြင်း။ (င) ရောဂါပိုးရှိသော မိခင်မှတစ်ဆင့်ကလေးထံသို့ သားဖွားစဉ် သို့မဟုတ် ကလေးကို နို့ရည်တိုက်ကျွေးခြင်းစသည်တို့ကြောင့် ကူးစက်နိုင်ပါသည်။

သို့သော် HIV ပိုးသည် ခြင်၊ ကြမ်းပိုးကိုက်ခြင်းမှတစ်ဆင့် မကူးစက်နိုင်ပေ။ နှာချေခြင်း၊ ချောင်းဆိုးခြင်းမှတစ်ဆင့် မကူးစက်နိုင်ပေ။ HIV ပိုးရှိသူနှင့်သန့်စင်ခန်းတစ်ခုတည်းကို အတူတကွအသုံးပြုခြင်းဖြင့် ရောဂါမကူးစက်နိုင်ပေ။ HIV ပိုးရှိသူနှင့်ပွေ့ဖက်နမ်းရှုပ်ခြင်းဖြင့် ရောဂါမကူးစက်နိုင်ပေ။ HIV ပိုးရှိသူ၏ အဝတ်အစားများကို ဝတ်ဆင်ခြင်းဖြင့် ရောဂါမကူးစက်နိုင်ပေ။ HIV ရောဂါပိုးသည် လေထဲမှတစ်ဆင့် မပြန့်ပွားနိုင်သဖြင့် တစ်ခန်းတည်းအတူနေ၊ အတူသွား၊ အတူအလုပ်လုပ်၊ တယ်လီဖုန်းအတူသုံး၊ ကားအတူစီးခြင်း စသည်များမှတစ်ဆင့် လုံးဝမကူးစက်နိုင်ပေ။

### HIV ရောဂါပိုးမှ ရှောင်ရှားနည်း။

ထို HIV ရောဂါပိုးသည် အကောင်းပကတိအရေပြားကို ဖောက်ထွင်းနိုင်ခြင်းမရှိသော်လည်း၊ ဒဏ်ရာပေါက်များရှိ အမြှေးပါးမှတစ်ဆင့် စိမ့်ဝင်နိုင်ပါသည်။ ထို့ကြောင့် HIV ပိုးကူးစက်မခံရစေရန်အတွက် အပျော်အပါး လိုက်စားမှုကို ရှောင်ကြဉ်ပါ။ အသက်ငယ်ရွယ်စဉ် လိင်ဆက်ဆံမှုမပြုပါနှင့်။ အကာအကွယ်မဲ့လိင်ဆက်ဆံမှုမပြုရ။ တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးပါ။မူးယစ်ဆေးဝါးသုံးစွဲမှုမှ ရှောင်ကြဉ်ပါ။ ဆေးထိုးအပ်၊ ဆေးထိုးပြွန်တို့ကို တစ်ခါသုံး သို့မဟုတ် စနစ်တကျပိုးသတ်ပြီးမှသုံးပါ။ သွားတိုက်တံ၊မုတ်ဆိတ်ရိတ်တံတို့ကို မျှဝေမသုံးစွဲရ။ လိင်ဆက်ဆံသည့်အခါတိုင်း ကွန်ဒုံးသုံးပါ။ မိမိတွင် သွေးသွင်းခံရန် လိုအပ်ပါက လက်ခံမည့်သွေးထဲတွင် HIV ပိုးမရှိကြောင်း သေချာစစ်ဆေးပါ။ အခြားသူများ၏ သွေးသို့မဟုတ် ကိုယ်အရည်များနှင့် ထိတွေ့ရသောအလုပ်ကို လုပ်ကိုင်ရပါက လက်အိတ်ကိုအသုံးပြု၍ ကာကွယ်ပါ။ ကိုယ်ဝန်ဆောင်မိခင်များ HIV ပိုးရှိကြောင်းသိရှိပါက လျင်မြန်စောစီးစွာ ဆေးကုသမှုခံယူပါ။ သားဖွားပြီးနောက် ကလေးကို မိခင်နို့ရည်မတိုက်ဘဲ အထူးဖော်စပ်ထားသော နို့မှုန့်ကိုသာ တိုက်ကျွေးပါ။

### HIV ပိုးရှိပြီးသူများ သတိပြုလိုက်နာရန်

HIV ပိုးရှိသူတစ်ယောက်သည် မိမိတွင်ပိုးရှိကြောင်းသိရှိပါက ရောဂါပိုးထပ်မံဖြစ်ပွားမှုမရှိစေရန် အထူးသတိထားသင့်ပါသည်။ HIV ပိုးရှိရုံဖြင့် AIDS ရောဂါမဖြစ်နိုင်ပေ။ ၎င်းပိုးနှင့်အတူ ကျန်းမာပျော်ရွှင်စွာနေနိုင်သဖြင့် စိတ်ဓာတ်မကျဘဲအားတင်း၍ အချိန်မီ ကုသမှုခံယူခြင်း၊ ART ဆေးမှန်မှန်သောက်ခြင်း၊ အကာအကွယ်မဲ့လိင်ဆက်ဆံမှုမှ ရှောင်ကြဉ်ခြင်း၊ သန့်ရှင်းသောဆေးထိုးအပ်နှင့် တစ်ခါသုံးအပ်ကိုသာ အသုံးပြုခြင်း၊ တစ်ကိုယ်ရည်သန့်ရှင်းမှုဂရုစိုက်ခြင်း၊ စိတ်ဖိစီးမှုမရှိအောင် ကြိုးစားနေထိုင်ခြင်း စသည်ဖြင့် လူ့ဘဝသက်တမ်းစေ့နေထိုင်နိုင်ပါသည်။

### HIV ပိုးကူးစက်ခံရသူများ ဝမ်းမြောက်ဖွယ်

နောက်ဆုံးပေါ် HIV ဆေးကုထုံးမှုစမ်းသပ်ခံယူနေသည့် ရောဂါသည် လူငယ်များသည် ကုထုံးတိုးတက်လာမှုကြောင့် သက်တမ်းပိုရှည်လာကာ လူ့သက်တမ်းစေ့နီးပါးနေနိုင်ကြတော့မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိမှုအသစ်ကို The Lancer ဆေးပညာဂျာနယ်တွင် ရေးသားဖော်ပြထားပါသည်။ ဥရောပနှင့် မြောက်အမေရိကတွင် HIV ဆေးကုထုံးသစ်စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ရောဂါသည်များသည် ရောဂါမရှိသည့်သာမန်လူများနီးပါး သက်တမ်းရှည်လာနိုင်တော့မည်ဟု ဗြိတိသျှဆေးပညာရှင်များက ပြောကြားလိုက်ခြင်းဖြစ်သည်။ ဆေးသစ်များသည် ဘေးထွက်ဆိုးကျိုးနည်းပြီး ဗိုင်းရပ်ပိုးပြန့်ပွားမှုကိုလည်း ပိုမိုထိရောက်စွာလျှော့ချပေးနိုင်ကြောင်း၊ ဆေးကုသမှုစတင်ခံယူခဲ့သည့် အသက် ၂၀ နှစ်အရွယ်လူငယ်တစ်ဦးသည် အသက် ၇၀ ကျော်သည်ထိနေနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ အဆိုပါတွေ့ရှိမှုသည် HIV ပိုး ကူးစက်ခံရသူဦးရေ ၉၀၀၀၀ ကို သုတေသနပြုမှုမှရရှိလာသည့် အချက်အလက်များကို အခြေခံကာထုတ်ပြန်ထားခြင်းဖြစ်သည်။ဆရာဝန်များ၏ပြောကြားချက်အရ HIV ပိုးကူးစက်ခံရပါက စောစီးစွာဆေးကုသမှုခံယူခြင်းသည် အသက်ရှည်ပြီး ကျန်းမာပျော်ရွှင်သည့် လူ့ဘဝရရှိရန် အရေးပါဆုံးသော အချက်ပင်ဖြစ်ကြောင်း သိရပါသည်။

အချုပ်အားဖြင့်ဆိုရသော် ယနေ့ကမ္ဘာပေါ်တွင် HIV ပိုးကူးစက်ခံရသူများ၏ ထက်ဝက်ခန့်သည် လူငယ်များဖြစ်နေကြသည်။ လူငယ်ဆိုသည်မှာ အနာဂတ်အတွက် အင်အားဖြစ်သလို၊ အနာဂတ်၏ သမိုင်းကိုဖန်တီးသူများလည်းဖြစ်သည်။ အနာဂတ်လူငယ်နှင့် အနာဂတ်တိုင်းပြည်ကြီးသာယာလှပနေစေရန်အတွက် HIV ပိုးဆိုင်ရာ ကာကွယ်တားဆီးရေးလှုပ်ရှားမှုများကို အဓိကဦးစီးဦးဆောင်ရမှာလည်း လူငယ်များတာဝန်ပင် ဖြစ်ပါသည်။ ထို့ကြောင့် မိမိနှင့်တကွ မိမိပတ်ဝန်းကျင်တွင် HIV ပိုးကူးစက်ခံရခြင်း မရှိစေရန်အတွက် အသိ၊ သတိဖြင့် ဆင်ခြင်နေထိုင်တတ်ရန်လိုပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# ဝန်းသိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့်ပန်းနှမ်း ၁၅၀၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ဝန်းသို နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့်ပန်းနှမ်း ၁၅၀၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝန်းသိုမြို့နယ်တွင် ဆီမုန်ညင်းနှင့်ပန်းနှမ်းဧက ၂၁၇၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၅၀၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝန်းသိုမြို့နယ်မှာ ဆီမုန်ညင်းနဲ့ ပန်းနှမ်း ဧက ၂၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ဧက ၁၅၀၀ ကျော်လောက် စိုက်ပြီးနေပါပြီ။ ဆက်လက်လဲ စိုက်ပျိုးလျက်ရှိပါတယ်။ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပန်းနှမ်းနဲ့ဆီမုန်ညင်းကို နှစ်စဉ်စိုက်ပျိုးမှုတွေရှိကြပါတယ်။ ပန်းနှမ်းနဲ့ မုန်ညင်းကို ဆီအဖြစ်အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်"ဟုဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ယခုနှစ် ဝန်းသိုမြို့နယ်တွင် ဆီမုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ဆီမုန်ညင်း ဧက ၇၀ နှင့် ပန်းနှမ်း ၁၄၃၅ ဧက စုစုပေါင်း ၁၅၀၅ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ဆီမုန်ညင်း ဧက ၃၅၀ နှင့်ပန်းနှမ်း ၁၈၂၈ ဧက စုစုပေါင်း ၂၁၇၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

ဝန်းသိုမြို့နယ်တွင် ပန်းနှမ်းနှင့် ဆီမုန်ညင်း စိုက်ပျိုးမှုအနေဖြင့် နှစ်စဉ် ပုံမှန်စိုက်ပျိုးကြပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ပန်းနှမ်းနှင့် ဆီမုန်ညင်းစိုက်ပျိုးမှုကို ကသာနှင့် ကောလင်းတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း ဝန်းသိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ (၂၀၆)

# ရေနံချောင်းမြို့နယ် နှောကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ နှောကန်ကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက နှောကန်ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၅၉ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နှောကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၂၄၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၁၉၅၅၀၀၀၀ နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကိုငွေကျပ် ၁၄၅၀၀၀၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကိုရန်ပုံငွေကျပ်၄၅၉သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

ခရီးသွားဆောင်းပါး

# မုဒုံမြို့နယ်က ဝင်းစိန်တောရလျောင်းတော်မူဘုရား

သက်နိုင်(မြင်ဦးလွင်)

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းမှာရှိတဲ့ သာမညကိုရောက်ရှိ ညအိပ်ခဲ့ကြပြီး တောင်ပေါ်ကို တက်ရောက်ကြဖို့အတွက် မနက်စောစောကတည်းက အိပ်ရာထခဲ့ကြတယ်။ မျက်နှာသစ်၊ အဝတ်အစားလဲပြီး ချိန်မှာ ၅ နာရီကျော်ကျော် မှောင်ရိပ်သန်းနေဆဲဖြစ်လို့ သာမညလမ်းမကြီးတစ်လျှောက် အညောင်းပြေ လမ်းလျှောက်လာခဲ့ကြတယ်။ ဒီအချိန်တောင်ပေါ်ကို တက်သွားကြရင်လဲ ဘာကိုမှကြည့်ခွင့်၊ မြင်ခွင့်ရကြမှာမဟုတ်ပါဘူး။ သာမညမှာ အရင်လို မြဝတီသွား လမ်းမကြီးနဲ့ တောင်အဝင်လမ်းတစ်လမ်းသာ အဓိက လမ်းတွေအဖြစ် တည်ရှိနေပါသေးတယ်။ ဒါပေမဲ့ လမ်းတွေရော၊ နေအိမ်တိုက်တာအဆောက်အအုံတွေကပါ ခေတ်မီတိုးတက်နေကြပါပြီ။ မိမိတို့ခရီးဖော်အဖွဲ့ လမ်းလျှောက်လာခဲ့ကြတဲ့ တောင်အဝင်လမ်းက တိုပါတယ်။ မြဝတီသွားရာလမ်းဘေးမှာရှိတဲ့ သာမညအဝင် မုခ်ဦး ဆိုင်းဘုတ်ကနေ တောင်ခြေရောက်တဲ့ထိ မိနစ်အနည်းငယ်လောက်သာ လျှောက်လိုက်ကြရတယ်။

လမ်းလျှောက်ကြရင်း တောင်ခြေကိုရောက်လာကြတဲ့အခါ အလှူခံမဏ္ဍပ်တစ်နေရာကနေ အလှူရှင်တွေရဲ့အမည်စာရင်းနဲ့ ထည့်ဝင်ထားတဲ့အလှူငွေတွေ ကြေညာပေးနေတဲ့အသံကို ကြားနေရတယ်။ ကြေညာပေးနေသံရဲ့ထူးခြားချက်က ဦးဘယ်သူ၊ ဒေါ်ဘယ်ဝါ မိသားစုတို့က အလှူငွေ ၅၀၊ ၁၀၀၊ ၂၀၀ နဲ့ အများဆုံးအနေနဲ့ ငွေကျပ် ၃၀၀ဖြစ်နေတာပါ။ ဒီလိုအသံကို ကြားတော့ မိမိတို့ခရီးဖော်တွေအားလုံး အံ့သြသွားကြရသလို ဒီခေတ်၊ ဒီအခါ၊ ဒီအချိန် ဒီလောက်ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်တဲ့ သာမညမှာ ဒီလိုငွေကြေးအနည်းငယ်လောက်ကိုသာ ထည့်ဝင်လှူဒါန်းနေကြတာ ဖြစ်နိုင်ပါ့မလားဆိုပြီး သံသယစိတ်တွေ ဖြစ်ပေါ်လာကြရတော့တယ်။ အဖြစ်မှန်ကို သိလိုစိတ်တွေကြောင့် သေသေချာချာ မေးမြန်းစုံစမ်းကြည့်တဲ့အခါ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက သာမညမှာ နေထိုင်လှူဒါန်းခဲ့ကြတဲ့ အလှူရှင်စာရင်းတွေကို ပြန်လည်ဖော်ပြကြေညာပေးနေတာဖြစ်ကြောင်း သိလိုက်ရတယ်။ ဒီလိုအဖြစ်မှန်ကို သိလိုက်ရတဲ့အခါ အလွန်ကောင်းမွန်တဲ့လုပ်ရပ်ဖြစ်ကြောင်း ချီးမွမ်းကြရပြန်တယ်။ အလှူရှင်တွေက မိမိတို့လှူဒါန်းမှုတွေကို နေ့စဉ်နဲ့အမျှ အကြိမ်ကြိမ် ပြန်လည်ကြားနေကြရပြီး အကြိမ်ကြိမ်သာဓုခေါ်ဆိုနေကြရတာပါ။ တစ်ကြိမ်တစ်ခါလောက် ငွေအနည်းငယ် လှူဒါန်းခဲ့ကြသူတွေတောင် နေ့စဉ်လှူဒါန်းနေကြရသလို၊ အလှူငွေတွေလဲများပြားသွားသလို ခံစားထင်မှတ်သွားကြရမှာပါ။ ဒါကတော့ ကောင်းမွန်တဲ့ အတုယူရာတစ်ခုဖြစ်ပါတယ်။

လမ်းလျှောက်ပြီးတာနဲ့ တည်းခိုအိမ်ရဲ့မျက်စောင်းထိုးမှာရှိတဲ့ လက်ဖက်ရည်ဆိုင်မှာ မနက်စာစားသောက်ကြပြီး တောင်ပေါ်ကိုတက်ကြတယ်။ တောင်ပေါ်ကို နယ်ခံမိတ်ဆွေက သူ့ကားလေးနဲ့ လိုက်လံပို့ဆောင်ပေးလို့ ဒီတစ်ခေါက်တောင်တက်ခရီးစဉ်မှာ မိမိရဲ့ခွေးဘီလူးကားလေး သက်သာခွင့်ရရှိခဲ့တယ်။ လွန်ခဲ့တဲ့အနှစ် ၂၀ ကာလတုန်းကတော့ တောင်ထိပ်ပေါ်ထိ ခြေကျင်တက်ရောက်ခဲ့ကြရတာပါ။ တောင်ပေါ်ကိုရောက်တော့ မိုးစင်စင်လင်းနေပြီဖြစ်ပေမဲ့ ပတ်ဝန်းကျင်တစ်ခုလုံးမှာ မြူနှင်းတွေစစ်ဆိုင်းနေတယ်။ ဒါကြောင့် တောင်ထိပ်ပေါ်မှာရှိတဲ့ မြတ်စောညီနောင်စေတီတော်နှစ်ဆူကို နှင်းမှုန်တွေကြားကနေ ဖူးမြော်ခဲ့ကြရတယ်။ စေတီတော်နှစ်ဆူကိုဖူးပြီးတာနဲ့ သာမညဆရာတော်ကြီး မူလသီတင်းသုံးခဲ့တဲ့ ဝလုံးကျောင်းရှိရာကို သွားရောက်လေ့လာကြရတယ်။ ဆရာတော်ကြီးရဲ့ ဝလုံးကျောင်းက စေတီတော်နှစ်ဆူနဲ့ လှေကားထစ်အနည်းငယ်သာ အတက်အဆင်းပြုလုပ်ရတဲ့ နေရာတစ်ခုမှာပါ။ ဝလုံးကျောင်းကိုရောက်လာမှ မိမိတို့ရောက်ရှိနေတဲ့ တောင်အမည်က မြစိမ်းတောင်ဖြစ်ကြောင်းနဲ့ သာမညဆရာတော်ကြီးကိုအစွဲပြုပြီး သာမညတောင်လို့သာ အလွယ်တကူခေါ်ဆိုနေကြကြောင်း၊ ဆရာတော်ကြီးရဲ့ဘွဲ့ အမည်ကလဲ ဘဒ္ဒန္တ ဝိနယဖြစ်ကြောင်း၊ သာမညဒေသမှာသာနာပြုရင်း သီတင်းသုံးနေထိုင်ရာကနေ သာမည ဆရာတော်ဆိုပြီး နာမည်ကျော်ကြားလာကြောင်း၊ သာမညနဲ့ဆရာတော်ဆိုရင် သာမညက ရှေးကျပြီး နှစ်ပေါင်းရာချီ တည်ရှိနေခဲ့တာဖြစ်ကြောင်း သိရှိလိုက်ရတယ်။

ဝလုံးကျောင်းက သာမန်ကျောင်းငယ်လေးတစ်ကျောင်းသာဖြစ်ပြီး ဆရာတော်ကြီး ကျိန်းစက်ခဲ့တဲ့ ခုတင်၊ အိပ်ရာတွေ၊ အသုံးအဆောင်ပစ္စည်းတွေ ကျန်ရှိနေသေးတယ်။ ဒီနေ့အချိန်ထိ ထူးခြားချက် အနေနဲ့ ကျောင်းတွင်းဘုရားစင်ရှေ့မှာထိုးထားတဲ့ ကန်တော့ပွဲတွေရဲ့ အုန်းသီးတိုင်းမှာ ဝလုံးပုံသဏ္ဍာန်တွေဖြစ်ပေါ်နေတာကို လက်တွေ့မြင်ခဲ့ကြရတယ်။ ဒါက ဆရာတော်ကြီး သက်ရှိထင်ရှားရှိစဉ်အခါကတည်းကဖြစ်ခဲ့သလို ဝလုံးကျောင်းဆိုပြီး စတင်ဖြစ်ပေါ်လာခဲ့တယ်လို့ သိလိုက်ရတယ်။ ဝလုံးကျောင်းနဲ့ မလှမ်းမကမ်းမှာ သက်တမ်းရင့်သရင်ပင်ကြီးတစ်ပင်



ဝင်းစိန်တောရလျောင်းတော်မူဘုရားကို ဖူးတွေ့ရစဉ်။

ကြီးကြီးမားမား အုပ်အုပ်ဆိုင်းဆိုင်းနဲ့ တည်ရှိနေတယ်။ ပင်စည်အခြေအောက်တည့်တည့်မှာလဲ "မြစိမ်းတောင်၊ သာမညဆရာတော်ကြီး၊ ဦးဝိနယ၏အောင်မြေ"ဆိုပြီး ရေးထိုးထားတဲ့ ကျောက်ပြားတစ်ချပ်ကို သေသေသပ်သပ်ခံ့ခံ့ညားညား စိုက်ထူထားတာကို မြင်တွေ့နေရတယ်။ ကျောက်ပြားရဲ့ရှေ့တွေ၊ ဘေးတွေ၊ နောက်တွေမှာ ဆရာတော်ကြီးရဲ့ဓာတ်ပုံတွေ၊ ကန်တော့ပွဲတွေ၊ ပန်းအိုးတွေရှိနေကြတယ်။

သာမညမှာ နောက်ထပ်ထူးခြားချက်တစ်ခုကတော့ ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော် ပျောက်ဆုံးသွားတာပါ။ သာမညဆရာတော်ကြီး ပျံလွန်တော်မူအပြီး ကြွင်းကျန်ခဲ့တဲ့ရုပ်ကလာပ်တော်ကို ဂူဗိမာန်တစ်ခုဆောက်လုပ်ကာ ခမ်းခမ်းနားနား ပူဇော်ထားရှိခဲ့ပါတယ်။ ဒါပေမဲ့ များမကြာမီ အချိန်တစ်ခုမှာ ဆရာတော်ကြီးရဲ့ရုပ်ကလာပ်တော်ကို ဂူဖောက်ခိုးယူတာခံလိုက်ရတယ်။ အခုလက်ရှိအချိန်ထိတော့ ဂူဗိမာန်ကြီးလဲရှိနေသေးသလို ဖောက်ထွင်းခံထားရတဲ့ ပုံစံအတိုင်း မပြုမပြင်မပျက်မယွင်းဘဲ တည်ရှိနေပါသေးတယ်။ သာမညကိုလာရောက်ကြတဲ့ ဘုရားဖူးဧည့်သည်တွေ ဂူဖောက်ထားတဲ့မြင်ကွင်းကို ပကတိအခြေအနေအတိုင်း မြင်တွေ့နိုင်ကြပါတယ်။ ဒါတွေက မိမိတို့ခရီးဖော်အဖွဲ့ တောင်ပေါ်ကနေ ပြန်ဆင်းလာချိန်မှာ နယ်ခံမိတ်ဆွေက ဆရာတော်ကြီးရဲ့ ဂူဗိမာန်ရှိရာကို ဝင်ကြရအောင်ဆိုပြီး ခေါ်ဆောင်သွားခဲ့တယ်။ မှန်အကာအရံ၊ မှန်တံခါးတွေ၊ ဘုံအဆင့်ဆင့် အမိုးပြာသာဒ်တွေနဲ့ ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်ထားတဲ့ဂူဗိမာန်ထဲကိုလဲ ဝင်လိုက်ရော ပေါက်နေပြီဖြစ်တဲ့ဂူကြီးကိုမြင်တွေ့လိုက်ကြရတယ်။ ဂူအတွင်းမှာ ဘာမှမရှိတော့ပါဘူး။ ဒီတော့မှ နယ်ခံမိတ်ဆွေက အဖြစ်အပျက်အကြောင်းခြင်းရာတွေကို ပြောပြလို့ စုံစုံလင်လင် သိခွင့်ရခဲ့ကြတယ်။ ဒါပေမဲ့ ဆရာတော်ကြီး ပျံလွန်တော်မူစဉ်အခါက ပြင်ဆင်ထားရှိခဲ့တဲ့ ရုပ်ကလာပ်တော်ဓာတ်ပုံတွေကို ဗိမာန်အတွင်းမှာ ဖူးမြင်ခဲ့ကြရတယ်။ ဓာတ်ပုံကြီးတွေက ရုပ်ကလာပ်တော်အတိုင်းအတာ အမှန်အတိုင်း အတိအကျ ချဲ့ထွင်ပူဇော်ပေးထားတာပါ။ ဆရာတော်ကြီးရဲ့ရုပ်ကလာပ်တော် ဂူဖောက်ခံရပြီး ပျောက်ဆုံးသွားတဲ့ကိစ္စရပ်က အလွန်ထူးခြားလှပါတယ်။

သာမညတောင်လို့သာ သိရှိသူများပြားတဲ့ မြစိမ်းတောင်ပေါ်က မြတ်စောညီနောင်စေတီ၊ ဝလုံးကျောင်း၊ ဆရာတော်ကြီးရဲ့ဂူဗိမာန်တွေကို ဖူးမြော်လေ့လာကြည့်ရှုကြအပြီးမှာ တောင်အောက်ကို ပြန်ဆင်းလာခဲ့ကြတယ်။ အချိန်က မနက် ၇ နာရီကျော်၊ ၈ နာရီလောက်ရှိနေပြီဖြစ်တဲ့ သာမညမှာ စည်ကားနေပါပြီ။ သာမညမှာ ဈေးတွေ၊ ကျောင်းတွေ အစုံအလင်ရှိနေတာကြောင့် ပုံမှန်ထက် ပိုမိုစည်ကားနေတယ်။ ခရီးစဉ်အရ သာမညကနေ မော်လမြိုင်ကို ဆက်လက်သွားရောက်ကြပြီး မော်လမြိုင်ကတစ်ဆင့် ကျိုက္ကမီရေလယ်ဘုရား၊ စက်စဲပင်လယ်ကမ်းခြေ စတဲ့နေရာတွေကို သွားရောက်ကြမှာပါ။ ဒ့ါပြင် လမ်းတစ်လျှောက်မှာ ရှိနေတဲ့ အထင်ကရနေရာဒေသတွေကိုလဲ ဝင်ရောက်ကြအုံးမှာမို့ တောင်ပေါ်ကနေပြန်ဆင်းလာခဲ့ပြီး တည်းခိုမိတ်ဆွေအိမ်ရောက်တာနဲ့ အချိန်မဆိုင်းကြတော့ဘဲ နောက်ခရီးစဉ်ကို ဆက်ဖို့ပြင်ဆင်ကြရတယ်။ ပစ္စည်းတွေသိမ်း အထုပ်အပိုးတွေ ကားပေါ်တင်ပြီးတာနဲ့ မော်လမြိုင်မြို့ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

သာမညကနေ မော်လမြိုင်မြို့ကို သွားရောက်ဖို့အတွက် အိန္ဒူလမ်းဆုံကို ပြန်လည်မောင်းနှင်လာခဲ့ရတယ်။ အိန္ဒူလမ်းဆုံကလဲ အရင်လိုမဟုတ်တော့ဘဲ အပြောင်းအလဲကြီး ပြောင်းလဲကုန်ပါပြီ။ လွန်ခဲ့တဲ့အနှစ် ၂၀ ကျော်ကအတိုင်း မပြောင်းလဲဘဲ ကျန်ရှိနေတာဆိုလို့ လမ်းညွှန်ဆိုင်းဘုတ်အုတ်ခုံကြီးသာ ကျန်ရှိနေပါတော့တယ်။ ဒီလမ်းညွှန်ဆိုင်းဘုတ်အုတ်ခုံကြီးကို အရင်တုန်းကလဲ ဒီအတိုင်း၊ အခုလဲ ဒီအတိုင်း ပုံစံမပြောင်းဘဲ တွေ့မြင်နေရတယ်။ အိန္ဒူလမ်းဆုံကနေ ဘယ်ဘက်ကို ချိုးကွေ့မောင်းနှင်ရင် မော်လမြိုင်သွားတဲ့လမ်းပါ။ ညာဘက်လမ်းကနေ သွားမယ်ဆိုရင် ဘားအံမြို့ကို ရောက်ရှိသွားပါလိမ့်မယ်။ အိန္ဒူကနေ မော်လမြိုင်ထိ မိုင် ၃၀ ကျော် ဝေးကွာနေသေးပြီး လမ်းမှာ ဂျိုင်းမြစ် (ဇာသပြင်တံတား)နဲ့ အတ္တရံမြစ်ကူးတံတားတွေကို ဖြတ်သန်းမောင်းနှင်ရမယ်ဆိုတာကို သာမညက မိတ်ဆွေက ကြိုတင်ပြောပြထားတာကြောင့် သိရှိထားရတယ်။ ဒီလိုသိရှိထားတဲ့အတိုင်း ပထမ မြင်တွေ့ခဲ့ရတဲ့ ဂျိုင်းမြစ်ကူးကြီးတံတား၊ ဒုတိယတွေ့မြင်ရတဲ့ အတ္တရံမြစ်ကူးကြီးတံတားကြီးတွေကို တွေ့မြင်ဖြတ်သန်းပြီးမှ မော်လမြိုင်မြို့ကို ရောက်ရှိလာကြတယ်။

သတ်မှတ်စီစဉ်ထားတဲ့ခရီးစဉ်အတိုင်း မော်လမြိုင်မြို့ကနေ ကျိုက္ကမီရေလယ်ဘုရားနဲ့ စက်စဲပင်လယ်ကမ်းခြေကို သွားရောက်ကြမှာမို့ မြို့အဝင် အဝိုင်းရောက်တာနဲ့ ကျိုက္ကမီမြို့ရှိရာကို ချိုးကွေ့မောင်းနှင်လာခဲ့ကြတယ်။

ခရီးစဉ်တစ်လျှောက်မှာရှိတဲ့ တန်ခိုးကြီးဘုရားစေတီတွေ၊ အထင်ကရနေရာတွေကို ဝင်ရောက်ဖူးမြော်လေ့လာကြမယ်လို့ စဉ်းစားစီစဉ်ထားတဲ့အတိုင်း မော်လမြိုင်မြို့ကို ကျော်လွန်လာခဲ့ပြီး ၁၄ မိုင်အကွာရောက်တာနဲ့ မုဒုံမြို့နယ်က ဝင်းစိန်တောရလျောင်းတော်မူရုပ်ပွားတော်ကြီးရှိရာကို ဝင်ရောက်ကြတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်မပြည့်ခင်ကာလတစ်ခုတုန်းက ဝင်းစိန်တောရကိုရောက်ဖူးပြီး အဲဒီအချိန်တုန်းက လျောင်းတော်မူရုပ်ပွားတော်ကြီးကို အဝေးတစ်နေရာကနေ လှမ်းမျှော် မြင်တွေ့ဖူးမြော်နေရတယ်။ ဒါပေမဲ့ အခုရောက်ရှိလာတဲ့အခါ ရုပ်ပွားတော်ကြီးပတ်ဝန်းကျင်မှာရှိတဲ့ သစ်ပင်တောတန်းတွေက မြိုင်မြိုင်ဆိုင်ဆိုင်ပေါက်ရောက် ရှင်သန်ကြီးထွားလာကြတာကြောင့် ရုပ်ပွားတော်ကြီးကို ဖုံးကွယ်နေပြီး အနားရောက်မှ မြင်တွေ့ရတော့တယ်။

မော်လမြိုင်-မုဒုံ-သံဖြူဇရပ် ကားလမ်းဘေးမှာရှိနေတဲ့ ဝင်းစိန်တောရကျောင်းက ထူးခြားပါတယ်။ အဝင်ဝမုခ်ဦးမှာကတည်းက ကြီးမားရှည်လျားလှတဲ့ ဗျိုင်းဖြူကြီးနှစ်ကောင် တစ်ဖက်တစ်ချက်ခြံရံထားပြီး စေတီတော်တွေ၊ ဘုရားလောင်းဆံပယ်တောထွက်ခန်းတွေ၊ ဟင်္သာရုပ်တွေ၊ ဓားတွေ၊ လှံတွေ ကိုင်ဆောင်ထားတဲ့ စစ်သူကြီးရုပ်တွေ၊ ဝင်းစိန်ဆရာတော်ကြီးရဲ့ ပုံတော်တွေနဲ့အတူ မုခ်ဦးဝင်ပေါက်ကို ခမ်းခမ်းနားနား တွေ့မြင်နေရတယ်။ အရင်တစ်ခေါက်လာခဲ့တုန်းက အင်္ဂတေတွေနဲ့ ပြုလုပ်ထားတာလို့ ထင်ရတဲ့ ငွေဗျိုင်းဖြူကြီးနှစ်ကောင်က အခုအခါမှာ စတီးတွေနဲ့ပြုလုပ်ပြောင်းလဲထားတယ်။ နေရာတိုင်းမှာ စတီးခေတ်ဆိုပြီး ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာပေမဲ့ အခုတွေ့မြင်နေရတဲ့ စတီးဗျိုင်းဖြူကြီးနှစ်ကောင်ထက် အရင်က ငွေဗျိုင်းဖြူကြီးတွေက ပိုမိုလှပပီပြင်နေတာကို သတိထားလိုက်မိတယ်။

မုခ်ဦးကနေ ကားမောင်းဝင်လိုက်တာနဲ့ လမ်းရဲ့ဘယ်ဘက်မှာ များပြားလှတဲ့ရဟန္တာရုပ်ပွားတော်တွေကို အရှေ့ဆုံးမှာရှိနေတဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီးနဲ့အတူ တစ်စီတစ်တန်းတွေ့မြင်ဖူးမြော်နေရပါတယ်။ ဒ့ါပြင် လျောင်းတော်မူရုပ်ပွားတော်ကြီးကိုလဲ ထင်ထင်ရှားရှား တွေ့မြင်ကြရပြီဖြစ်ပါတယ်။ ဒါပေမဲ့ အရင်တစ်ခါလာခဲ့စဉ်တုန်းက ကားကြီးကားငယ်တွေ၊ ဆိုင်ကယ်တွေ၊ ဘုရားဖူးဧည့်သည်တွေအပြည့်နဲ့ စည်ကားနေတဲ့ ဝင်းစိန်တောရမှာ လူမရှိသလောက် ရှင်းလင်းနေပြီး တိတ်ဆိတ်ခြောက်ကပ်နေတယ်။ ကားရပ်နားကွင်းအနီးက ရေလှူလျှော်စီးကစားကွင်းကလဲ ပိတ်သိမ်းထားသလို ရေမရှိ၊ ဆော့ကစားသူမရှိဖြစ်နေတာကို တွေ့မြင်နေရတယ်။ အရင်တုန်းက တိုးမပေါက်နိုင်အောင် စည်စည်ကားကား ဖြစ်နေခဲ့တဲ့ နေရာတစ်ခုပါ။

ဝင်းစိန်တောရက မုဒုံမြို့နယ်အတွင်းမှာ ပါဝင်ပါတယ်။ ဘွဲ့တော်အမည်အပြည့်အစုံက ဝင်းစိန်တောရကမ္ဘာ့အကြီးဆုံး ဇိနသုခရန်အောင်ချမ်းသာ လျောင်းတော်မူမြတ်စွာဘုရားကြီးပါ။ ရုပ်ပွားတော်သမိုင်းအရ ၁၉၉၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက် ဝင်းစိန်တောရမွန်ဆရာတော်ကြီး အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကေသရရဲ့ သက်တော် ၇၀ ပြည့်မွေးနေ့မှာ စတင်အုတ်မြစ်ချတည်ဆောက်ခဲ့တယ်လို့ သိရတယ်။ အတောင် ၄၀၀ ပြည့် လျောင်းတော်မူရုပ်ပွားတော်ကြီးကို ဖူးမြော်ကြည်ညိုလေ့လာလိုက်ကြပါအုံးမယ်။

# ဥရောပအမှတ်ပေးပြိုင်ပွဲတွေထဲက အသင်းလိုက်ကစားအားကောင်းနေတဲ့ ဘန်လေအသင်း၊ လိုက်ပ်ဇစ်အသင်း၊ ဗလင်စီယာအသင်းတို့ကို ရွေးချယ်ရမှာပါ

M L



ဒီတစ်ပတ်စနေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေမှာ ခြေရည်တူ အသင်းတွေ့ဆုံမှုတွေသာများနေပြီး အသင်းကြီးတွေ့ဆုံမှုနည်းနေတာကို တွေ့ရမှာပါ။ အဲဒီထဲက ကြားရက်မှာ ဥရောပပြိုင်ပွဲကစားထားရတဲ့ အသင်းတွေအနေနဲ့ ဒဏ်ရာရ၊ ပွဲပန်းမှုတွေရှိနေမှာဖြစ်လို့ သတိထား ချဉ်းကပ်သွားရမှာဖြစ်ပါတယ်။ လာမဲ့စနေနေ့ည ကစားမဲ့ပွဲစဉ်တွေမှာတော့ ဒဏ်ရာရ၊ ပွဲပယ်ကစားသမားနည်းပါးပြီး အသင်းလိုက်ကစားအားကောင်း နေတဲ့အသင်းတွေကိုပဲ ရွေးချယ်သွားမှာဖြစ်ပါတယ်။

**ဘန်လေအသင်းကို အားပေးရမှာပါ**

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက် တွေ့မိတာကတော့ ဘန်လေအသင်းနဲ့ ရှက်ဖီး(ယူ)အသင်းတို့ပွဲစဉ်ပဲဖြစ်ပါ တယ်။ သူတို့နှစ်သင်းစလုံးဟာ အခုနှစ်မှ ပရီးမီးယားလိဂ်ကို တန်းတက် လာတဲ့အသင်းတွေဖြစ်ပြီး နှစ်သင်းစလုံးရလဒ်ကောင်းဖို့ ရုန်းကန်နေရတာ ကို တွေ့ရမှာပါ။ လက်ရှိ ဘန်လေအသင်းဟာ ရမှတ်လေးမှတ်နဲ့ အမှတ် ပေးဇယားအောက်ဆုံးနဲ့ ရှက်ဖီး(ယူ)ကတော့ ရမှတ်ငါးမှတ်နဲ့ အမှတ် ပေးဇယားအဆင့်(၁၈)မှာရပ်တည်နေတာဖြစ်ပါတယ်။ ဘန်လေအသင်း ဟာ အမှတ်ပေးပြိုင်ပွဲမှာ လူတန်တစ်သင်းတည်းကိုသာ အနိုင်ရခဲ့ပြီး ၁၁ ပွဲရှုံး၊ တစ်ပွဲသရေရလဒ်ကြောင့် အမှတ်ပေးဇယားအောက်ဆုံးကို ရောက် နေပေမဲ့ ကစားကွက်ပိုင်းကတော့ ကောင်းမွန်နေတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာ ကွန်ပနီအနေနဲ့ ဒီအချက်ကို ပြင်ဆင်လာမယ်ဆိုရင် ရှက်ဖီး (ယူ)လိုခြေရည်တူအသင်းကို နိုင်ပွဲရဖို့မခက်နိုင်ပါဘူး။ လက်ရှိ ကလပ် အသင်းနှစ်သင်းရဲ့ ကစားသမားစုဖွဲ့မှုနဲ့ ကစားပုံမှာလဲ ဘန်လေက အသာရနေသလို အိမ်ကွင်းအားသာချက်လဲရှိနေတာကြောင့် ဒီပွဲစဉ်ဟာ ဘန်လေ အတွက် တန်းဆင်းဇုန်ကလွတ်နိုင်ဖို့ အခွင့်အရေးကောင်းတစ်ခုလဲ ဖြစ်ပါတယ်။

ရှက်ဖီး(ယူ)အသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်ပိုင်းကျဆင်းနေပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်တွေမှာတော့ ဝုဗ်ကိုအနိုင်ကစားခဲ့ပြီး ဘရိုက် တန်ကို သရေကစားထားနိုင်တဲ့ ခြေစွမ်းပိုင်းကတော့ သတိထားရမှာဖြစ်ပါ တယ်။ သူတို့အသင်းဟာ ကစားသမားစုဖွဲ့မှုအားနည်းပေမဲ့ ရမှတ်ရှာဖွေဖို့ ကြိုးပမ်းနေတာကြောင့် ပွဲပြီးခါနီးချိန်တွေမှာ သွင်းဂိုးတွေ ရယူလေ့ရှိတဲ့ အသင်းလဲဖြစ်ပါတယ်။ လက်ရှိမှာလဲ အဓိကကစားသမား ခုနစ်ယောက်ထိ ဒဏ်ရာရနေတာကြောင့် ကစားအားကျဆင်းသွားနိုင်ပါတယ်။ သူတို့ အသင်းဟာ ခြေရည်တူအသင်းတွေနဲ့ဆို တိုက်စစ်ပိုင်းက ဂိုးသွင်းယူနိုင်လေ့ ရှိပေမဲ့ ကစားပုံထက်မြက်တဲ့ အသင်းတွေကိုတော့ ပေးဂိုးများနေတာကို သတိပြုရမှာပါ။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု ကိုးကြိမ်မှာတော့ သုံးပွဲ နိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ ဘန်လေအသင်း အိမ်ကွင်းမှာတော့ ရှက်ဖီး(ယူ)က တစ်ကြိမ်မှနိုင်ပွဲမရခဲ့ပါဘူး။ လက်ရှိ အကျောပေးထားမှုကလဲ ဘန်လေကသရေကျရင် အပြည့်ရှုံးနိုင်တဲ့ အခြေ အနေဖြစ်နေတာကြောင့် တိုက်စစ်ကစားပုံကောင်းနေတဲ့ ဘန်လေအသင်း ကိုပဲ အားပေးရမှာပါ။

**ဘန်လေအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၂ | - | ၁ | ဘန်လေ |
| အဲဗာတန် | ၃ | - | ၀ | ဘန်လေ |
| ဘန်လေ | ၀ | - | ၂ | ပဲလေ့စ် |
| အာဆင်နယ် | ၃ | - | ၁ | ဘန်လေ |
| ဘန်လေ | ၁ | - | ၂ | ဝက်စ်ဟမ်း |

**ရှက်ဖီး(ယူ)အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရှက်ဖီး(ယူ) | ၁ | - | ၂ | မန်ယူ |
| အာဆင်နယ် | ၅ | - | ၀ | ရှက်ဖီး(ယူ) |
| ရှက်ဖီး(ယူ) | ၂ | - | ၁ | ဝုဗ် |
| ဘရိုက်တန် | ၁ | - | ၁ | ရှက်ဖီး(ယူ) |
| ရှက်ဖီး(ယူ) | ၁ | - | ၃ | ဘုန်းမောက် |

**လိုက်ပ်ဇစ်အသင်း နိုင်ပွဲရှာရမှာပါ**

ဘွန်ဒက်လီဂါပွဲစဉ်(၁၃)မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ လိုက်ပ်ဇစ်အသင်းနဲ့ ဟော်ဒန်ဟိမ်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လိုက်ပ်ဇစ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်နဲ့ အမှတ် ပေးပွဲစဉ်မှာ ရှုံးနိမ့်ခဲ့တာကြောင့် ဖိအားအောက်က လွတ်မြောက်ဖို့ အခု ပွဲစဉ်ကို နိုင်ပွဲရှာရမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အမှတ်ပေး ပွဲစဉ်မှာ ဝုဖ်ဘတ်အသင်းကို ပွဲချိန်ပြည့်ဖိအားပေး တိုက်စစ်ဆင်နိုင်ခဲ့ ပေမဲ့ ဝုဖ်ဘတ်ဂိုးသမားရဲ့ အပိုင်အခွင့်အရေးတွေကို ကာကွယ်နိုင်မှုကြောင့် နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ ချန်ပီယံလိဂ်ပွဲစဉ်မှာတော့ မန်စီးတီးလိုအသင်းကို အဝေးကွင်းမှာ ကစားခဲ့ရပေမဲ့ တန်ပြန်တိုက်စစ် ကနေ ဦးဆောင်ဂိုးနှစ်ဂိုးရခဲ့ပြီး ဖိအားပေးကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဒုတိယပိုင်းမှာတော့ ကစားအားကျခဲ့တာကြောင့် ချေပဂိုးနဲ့ ဦးဆောင်ဂိုးပေးလိုက်ရပြီး သုံးဂိုးနှစ်ဂိုးနဲ့ ရှုံးခဲ့တာကိုတွေ့ရမှာပါ။ သူတို့ အသင်းမှာ အိုမိုလ်၊ တီမိုဝါနာတို့ ဒဏ်ရာရနေပေမဲ့ တိုက်စစ်ပိုင်းမှာ အိုပန်ဒါ၊ ပေါ်လူဆန်၊ ဆိုင်မွန်တို့အတွဲက ခြေစွမ်းပြနေပြီး အိုပန်ဒါက သွင်းဂိုးကိုးဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

အခုနှစ်မှ ဘွန်ဒက်လီဂါကို တန်းတက်လာတဲ့ ဟော်ဒန်ဟိမ်းအသင်းဟာ ၁၂ ပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၁ မှတ်ရရှိထားပြီး အဆင့်(၁၃)မှာရောက်ရှိနေတာဖြစ်ပါတယ်။ အဲဒီပွဲစဉ် တွေမှာ သူတို့အသင်းတိုက်စစ်ဟာ ၁၇ ဂိုးရခဲ့ပေမဲ့ ခံစစ်ပိုင်းက ပေးဂိုး ၃၄ ဂိုးထိရှိခဲ့တာကို တွေ့ရမှာပါ။ ဟော်ဒန်ဟိမ်းအသင်းဟာ အိမ်ကွင်းမှာသာ ရမှတ်စုဆောင်းနိုင်ခဲ့ပေမဲ့ အခုရာသီ အဝေးကွင်းပွဲစဉ်တွေမှာတော့ နိုင်ပွဲတစ်ပွဲမှ မရသေးတာကို သတိပြုရမှာပါ။ ဒါပေမဲ့ အဝေးကွင်းတိုက်စစ် ပိုင်းက လေဗာကူဆင်၊ ဂလာဘတ်၊ ဘိုင်ယန်မြူးနစ်အသင်းတို့လို အသင်းကြီးတွေကိုတော့ ဂိုးသွင်းယူနိုင်ခဲ့တာကို ချီးကျူးရမှာပါ။ သူတို့ အသင်းနည်းပြ ရှာမစ်ကတော့ အသင်းကြီးတွေနဲ့ဆို ခံစစ်အားပြုပြီး တန်ပြန်တိုက်စစ်နဲ့ကစားလေ့ရှိပေမဲ့ လိုက်ပ်ဇစ်လို တိုက်စစ်ထက်မြက်တဲ့ အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာမဟုတ်ဘဲ ဂိုးပေးရမှာဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တာက ၂၀၁၆ ခုနှစ်က လိဂ်-၂ ပြိုင်ပွဲ မှာဖြစ်ပြီး လိုက်ပ်ဇစ်က သုံးဂိုး တစ်ဂိုးနဲ့ ဂိုးပြတ်အနိုင်ရခဲ့တာကိုတွေ့ရမှာ ပါ။ အခုပွဲစဉ်မှာ အကျောပေးမှုကလဲ လိုက်ပ်ဇစ်ကနှစ်ဂိုးသွင်းမှ အနိုင် ရမဲ့အခြေအနေဖြစ်နေတာကြောင့် လိုက်ပ်ဇစ်အသင်းနိုင်ပွဲရှာရမှာပါ။

**လိုက်ပ်ဇစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မိန့်ဇ် | ၂ | - | ၀ | လိုက်ပ်ဇစ် |
| ဇီဗက်ဒါ | ၁ | - | ၂ | လိုက်ပ်ဇစ် |
| လိုက်ပ်ဇစ် | ၃ | - | ၁ | ဖရိုင်းဘတ် |
| ဝုဖ်ဘတ် | ၂ | - | ၁ | လိုက်ပ်ဇစ် |
| မန်စီးတီး | ၃ | - | ၂ | လိုက်ပ်ဇစ် |

**ဟော်ဒန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | ၂ | - | ၁ | ဟော်ဒန်ဟိမ်း |
| ဂလာဘတ် | ၃ | - | ၁ | ဟော်ဒန်ဟိမ်း |
| ဟော်ဒန်ဟိမ်း | ၂ | - | ၀ | စတုဂတ် |
| ဘိုင်ယန်မြူးနစ် | ၄ | - | ၂ | ဟော်ဒန်ဟိမ်း |
| ဟော်ဒန်ဟိမ်း | ၀ | - | ၀ | ဘိုချမ် |

**ဗလင်စီယာအသင်းနဲ့ လက်တွဲရမှာပါ**

လာလီဂါပွဲစဉ်(၁၅)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဂျီရိုနာနဲ့ ဗလင်စီယာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျီရိုနာအသင်းဟာ အခုပြိုင်ပွဲ မှာ ရီးရဲလ်မက်ဒရစ်ကို ရှုံးခဲ့တာကလွဲရင် ကျန်ပွဲစဉ်တွေကို ရှုံးနိမ့်ခဲ့ ခြင်းမရှိတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ ကစားသမား အပြောင်းအရွှေ့မှာ ဒိုဘူး၊ ဂါစီယာ၊ ဒါလေဘလိုင်း၊ ယန်ဂျယ်ဟာရဲရား တို့လို ကစားသမားတွေကိုသာ ခေါ်နိုင်ခဲ့ပေမဲ့ ဒီကစားသမားတွေဟာ ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် အသင်းအနေနဲ့ရလဒ်ကောင်းတွေ ပိုင်ဆိုင် ခဲ့တာကို တွေ့ရမှာပါ။ နည်းပြမစ်ချဲလ်ဟာ အသင်းမှာရှိတဲ့ ကစားသမား တွေရဲ့ စွမ်းဆောင်ရည်ကို အကောင်းဆုံးအသုံးချနိုင်ခဲ့တာကြောင့် ပြီးခဲ့တဲ့ အမှတ်ပေးပွဲ ၁၄ ပွဲလုံး ခြေစွမ်းပိုင်းကျဆင်းသွားခြင်းမရှိဘဲ ပြိုင်ဘက်မရွေး ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူး ဒိုဘူးဟာ ဂျီရိုနာရဲ့ တိုက် စစ်ကိုဦးဆောင်နေသူဖြစ်ပေမဲ့ ပြီးခဲ့တဲ့ပွဲစဉ်မှာ မပါနိုင်တာကြောင့် အသင်းအနေနဲ့ ဘီလ်ဘာအိုကို သရေသာကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ ဂျီရိုနာရဲ့တိုက်စစ်ကို ဒိုဘူး၊ ဆာဗီအို၊ စီဂန်ကိုဗ်တို့အတွဲက ဦးဆောင်နေပေမဲ့ ဒိုဘူးမပါနိုင်တဲ့ တိုက်စစ်မှာတော့ အားနည်းချက်တွေ ရှိလာတာကို သတိပြုရမှာပါ။

ဗလင်စီယာအသင်းဟာ ၁၄ ပွဲကစားအပြီးမှာ ငါးပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံးနဲ့ ရမှတ် ၁၉ မှတ်ရရှိခဲ့တာကြောင့် အဆင့်(၉)မှာရပ်တည်နေတာ ကို တွေ့ရမှာပါ။ သူတို့အသင်းရဲ့ ကစားသမားစုဖွဲ့မှုဟာ ဂျီရိုနာအသင်းကို ယှဉ်ကစားနိုင်ပေမဲ့ အသင်းလိုက်ကစားအားမှာတော့ယှဉ်နိုင်ဖို့ လိုအပ် ချက်ရှိနေဆဲဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ နောက်ဆုံးကစား ခဲ့တဲ့ ရီးရဲလ်မက်ဒရစ်အသင်းနဲ့ ဆဲလ်တာဗီဂိုအသင်းတို့ပွဲစဉ်မှာ ရမှတ် တစ်မှတ်သာရခဲ့တာကြောင့် ရမှတ် ၁၉ မှတ်သာရခဲ့ပြီး အခုပွဲကိုရှုံးနိမ့်ခဲ့ ရင်တော့ အဆင့်(၁၂)ထိကျဆင်းသွားနိုင်ပါတယ်။ အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့ ဂျီရိုနာလိုအသင်းနဲ့ တွေ့ဆုံနေပေမဲ့ ကစား ကွက်ပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းမှာ ယှဉ်ပြိုင်နိုင်စွမ်းရှိနေတဲ့ ဗလင် စီယာအနေနဲ့ အနည်းဆုံးသရေရလဒ်တော့ ကစားနိုင်ဖို့ပြင်ဆင်လာမှာပါ။ သူတို့နှစ်သင်းတွေ့ဆုံမှု ခြောက်ကြိမ်မှာလဲ ဗလင်စီယာက လေးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်နဲ့ အသာရခဲ့တာကြောင့် ရမှတ်ခွဲယူဖို့ကြိုးပမ်းလာမဲ့ ဗလင်စီယာအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ဂျီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | ၁ | - | ၀ | ဆဲလ်တာဗီဂို |
| လီဗီ | ၁ | - | ၂ | ဂျီရိုနာ |
| အိုဆာဆူနာ | ၂ | - | ၄ | ဂျီရိုနာ |
| ဗယ်လ်ကာနို | ၁ | - | ၂ | ဂျီရိုနာ |
| ဂျီရိုနာ | ၁ | - | ၁ | ဘီလ်ဘာအို |

**ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၂ | - | ၂ | ဗလင်စီယာ |
| လောရှိနက်စ် | ၀ | - | ၂ | ဗလင်စီယာ |
| ဗလင်စီယာ | ၁ | - | ၀ | ဂရန်နာဒါ |
| ရီးရဲလ်မက်ဒရစ် | ၅ | - | ၁ | ဗလင်စီယာ |
| ဗလင်စီယာ | ၀ | - | ၀ | ဆဲလ်တာဗီဂို |

# ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ဒီဇင်ဘာလတွင် ကုန်သေတ္တာတင်သင်္ဘော ၄၉ စီး ဝင်ရောက်ဆိုက်ကပ်နိုင်ရေးဆောင်ရွက်နေ



**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ကုန်သေတ္တာတင်သင်္ဘောလိုင်း ၁၅ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘော ၄၉ စီးဝင်ရောက်ဆိုက်ကပ်နိုင်ရေး ဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ နိုဝင်ဘာ ၂၉ ရက် ထုတ်ပြန်သတင်းများအရ သိရသည်။

ယခုအခါ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ ပိုမိုဆောင်ရွက်လာနေသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာကုန်သေတ္တာတင်သင်္ဘောများ လစဉ်ပုံမှန် ဝင်ရောက်ဆိုက်ကပ်လျက်ရှိကြောင်း၊ ထို့ပြင် ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များလည်း တိုးမြှင့်တင်သွင်းနိုင်ရန်အတွက် ကုန်သေတ္တာတင်သင်္ဘောလိုင်း အသီးသီးမှ ခရီးစဉ်များ တိုးချဲ့ပြေးဆွဲရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ထို့ပြင် လိုအပ်ချက်များအရ ကုန်သတ္တာတင် သင်္ဘောများကို ထပ်မံတိုးချဲ့ပြေးဆွဲပေးရမည့်အခြေအနေများရှိလာပါကလည်း ထပ်မံတိုးချဲ့ပြေးဆွဲမည့်စာရင်းကို ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ သိရှိနိုင်စေရန် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အချိန်နှင့် တစ်ပြေးညီ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခု ဒီဇင်ဘာလအတွင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာကုန်သေတ္တာတင်သင်္ဘောလိုင်းများဖြစ်သည့် COSCO SHIPPING LINE သင်္ဘောလိုင်းမှသင်္ဘောခြောက်စီး၊ SAMUDERA-SHIPPINGLINE သင်္ဘောလိုင်းမှ သင်္ဘောခြောက်စီး၊ M.S. CL-INE သင်္ဘောလိုင်းမှ ငါးစီး၊ SEA-LANDMAERSKASIA သင်္ဘောလိုင်းမှ ငါးစီး၊ SITC SHIPPING LINE သင်္ဘောလိုင်းမှလေးစီး၊ CMA-CGM သင်္ဘောလိုင်းမှ သုံးစီး၊ EVE-RGREENLINE သင်္ဘောလိုင်းမှ သုံးစီး၊ P.I.Lသင်္ဘောလိုင်းမှ သုံးစီး၊ ONELINE သင်္ဘောလိုင်းမှ သုံးစီး၊ R.C.L LINE သင်္ဘောလိုင်းမှ သုံးစီး၊ BLPLLINE သင်္ဘောလိုင်းမှ နှစ်စီး၊ INTER ASIA LINE သင်္ဘောလိုင်းမှ နှစ်စီး၊ LANDANDSEA သင်္ဘောလိုင်းမှ နှစ်စီး၊ BAY LINE သင်္ဘောလိုင်းမှတစ်စီးနှင့် Ti2 CONTAINER LINE သင်္ဘောလိုင်းမှတစ်စီး စုစုပေါင်း သင်္ဘော ၄၉ စီး ဝင်ရောက်ဆိုက်ကပ်နိုင်ရေး ဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

(၃၃၆)

# လောင်းလုံမြို့နယ် ပြင်းထိန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လောင်းလုံ နိုဝင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ပြင်းထိန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လောင်းလုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီရိဝင်း၊ ဦးစီးအရာရှိ ဒေါ်ပြည့်ပြည့်မိုးနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ပြင်းထိန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သီရိဝင်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ပြင်းထိန်ကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အရှည်ပေ ၅၀၀၀ ရေပိုက်သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရေရရှိရေးလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ပြင်းထိန်ကျေးရွာရှိ ကျေးလက်နေပြည်သူများနှင့် ကျွဲနွားတိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း လောင်းလုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီရိဝင်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ






**Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**



ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

**အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။**

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် **Customs Duty** များပေးဆောင်ရာတွင် **MMM Service** အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇



မြင့်စေတနာ ဆေးဆိုင်

**ခရုသင်း (သမင်ဖြူ)**

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။


## အမည်ပြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)၊ ယ-၅ နေ (ဘ) ဦးထွန်းအောင်ကျော် (၉/ခအဇ(နိုင်)၀၁၇၄၂၈)၏သမီး မမေသွန်းစံ အား မခိုင်မြကေရီ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မခိုင်မြကေရီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အကွက် (၅၈၆)နေ (ဘ) ဦးမင်းသူအောင် (၉/ခအဇ(နိုင်)၀၃၃၅၆၅)၏သား မောင်ဥက္ကာမင်းသူ နှင့် မောင်မင်းသူရမောင် (၉/ခအဇ(နိုင်)၀၇၀၃၈၀) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဥက္ကာမင်းသူ (ခ) မောင်မင်းသူရမောင် (၉/ခအဇ(နိုင်)၀၇၀၃၈၀)**

**သင့်ဒေသ့ဖြင့် အသက်ကယ်ပါ**

## မြေကွက်အမြန်ရောင်းမည် (ပိုင်ရှင်ကိုယ်တိုင်)

- အမြန်လမ်း မိုင်တိုင် (၃၂၅/၅) မှ အတွင်းသို့ တစ်မိုင်ခန့်ဝင်ရ။
- မျက်နှာပွင့် ပေ (၁၀၀၀) ရှိ (၄၂) ဧက။
- ပုံစံ(၇)ပေါက်ပြီး။
- မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ပြင်စည်ကျေးရွာ၊ မြင်းခြံ-မြစ်သားလမ်းမပေါ်။
- ဆက်သွယ်ရန်/ ၀၉-၇၅၈၆၄၈၀၅၂
  ၀၉-၇၆၅၂၆၀၄၇၀

## ဖခင်အမည်မှန်

အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း၊ Grade-7(A) တွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ် (ခ/၃၂၆၆) မောင်ရှင်းသန့်အောင် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ဇော်မြင့် ဖြစ်ပါကြောင်း။ **ဦးအောင်ဇော်မြင့်(၇/ပတန(နိုင်)၀၈၈၆၃၃)**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၆၁၉ (ရုံးချိန်အတွင်း)

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စာအုပ်စာပေများထဲက လူသားတို့အတွက် မှန်ကန်သည့် အသိဉာဏ်ရင့်သန်မှုကို ပေးနိုင်စွမ်းရှိ၍ မောင်တို့မယ်တို့အနေဖြင့် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်ရန်လိုအပ်...

❖ ငယ်စဉ်ဘဝထဲက စာကောင်းပေမွန်များ ဖတ်ရှုခြင်းအားဖြင့် မှန်ကန်သည့် အသိအမြင်၊ အတွေးအခေါ်နှင့် ဉာဏ်ပညာများ ကိန်းအောင်းနိုင်စေရန် အခြေခံစိတ်ဓာတ်ကောင်းများလည်း ရရှိစေမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၁၉ ရက်တွင် ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၃)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် (အငယ်တန်းအဆင့်) (၁/၂၀၂၃)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊NUG၊PDF အကြမ်းဖက်သမားများကို အားပေးမှုထောက်ခံမှုကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




## ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူးပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘန္ဓေါခွန်စံလွင်၊ဦးရွှေကြိမ်၊ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနည်းပြများ၊အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး

**စာမျက်နှာ ၂၀ ကော်လံ ၄ ☆**

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257